မြဝတီ နေ့စဉ်

အမှားအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား

နေ့ရောညဉ့်ပါ အခါခပ်သိမ်း
မေတ္တာတရား ပွားများခြင်းဌာန်
မွေ့လျော်သောစိတ် ရှိကုန်သော
မြတ်စွာဘုရား၏ တပည့်တို့သည်
အခါခပ်သိမ်းတရားမှန်ကို သိကုန်
၏။ ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com
■ အတွဲ(၁၆)၊ အမှတ်(၁၃၇)
■ ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၂ ရက်၊ ဗုဒ္ဓဟူးနေ့

ဒုတိယသမ္မတ ဦးညီစော ရုရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ရုရှားသမ္မတ၏အကြံပေးနှင့် ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူးနှင့် ရော့စ်ကွန်ဂရက်စ် ငွေကြေးရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူးတို့အား သီးခြားစီလက်ခံတွေ့ဆုံ



ဗလာဒီဗော့စတော့ စက်တင်ဘာ ၁

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့တွင် ကျင်းပမည့် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ဗလာဒီဗော့စတော့မြို့၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးညီစောသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်မစ္စတာ ယူရီပက် ထရိုဗစ်ချ်ထရုညက်ဖ်နှင့် စက်တင်ဘာလ ၁ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ဗလာဒီဗော့စတော့မြို့၌ တွေ့ဆုံပြီး မြန်မာ-ရုရှားနှစ်နိုင်ငံဆက်ဆံရေး၊ ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်တည်ဆောက်ရေး၊ စွမ်းအင်၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ခရီးသွားကဏ္ဍတိုးမြှင့်အကောင်အထည်ဖော်ဆောင်ရေးနှင့်

စာမျက်နှာ ၁၃ ကော်လံ ၃ ⇨

အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၁

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိသပြည်နယ်မြောက်ပိုင်းကမ်းခြေတို့တွင်ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာလ ၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊

စာမျက်နှာ ၁၃ ကော်လံ ၅ ❐

ရန်ကုန်-တိုးကြောင်ကလေး-ဒဂုံတက္ကသိုလ် ရထားခရီးစဉ် ဘက်ထရီရထားစက်ခေါင်း (BEL) ဖြင့် စတင်ပြေးဆွဲ



နေပြည်တော် စက်တင်ဘာ ၁

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်-တိုးကြောင်ကလေး-ဒဂုံတက္ကသိုလ် ရထားခရီးစဉ်ကို ဘက်ထရီရထားစက်ခေါင်းဖြင့် ယနေ့မှစတင်ကာ ပြေးဆွဲလျက်ရှိသည်။

ရထားခရီးစဉ်တွင် လမ်းကြောင်းတစ်လျှောက်ရှိ

စာမျက်နှာ ၁၀ ကော်လံ ၁◆

စက်တင်ဘာလအတွင်း အားကောင်းရာမှ အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ရောက်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၁

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကိုအခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့်လေထုဖြစ်စဉ်များမှာ စက်တင်ဘာလအတွင်း အားကောင်းရာမှ အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ရောက်ရှိနိုင်ပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ရောက်ရှိနိုင်သည်ဟုခန့်မှန်းရပါသည်။

စာမျက်နှာ ၁၃ ကော်လံ ၅ ➥

မြဝတီ ယနေ့ဇော်စရာ

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်း စာ - ၃ သို့

တနင်္သာရီမြစ်ရေ အန္တရာယ်ရေမှတ်ထက်ကျော်လွန်၍ ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိ စာ - ၁၈ သို့

အောက်ပေါင်းလောင်းရေလှောင်တမံရှိဒေသများ ဘေးကင်းလုံခြုံမှုနှင့် ရေကြီးရေလျှံမှုစိုးရိမ်ဖွယ်မရှိ

ရေသိုလှောင်ပမာဏများပြားသောတမံများ၏ အခြေအနေအား သက်ဆိုင်ရာက အချိန်နှင့်တစ်ပြေးညီ အသိပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁

အောက်ပေါင်းလောင်းရေလှောင်တမံသည် လက်ရှိတွင် ဟိုက်ဒရောလစ်ရေမြှင့်ရေတံခါး Hydraulic Elevator Dam (HED) ၁၀ ရွက်ဖွင့်ထားပြီး စီးဝင်ရေနှင့်သိုလှောင်ရေကို ဟန်ချက်ညီထိန်းသိမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ပေါင်းလောင်းရေလွှဲဆည် (အဝေရာရေလွှဲဆည်)မှတစ်ဆင့် ရေလမ်းကြောင်းထိန်းညှိဆောင်ရွက်နေခြင်းကြောင့် ရေဝေရေလဲဒေသနှင့် စစ်တောင်းမြစ်တစ်လျှောက်တွင် ထူးကဲသည့်မိုးသည်းထန်စွာရွာသွန်းမှုမရှိပါက ရေကြီးရေလျှံမှုဖြစ်ပေါ်ရန်မရှိကြောင်း သိရသည်။

ထို့ပြင် ရေလှောင်တမံသည် မူလကန်ရေပြည့်ရေလှောင်ပမာဏ ၅ ဒသမ ၄၉ သိန်း ဧကပေရှိပြီး ရေပိုလွှဲတွင်ဟိုက်ဒရောလစ်ရေမြှင့်ရေတံခါး Hydraulic Elevator Dam

စာမျက်နှာ ၁၁ ကော်လံ ၁ ⇛

အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၂ ရက်

နိုင်ငံ့ဂုဏ်ကိုပညာဖြင့်မြှင့်တင်နိုင်ရေး ပါဝင်ကြိုးပမ်း

ပညာရေးသည် လူတစ်ဦးချင်းစီ၏အခြေခံလူ့အခွင့်အရေးတစ်ရပ်ဖြစ်သည့်အပြင် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို အခြေခံပံ့ပိုးပေးသော အရေးကြီးသည့်မဏ္ဍိုင်လည်းဖြစ်သည်။ ကျောင်းများကိုဖွင့်လှစ်ပေးထားခြင်းမှာ အနာဂတ်နိုင်ငံတော်၏တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်မည့် လူတော်လူကောင်းများမွေးထုတ်ပေးနိုင်ရန် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဖြစ်သည်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးနှင့် အခမဲ့ပညာသင်ကြားနိုင်ရေးကို နိုင်ငံတော်က အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ အထူးကြိုးစား၍ အများထက်တော်ကာ ထူးချွန်သောကျောင်းသား၊ ကျောင်းသူများကိုလည်း နိုင်ငံတော်သမ္မတကိုယ်တိုင် ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်လျက်ရှိသည်။

ကြိုးစားမှုရှိသူတို့အတွက် အလွန်ပင်ဝမ်းသာဖွယ်ကောင်းသည့် သတင်းမှာ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများတွင် တစ်နိုင်ငံလုံးအမှတ်အများဆုံးရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူ ၃၀၇ ဦးကို ရွှေစင်(၁)ကျပ်သား ဒင်္ဂါးပြားများနှင့် ထိုက်ထိုက်တန်တန်ဂုဏ်ပြုဆုချီးမြှင့်ပေးခြင်းဖြစ်သည်။ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၏ ကြိုးပမ်းအားထုတ်မှုနှင့်အောင်မြင်မှုများကို မှတ်ကျောက်တင်ဂုဏ်ပြုပေးခြင်းဖြစ်သည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အခြေခံပညာကျောင်းများမှ ကျောင်းသားများအပြင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများမှ ကျောင်းသားများလည်း ဝင်ရောက်ဖြေဆိုခဲ့ကြသည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ရာခိုင်နှုန်းသည် ၅၂ ဒသမ ၃၇ ရာခိုင်နှုန်းဖြစ်သဖြင့် ယခင်နှစ်များထက် အောင်ချက်ရာခိုင်နှုန်းတိုးတက်လာသည်။ ထို့ပြင် ယခုနှစ်တွင်စတင်ကျင်းပသည့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ရာခိုင်နှုန်းမှာလည်း ၄၉ ဒသမ ၇ ရာခိုင်နှုန်းရရှိခဲ့ခြင်းဖြစ်သဖြင့် နိုင်ငံ့ပညာရေးအတွက် အားရဂုဏ်ယူစရာပင်ဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရရှိသူ ၆၇၄ ဦး၊ တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသူ ၃၂ ဦးနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင်လည်း ဘာသာစုံဂုဏ်ထူးရရှိသူ ၃ ဦး၊ တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသူ ၅၀ ဦး ထင်ရှားစွာ ပေါ်ထွက်ခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်သည်ဩဂုတ်လ ၃၁ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားဌာန အမှာစကားပြောကြားစဉ် **"ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို အလေးအနက်ထား မှာကြားလိုသည်မှာ မိမိတို့နိုင်ငံ၏ ရေမြေတောတောင်သဘာဝပထဝီဝင်နှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ သမိုင်းကြောင်းနှင့် လက်ရှိအခြေအနေများကို သေသေချာချာသိရှိအောင်လေ့လာစေလိုကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွံ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကိုသိရှိလိုက်နာပြီး မှန်ကန်သည့်လုပ်ရပ်များနှင့် နိုင်ငံကို အကျိုးပြုနိုင်အောင် ကြိုးစားကြစေလိုကြောင်း၊ အချင်းချင်း အပြန်အလှန်လေးစားမှုရှိပြီး မတူကွဲပြားမှုများကို အမျိုးသားရေးစွမ်းအားအဖြစ်ရှုမြင်သုံးသပ်နိုင်သည့်စိတ်ထားရှိအောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံကို ဦးဆောင်ကြမည့်သူများဖြစ်သဖြင့် ပြောဆိုလုပ်ကိုင်မှုမှန်သမျှတွင် သေသေချာချာစဉ်းစားသုံးသပ်ပြီး နိုင်ငံ့အကျိုးစီးပွားအတွက် အကျိုးဖြစ်ထွန်းစေမည့်အရာများကို ဖော်ဆောင်ကြရန်နှင့် ထိခိုက်စေမည့်အရာများကို ရှောင်ကြဉ်ကြရန်"** ထည့်သွင်းပြောကြားခဲ့သည်။

ကျောင်းသား၊ ကျောင်းသူတိုင်းက ပညာကိုတတ်မြောက်အောင်သင်ယူကြရမည်ဖြစ်သည်။ ပညာသည် မိမိတို့၏ဘဝကိုအဆုံးအဖြတ်ပေးမည့်အရာဖြစ်သည်။ ပညာတတ်မြောက်မှုအပေါ်မူတည်၍ မိမိတို့ဘဝများလည်း ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ပေရာ **နိုင်ငံ့ဂုဏ်ကိုပညာဖြင့်မြှင့်တင်နိုင်ရေး** ပိုမိုကြိုးစားဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ - ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် -

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော် ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

သဇင် (FM) အသံလွှင့်အစီအစဉ်

၂-၉-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ဝ၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၃၀ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့ (အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) - ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) - ဦးရဲစိုးအောင်

Online Newspaper

နေပြည်တော်
စာတည်းအဖွဲ့၊ ဖြန့်ချိရေး/ကြော်ငြာ ဝ၃၁-၇၃၉၉၈၊ ဖက်စ် ဝ၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဇွတ်သီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့၊ ကြော်ငြာ ဝ၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ဝ၁၈-၄၀၀၆၉၇၊ ဝ၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ (ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၃၊ ၀၃၄-၇၃၆၀၁ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်း

ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်း
(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ————)
၁၃၈၈ ခုနှစ်၊ လ ရက်
(၂၀၂၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ** ဆိုသည်မှာ အသေးစားစီးပွားရေးလုပ်ငန်း၊ အငယ်စားစီးပွားရေးလုပ်ငန်းနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဆိုသည်။

(ခ) **စီးပွားရေးလုပ်ငန်း** ဆိုသည်မှာ အမြတ်အစွန်းရရှိရန်အလို့ငှာ လုပ်ကိုင်ဆောင်ရွက်သည့် နိုင်ငံသားပိုင်ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှု သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းကို ဆိုသည်။

(ဂ) **အသေးစားစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ အမြဲတမ်းလုပ်သားဦးရေ ၁၀ ဦးထက်မပိုသော သို့မဟုတ် နှစ်တစ်နှစ် ရောင်းရငွေ ကျပ်သန်း ၁၀၀ ထက်မပိုသော စီးပွားရေးလုပ်ငန်းကို ဆိုသည်။

(ဃ) **အငယ်စားစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ အမြဲတမ်းလုပ်သားဦးရေ အနည်းဆုံး ၁၁ ဦးမှ ၅၀ ဦးထက်မပိုသော သို့မဟုတ် နှစ်တစ်နှစ် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ကျပ်သန်း ၁၀၀ အထက်မှ ကျပ်သန်း ၅၀၀ ထက်မပိုသော စီးပွားရေးလုပ်ငန်းကို ဆိုသည်။

(င) **အလတ်စားစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ အမြဲတမ်းလုပ်သားဦးရေ အနည်းဆုံး ၅၀ ဦး အထက်မှ ၃၀၀ ဦးထက်မပိုသော သို့မဟုတ် နှစ်တစ်နှစ် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ကျပ်သန်း ၅၀၀ အထက်မှ ကျပ်သန်း ၁,၀၀၀ ထက် မပိုသော စီးပွားရေးလုပ်ငန်းကို ဆိုသည်။

(စ) **စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ** ဆိုသည်မှာ အသေးစားစီးပွားရေးလုပ်ငန်း သို့မဟုတ် အငယ်စားစီးပွားရေးလုပ်ငန်း သို့မဟုတ် အလတ်စားစီးပွားရေးလုပ်ငန်းတစ်မျိုးမျိုးကို ဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ လုပ်ကိုင်သည့် နိုင်ငံသားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းကို ဆိုသည်။

(ဆ) **စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူက တည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းထားသော အကျိုးအမြတ်မယူသည့်အသင်းအဖွဲ့ကို လည်းကောင်း၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသောအဖွဲ့အစည်း၊ တစ်ဆင့်ခံအဖွဲ့အစည်း သို့မဟုတ် အဖွဲ့ခွဲတစ်ခုခုကိုလည်းကောင်း ဆိုသည်။

(ဇ) **ဗဟိုကော်မတီ** ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ဆိုသည်။

(ဈ) **လုပ်ငန်းကော်မတီ** ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီကို ဆိုသည်။

(ည) **အေဂျင်စီ** ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီကို ဆိုသည်။

(ဋ) **ဒေသဆိုင်ရာအေဂျင်စီ** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ဤဥပဒေအရ ဖွဲ့စည်းထားသော ဒေသဆိုင်ရာအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီကို ဆိုသည်။

(ဌ) **တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ဤဥပဒေပါလုပ်ငန်းတာဝန်များကိုဆောင်ရွက်ရန် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းက ဖွဲ့စည်းတာဝန်ပေးအပ်သည့်အဖွဲ့ကို ဆိုသည်။

(ဍ) **ရန်ပုံငွေ** ဆိုသည်မှာ ဤဥပဒေအရ ထူထောင်ထားသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို ဆိုသည်။

(ဎ) **ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့** ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို စီမံခန့်ခွဲသည့်အဖွဲ့ကို ဆိုသည်။

(ဏ) **ဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ဝန်ကြီးဌာနကို ဆိုသည်။

(တ) **သက်ဆိုင်ရာဝန်ကြီးဌာနများ** ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရာတွင် ဆက်စပ်ပါဝင်သောဝန်ကြီးဌာနများကို ဆိုသည်။

(ထ) **ဦးစီးဌာန** ဆိုသည်မှာ ဝန်ကြီးဌာနက ဤဥပဒေပါလုပ်ငန်းတာဝန်များကိုဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် သီးခြားဖွဲ့စည်းထားသော ဦးစီးဌာနကို ဆိုသည်။

(ဒ) **ဘဏ်** ဆိုသည်မှာ မြန်မာနိုင်ငံတွင် ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်းဖြစ်စေ၊ ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းဖြစ်စေ ဆောင်ရွက်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးထားသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။ ယင်းစကားရပ်တွင် လိုင်စင်ရရှိထားသော နိုင်ငံခြားဘဏ်လည်း ပါဝင်သည်။

(ဓ) **စွန့်ဦးတီထွင်မှု** ဆိုသည်မှာ စျေးကွက်ဝင်ရောက်ထိုးဖောက်နိုင်ပြီး ပိုမိုအသုံးဝင်သော နည်းပညာ၊ ထုတ်ကုန်ပစ္စည်းများ၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုများကို ဆန်းသစ်တီထွင်ဖန်တီးနိုင်မှုကို ဆိုသည်။

(န) **မှတ်ပုံတင်ခွင့်ပြုခြင်း** ဆိုသည်မှာ ဤဥပဒေပါ အခွင့်အရေးများကိုရရှိခံစားနိုင်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ အေဂျင်စီက မှတ်ပုံတင်ခွင့်ပြုခြင်းကို ဆိုသည်။

(ပ) **ချေးငွေဆိုင်ရာသတင်းအချက်အလက်ဌာန** ဆိုသည်မှာ ချေးငွေဆိုင်ရာသတင်းအချက်အလက်များ သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ ငွေချေးခွင့်ရထိုက်မှုကို အကဲဖြတ်သုံးသပ်ရေးဆိုင်ရာသတင်းအချက်အလက်များစုစည်းနိုင်ရန်နှင့် စုစည်းရရှိသည့် သတင်းအချက်အလက်များကို ငွေရေးကြေးရေးအဖွဲ့အစည်းများသို့အသိပေးနိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် တည်ထောင်ထားသောဌာနကို ဆိုသည်။

(ဖ) **အစပျိုးစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းစတင်တည်ထောင်သည့်နေ့မှ သက်တမ်း ခုနစ်နှစ်အတွင်း ရှိသော နည်းပညာကိုအခြေပြုသည့် သို့မဟုတ် ဆန်းသစ်တီထွင်ဖန်တီးမှုကိုအခြေပြုသည့် စီးပွားရေးလုပ်ငန်းများကို ဆိုသည်။

(ဗ) **အွန်လိုင်းကုန်သွယ်မှုစနစ်** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းများ၏ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုကို ရယူဆောင်ရွက်လိုသည့် စားသုံးသူများထံသို့ အင်တာနက်ကွန်ရက်၊ ဒီဂျစ်တယ်၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအသုံးပြု၍ ချိတ်ဆက်ရောင်းဝယ်မှုပြုခြင်းကို ဆိုသည်။

(ဘ) **အများနှင့်အကျုံးဝင်သောစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ အများပြည်သူအတွက် အသက်မွေးဝမ်းကျောင်းမှုအခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးနိုင်သည့် ကုန်ထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုပေးခြင်း စသည့် စီးပွားရေးလုပ်ငန်းတစ်မျိုးမျိုးကို ဆိုသည်။

အခန်း (၂)
ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ နည်းပညာအထောက်အကူများ၊ ငွေကြေးပံ့ပိုးမှုများနှင့် အလုပ်အကိုင်ကျွမ်းကျင်မှုများ လွယ်ကူစွာရရှိနိုင်စေရန်၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများသည် နိုင်ငံတကာစံချိန်စံညွှန်းကိုက်ညီ၍ အရည်အသွေးပြည့်မီပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်မြင့်မားတိုးတက်စေရန်၊

(ဂ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းသစ်များနှင့်အတူ ဝင်ငွေတိုးတက်ရရှိလာစေရန်၊

(ဃ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းဆိုင်ရာအခက်အခဲများနှင့် အဟန့်အတားများကို လျော့နည်းစေရန်၊

(င) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဒီဂျစ်တယ်အသုံးပြုမှု၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအသုံးပြုမှုနှင့် အွန်လိုင်းကုန်သွယ်မှုစနစ်တို့ ဖွံ့ဖြိုးတိုးတက်လာစေရေး ပံ့ပိုးကူညီရန်၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးအတွက် လိုအပ်သောအထောက်အပံ့များ၊ အစီအစဉ်များဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဆောင်ရွက်နိုင်ရန်။

အခန်း (၃)
အခြေခံမူများ

၄။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း၊ စီးပွားရေးလုပ်ငန်း၏အခက်အခဲများကိုလျော့နည်းစေရန် လည်းကောင်း လိုအပ်သည့် အကြံဉာဏ်ပေးခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးခြင်း၊ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် စီမံခန့်ခွဲရေးဆိုင်ရာမူဝါဒများ ချမှတ်ခြင်း၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များတွင်ပါ နိုင်ငံတကာစံချိန်စံညွှန်းကိုက်ညီ၍ အရည်အသွေးပြည့်မီသော ထုတ်ကုန်များ၊ ဝန်ဆောင်မှုများဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်မြင့်မားရေးဆောင်ရွက်ခြင်း၊

(ဂ) မှတ်ပုံမတင်ရသေးသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ခြင်း၊

(ဃ) အသစ်စတည်မည့် သို့မဟုတ် လက်ရှိဆောင်ရွက်လျက်ရှိသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သတင်းအချက်အလက်၊ နည်းပညာနှင့် ငွေကြေးအရင်းအနှီးရရှိစေရန် အထောက်အကူပေးခြင်း၊

(င) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဝန်းကျင်တို့အား ဆိုးကျိုးသက်ရောက်မှုအနည်းဆုံးဖြင့် သယံဇာတအရင်းအမြစ်များ စဉ်ဆက်မပြတ်တိုးတက်ရရှိစေရေး စီမံဆောင်ရွက်စေခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဆန်းသစ်တီထွင်သည့် ကုန်စည်များထုတ်လုပ်ရေးနှင့် ဝန်ဆောင်မှုများတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုစွမ်းရည်တိုးတက်ရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် ဖြန့်ဝေမှုတို့တွင် ခေတ်မီနည်းပညာနှင့် အထောက်အကူပြုပစ္စည်းများကို လိုက်လျောညီထွေအသုံးပြုရေးဆောင်ရွက်ခြင်း၊

(ဆ) အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးခြင်းနှင့် လုပ်ငန်းခွင်သင်တန်းဖွံ့ဖြိုးတိုးတက်လာစေရေး စီမံဆောင်ရွက်ခြင်း၊

(ဇ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို အားပေးခြင်း၊

(ဈ) အများနှင့်အကျုံးဝင်သော စီးပွားရေးလုပ်ငန်းများတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ငွေကြေးထောက်ပံ့ခြင်း၊ လိုအပ်သောအကြံဉာဏ်များပေးခြင်းနှင့် မူဝါဒများချမှတ်ခြင်း။

စာမျက်နှာ ၄ သို့ →

➜ စာမျက်နှာ ၃ မှ

အခန်း (၄)

ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(၁) နိုင်ငံတော်သမ္မတ	ဥက္ကဋ္ဌ
(၂) ဒုတိယသမ္မတများ	ဒုတိယဥက္ကဋ္ဌများ
(၃) သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ	အဖွဲ့ဝင်များ
(၄) စီးပွားရေးဆိုင်ရာအသင်းအဖွဲ့များမှကိုယ်စားလှယ်၊ စီးပွားရေးပညာရှင်၊ အသိပညာရှင်နှင့် အတတ်ပညာရှင်များ	အဖွဲ့ဝင်များ
(၅) ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး	အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် ပုဒ်မခွဲငယ် (၃)နှင့် ပုဒ်မခွဲငယ် (၄)တို့ပါ အဖွဲ့ဝင်များအနက် သင့်လျော်သူအား တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ပေးရမည်။

(ဂ) ဗဟိုကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ(က) နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါအခြေခံမူများနှင့်အညီ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်စေရန် မူဝါဒများချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(ခ) နိုင်ငံတော်၏ စီးပွားရေးအင်အားစုများတွင် အချိုးအစား အများဆုံးပါဝင်နေသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဂ) ဒွေကြေးအကူအညီနှင့် နည်းပညာအကူအညီများရရှိရေးအတွက် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးရန် လမ်းညွှန်ခြင်း၊

(ဃ) အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း စွေးကွက်များ ကျေးလက်ဒေသအထိ ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ခြင်း၊

(င) ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုစီးပွားရေးလုပ်ငန်းများအတွက် စွေးကွက်ချိတ်ဆက်ရေးလုပ်ငန်းများ ပံ့မှန်ဖြစ်ထွန်းတိုးတက်လာစေရန် စီစဉ်ပေးခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဆ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် စွမ်းအင်ကို အကျိုးရှိရှိထိရောက်စွာအသုံးချရေးနည်းပညာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနည်းပညာများ အသုံးပြုရေးအတွက် လမ်းညွှန်ခြင်းနှင့် ပံ့ပိုးပေးခြင်း၊

(ဇ) တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများထုတ်လုပ်သည့်နည်းပညာနှင့် စက်ကိရိယာများအသုံးပြုရေးအတွက် ဆက်စပ်ညှိနှိုင်းခြင်းနှင့် လမ်းညွှန်ခြင်း၊

(ဈ) စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများတိုးတက်ပေါ်ထွန်းလာရန် လမ်းညွှန်ခြင်းနှင့် ပံ့ပိုးပေးခြင်း၊

(ည) အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အခြေခံအဆောက်အအုံများနှင့် အထောက်အကူပြုပစ္စည်းများ လုံလောက်စွာထောက်ပံ့ဖြည့်တင်းနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခြင်း၊

(ဋ) အခြေခံစီမံခန့်ခွဲမှုအဖွဲ့နှင့် အခြားလိုအပ်သော အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ရန် လမ်းညွှန်ခြင်း။

အခန်း (၅)

လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၇။ ဗဟိုကော်မတီသည်-

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(၁) ဒုတိယသမ္မတတစ်ဦး	ဥက္ကဋ္ဌ
(၂) ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး	ဒုတိယဥက္ကဋ္ဌ
(၃) သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးသို့မဟုတ် ဒုတိယဝန်ကြီးများ	အဖွဲ့ဝင်
(၄) နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ	အဖွဲ့ဝင်
(၅) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှပုဂ္ဂိုလ်များ	အဖွဲ့ဝင်
(၆) အသင်းအဖွဲ့များမှ သင့်လျော်သော ပုဂ္ဂိုလ်များ၊ စီးပွားရေးပညာရှင်၊ အသိပညာရှင်နှင့် အတတ်ပညာရှင်များ	အဖွဲ့ဝင်

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော အဖွဲ့ဝင်များအနက် သင့်လျော်သူများကို အတွင်းရေးမှူးနှင့်တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။

(ဂ) လုပ်ငန်းကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ(က)နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အားပေးမြှင့်တင်ဆောင်ရွက်နိုင်ရန် လိုအပ်သော သတင်းအချက်အလက်များကို စုဆောင်းသုံးသပ်ပြီး ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတွင် လုပ်ငန်းသဘောသဘာဝအလိုက် ကြုံတွေ့နေရသောအခက်အခဲများ၊ လိုအပ်ချက်များကျော်လွှားနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(ဂ) စွေးကွက်များချဲ့ထွင်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပ စီးပွားရေးစွေးကွက်များနှင့် ကျယ်ပြန့်စွာချိတ်ဆက်နိုင်ရန် ပံ့ပိုးကူညီဆောင်ရွက်ခြင်း၊

(ဃ) ကျွမ်းကျင်လုပ်သားများ လိုအပ်ချက်ပြည့်မီအောင် လေ့ကျင့်ပျိုးထောင်ခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊

(င) နည်းပညာလိုအပ်ချက်များအတွက် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းအသီးသီးနှင့်ချိတ်ဆက်၍ ပညာပေးမြှင့်တင်ခြင်း၊

(စ) ပြည်တွင်း၊ ပြည်ပမှ ဒွေကြေးအကူအညီများ ရယူနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရသို့မဟုတ် ပုဂ္ဂလိကဒွေရေးကြေးရေးအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများ၊ ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဘဏ်များ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် အသေးစားဒွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း၊

(ဇ) နည်းပညာနှင့် စီးပွားရေးဆိုင်ရာအကြံပြုချက်များရယူရန် ပြည်တွင်း၊ ပြည်ပ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ရရှိလာသော အကြံပြုချက်များကို သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများသို့ ဖြန့်ဖြူးခြင်း၊

(ဈ) စွန့်ဦးတီထွင်မှုကို သက်ဆိုင်ရာဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ပံ့ပိုးကူညီနိုင်ရေး ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ည) အစိုးရဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများရှိ နည်းပညာဆိုင်ရာသုတေသနဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ခြင်း၊

(ဋ) ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့တို့ကို ဖွဲ့စည်းပေးခြင်းနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ဌ) လုပ်ငန်းအစီရင်ခံစာများနှင့် အခြားလိုအပ်သည့် အစီရင်ခံစာများကို ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဍ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ လိုအပ်သည့်ထောက်ပံ့ခွဲဝေမှုရရှိနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဎ) ဒေသအသီးသီးရှိထုတ်လုပ်မှုကဏ္ဍများနှင့် ရောင်းဝယ်မှုကဏ္ဍများအား အချင်းချင်းချိတ်ဆက်မှုဖြစ်လာစေရန် စီမံဆောင်ရွက်ပေးခြင်း၊

(ဏ) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

အခန်း (၆)

အေဂျင်စီနှင့် ဒေသဆိုင်ရာအေဂျင်စီများဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၉။ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးဦးဆောင်သော သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ဌာနအကြီးအမှူးများ၊ အသင်းအဖွဲ့များမှ သင့်လျော်သည့် ကိုယ်စားလှယ်များ၊ ပညာရှင်များပါဝင်သည့် အေဂျင်စီကို သတ်မှတ်ချက်နှင့်အညီ ဖွဲ့စည်းရမည်။

၁၀။ ဝန်ကြီးဌာနသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကိစ္စများဆောင်ရွက်ရန်နှင့် အေဂျင်စီ၏ လုပ်ငန်းတာဝန်များကို တာဝန်ခံဆောင်ရွက်ရန် ဦးစီးဌာနသီးခြားဖွဲ့စည်းထားရမည်။ အဆိုပါဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်သည် အေဂျင်စီ၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

၁၁။ အေဂျင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် နှစ်ပတ်လည်တိုးတက်မှုအစီရင်ခံစာကို လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်သွင်းခြင်း၊

(ဂ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းသဘောသဘာဝအလိုက် ကြုံတွေ့နေရသော အခက်အခဲများ၊ လိုအပ်ချက်များကိုလျော့နည်းစေရန် ပံ့ပိုးကူညီဆောင်ရွက်ခြင်း၊

(ဃ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို လိုအပ်သည့် ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ဒေသဆိုင်ရာ အေဂျင်စီရုံးခွဲများတည်ထောင်ခြင်းနှင့် တစ်နေရာတည်း ဝန်ဆောင်မှုပေးသည့်အဖွဲ့များ တည်ထောင်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သော ဥပဒေပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အကြံဉာဏ်ပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်းနှင့် သင်တန်းများပေးခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတည်ထောင်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဇ) သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ဘဏ်များနှင့်ပူးပေါင်းလျက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဒွေကြေးထောက်ပံ့မှုတိုးမြှင့်ရရှိစေရေးအတွက် ဒွေကြေးမဟုတ်သော ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးခြင်း၊

(ဈ) စွန့်ဦးတီထွင်မှုကို သက်ဆိုင်ရာဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ပံ့ပိုးကူညီနိုင်ရေး လုပ်ငန်းကော်မတီသို့ တင်ပြခြင်း၊

(ည) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းများပူးပေါင်း၍ စီးပွားရေးကွန်ရက်များတည်ထောင်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ဋ) တီထွင်ကြံဆမှုနှင့် စွေးကွက်ချဲ့ထွင်နိုင်ရေးကိုမြှင့်တင်နိုင်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအချင်းချင်းယှဉ်ပြိုင်ဆောင်ရွက်မှုကို တွန်းအားပေးခြင်း၊ ကုန်စည်နှင့် နည်းပညာပြပွဲများ ကျင်းပပေးခြင်း၊

(ဌ) လုပ်ငန်းကြီးများက စွေးကွက်လက်ဝါးကြီးအုပ်ခြင်း (Monopoly) မပြုရန် ကာကွယ်ခြင်း၊

(ဍ) လုပ်ငန်းကြီးများက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ စွေးကွက်အတွင်းသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိစေရန်ကာကွယ်ခြင်း၊

စာမျက်နှာ ၇ သို့ ➜

ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဇရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ





နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ညောင်တုန်းကျွန်းတာ(ဇရာဝတီမြစ်ခွဲ)တာကိုယ်ထည်တိုက်စားခံရမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၁

ဇရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်ဂန်ချောင်းကျေးရွာအနီးညောင်တုန်းကျွန်းတာ(ဇရာဝတီမြစ်ခွဲ)တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဇရာဝတီမြစ်ခွဲ) တွင် ဩဂုတ်လ ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား (၃၀၀) ပေ၊ အနံ (၄၅) ပေခန့် တာကိုယ်ထည်တိုက်စားမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက်မူလ ပန်းတာ တာမိုင် (၁၁/၆)နှင့် (၁၁/၇) ကြား Bund Slope အခြေ သဲအိတ်ထောက်ခြင်း၊ တာမိုင် (၁၁/၅)နှင့် (၁၁/၆) ကြား ယာယီပန်းတာ တည်ဆောက်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ သွားရောက်လေ့လာ



နေပြည်တော် စက်တင်ဘာ ၁

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား လူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင်လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ဥတ္တရသီရိမြို့နယ်၊ တပ်ကုန်းမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။ ထို့ပြင် ပြင်ပပြကွက်



များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏စစ်လက်နက်ပစ္စည်းများကိုပါလေ့လာခဲ့ကြပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကူးကြသည်။

ထို့ပြင် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။

လေ့လာရေးသွားရောက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါတယ်-

"ဒီလိုလာပို့ပေးတဲ့ အတွက်ကြောင့် ကျွန်မက ကလေးတွေ အသိပညာတွေ မျိုးချစ်စိတ်ဓာတ်တွေ နောက်ပြီးတော့မှ သူတို့အတွက် သူတို့ရည်မှန်းထားတဲ့ ဘဝရည်မှန်းချက်တွေ အတွေ့အကြုံအသစ်တွေ အများကြီးရတဲ့အတွက် ကြောင့် ကလေးတွေအတွက် အတိုင်းမသိ ဝမ်းသာကြည်နူးမိပါတယ်။ အခုလိုလိုက်ပို့ပေးတဲ့ တာဝန်ရှိလူကြီးအားလုံးကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်။ ဘာလို့လဲဆိုရင် ကလေးတွေက အသိပညာတွေ ဗဟုသုတတွေ နောက်ပြီး သူတို့မမြင်မတွေ့ဘူးတဲ့ အကြောင်းအရာတွေ သမိုင်းအမွေအနှစ်တွေ အဲ့ဒါတွေအားလုံး မြင်ခွင့်ရသွားတဲ့ အတွက်ကလေးတွေအတွက်အသိပညာနဲ့ ဗဟုသုတတွေ အများကြီးရရှိသွားတဲ့ အတွက်ကြောင့် ကျွန်မအနေနဲ့ ကလေးတွေရဲ့ကိုယ်စား အထူးပဲ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်"ဟုပြောသည်။

"အခုလိုမျိုးလာရောက် လေ့လာရတဲ့ အတွက်ကြောင့် သမီးအနေနဲ့ ပိုပြီးတော့ လည်းအားတက်သွားတယ်။ အနာဂတ်မှာ ငါဘာဖြစ်ရမယ်ဆိုတဲ့ ရည်မှန်းချက်ကိုလည်း ကိုယ်တိုင်ချမှတ်နိုင်သွားတဲ့ အတွက်ကြောင့် သမီးအနေနဲ့က အလွန်အမင်းပဲ ဝမ်းသာဂုဏ်ယူမိပါတယ်။ ဘာလို့လဲဆိုတော့ သမီးတို့ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့က အနာဂတ်ရဲ့ မျိုးဆက်သစ်တွေဖြစ်လာမှာဖြစ်တဲ့အတွက် သမီးတို့ နိုင်ငံအတွက် ဘယ်လို အကျိုးပြုရမယ်။ ဘယ်လိုအကျိုးပြုရင်တော့ နိုင်ငံတော်က အကျိုးဖြစ်ထွန်းမယ်ဆိုတဲ့ အကြောင်းအရာတွေကို လေ့လာသိရှိခွင့်



ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) တွင် ကြည့်ရှုလေ့လာစဉ်။



ကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) တွင် ကြည့်ရှုလေ့လာစဉ်။

ရတဲ့အတွက်လည်း အလွန်အမင်း ဂုဏ်ယူမိပါတယ်။ အထက (၁) ကျောင်းသား၊ ကျောင်းသူတွေအား လုံးရဲ့ ကိုယ်စား အခုလိုမျိုး ခရီးစဉ်ကြီးကို စီမံရေးဆွဲပေးတဲ့ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်း စီတိုင်းကို အထူးပဲကျေးဇူးတင်ပါတယ်" ဟုပြောသည်။

(၁၀၀)

လွိုင်ကော်မြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက် ပျားစာရ ပန်းနှံများအပြင် ဆီထွက်သီးနှံထပ်မံတိုးချဲ့စိုက်ပျိုး



လွိုင်ကော် စက်တင်ဘာ ၁

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်တွင်း စားရေရိက္ခာဖူလုံရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်အောင် အလေးထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နောင်ယား(၁)ရပ်ကွက်ရှိ အခြေခံပညာကျောင်းသား၊ ကျောင်းသူများ အာဟာရဖြည့်စွက်စာ နွားနို့တိုက်ကျွေးနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် နို့စားနွားကောင်ရေ ၅၂ ကောင်မွေးမြူရန် ခြံမြေနေရာ ရှင်းလင်းနေကြောင်း သိရသည်။

အဆိုပါ ခြံမြေနေရာရှင်းလင်းနေမှုကို ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်နှင့် ပြည်နယ်ဝန်ကြီးများ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများတည်ဆောက်ရာတွင် စနစ်ကျသည့် တည်ဆောက်မှုဖြစ်စေရေး၊ နွားမွေးမြူရေးခြံတွင် ပါဝင်ရမည့် လုပ်ငန်းစဉ်များပြည့်စုံစွာပါဝင်၍ အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းစွာရရှိစေရေးနှင့် လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအားမှာကြားသည်။

ဆက်လက်၍ ရေနီကန်ကျေးရွာသို့သွားရောက်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကဆောင်ရွက်သည့် စံပြသရုပ်ပြဥစားကြက်မွေးမြူရေးခြံတည်ဆောက်နေမှုနှင့် ပြည်နယ်တွင်း ကြက်ဥဖူလုံစေရေး ဥစားကြက်များ ထပ်မံမွေးမြူနိုင်ရန် မွေးမြူရေးခြံတည်ဆောက်မည့် မြေနေရာများကို ကြည့်ရှုစစ်ဆေးပြီး အခြေစိုက်ပျားဘုရင်မမွေးမြူရေးစခန်း၌ မွေးမြူထားရှိသည့် ပျားများအတွက် ပျားစာရပန်းနှံများအပြင် ဆီထွက်သီးနှံနေကြာကိုလည်း ထပ်မံတိုးချဲ့စိုက်ပျိုးရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ရေနီကန်ကျေးရွာရှိ Treasure Corn Company Limited သီးနှံအခြောက်ခံ စက်ရုံသို့သွားရောက်ပြီး စပါးနှင့် ပြောင်းသီးနှံများ ခြွေလှေ့ခြင်း၊ အခြောက်ခံခြင်း၊ ထုပ်ပိုးသိုလှောင်ခြင်း၊ တင်ပို့ခြင်း လုပ်ငန်းလည်ပတ် ဆောင်ရွက်နေမှု၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကဆောင်ရွက်လျက်ရှိသည့် လွိုင်ကော်မြို့ ၈ကမ္ပ၀၀ - နမ့်ဘော်၀မ်(ရှမ်း)လမ်းပေါ်တွင် အရှည်ပေ ၂၈၄၀ အဖုံးပါကျောက်စီရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ဖြင့်စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁

ရတနာပုံ ဆိုက်ဘာစီးတီးစီမံကိန်းကြီးကြပ်မှုကော်မတီ၏ခွင့်ပြုချက်ဖြင့် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆောက်လုပ်ရေး၀န်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်က အဆိုပါရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းကို ယနေ့တွင် သွားရောက်ကြည့်ရှုစဉ် မှာကြားသည်။

ထို့ပြင် သတ်မှတ်ထုတ်ပြန်ထားသည့် မူဝါဒများနှင့်အညီ ဆောင်ရွက်ရန်၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်၊ အကြီးအကဲများ၏ မှာကြားချက်များကို ထိရောက်အောင်မြင်အောင် အလေးထားဆောင်ရွက်သွားရန်မှာကြားပြီး စီမံကိန်းအတွင်းရှိ သစ်ပင်များစနစ်တကျစိုက်ပျိုးထားရှိမှု၊ ရေရရှိနိုင်ရေးအတွက် ရေဂါလန် ၅၀၀၀၀၀ ဆံ့ရေလှောင်ကန်၊ ရေတွန်းစက်ရုံနှင့် ရေပိုက်လိုင်းများဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယမန်နေ့ကလည်း ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်တို့တွင် ငလျင်ကြောင့် ပျက်စီးသွားသည့် ဝန်ထမ်းအိမ်ရာများ အသစ်ပြန်လည်တည်ဆောက်နေသည့် စည်ပင်သာယာရေးကော်မတီပိုင် အိမ်ရာ၀င်းကို




ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့အတူ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၃၅၈/၁-၃) ရှိ ဒုဋ္ဌ၀တီတံတားအသစ် တံတားအရှည်ပေ ၁၀၀၀ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ခရီးသွားပြည်သူများ တံတားဦး-ပလိပ်လမ်းမှတစ်ဆင့် မန္တလေးမြို့သို့ သွားနေရသည့်အတွက် တံတားအားအမြန်ပြီးစီးရေး အလေးထားဆောင်ရွက်ရန်၊ လုပ်ငန်းခွင်လုံခြုံရေးနှင့် အန္တရာယ်ကင်းရှင်းရေးကို ဂရုစိုက်ရန်၊ တံတားတည်ရှိသည့် နေရာသည် ပြင်းထန်သည့် လှုပ်ခါမှုများကြောင့် အစိုင်အခဲမှ ရွှံ့စေးကဲ့သို့ ဂုဏ်သတ္တိပြောင်းလဲခြင်း ဖြစ်စဉ်ဖြစ်နိုင်ခြေများသော မြေအမျိုးအစားနေရာဖြစ်၍ လိုအပ်သည့် တွက်ချက်မှုများ၊ စစ်ဆေးမှုများကို အမြဖပြတ်ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်းသိရသည်။

မြဝတီ

မိုးလေဝသ သတင်း



ဒေသထွက် သစ်သီးဝလံများကို သက်သာသောဈေးနှုန်းဖြင့်ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိ

မော်လမြိုင် စက်တင်ဘာ ၁

မွန်ပြည်နယ် မုဒုံမြို့နယ် ဘဲရမ်းကျေးရွာရှိ ရာမညဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းလီမိတက်၏ သစ်သီးဝလံပန်းမန်အအေးခန်းသို့လှောင်ရုံအတွင်း ဒေသထွက် ဒူးရင်းသီးများအပါအဝင် သစ်သီးဝလံများကို သိုလှောင်ထားရှိပြီး သက်သာသောဈေးနှုန်းဖြင့် ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါအအေးခန်းသိုလှောင်ရုံတွင် သစ်သီးဝလံများ လတ်ဆတ်စွာထိန်းသိမ်းသိုလှောင်ထားရှိမှုကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးသည်။

ထို့ပြင် မွန်ပြည်နယ်အစိုးရအဖွဲ့၏ စီမံဆောင်ရွက်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန၊ ဆန်ကုန်သည်များအသင်း၊ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မုန့်လုပ်ငန်းရှင်များအသင်း၊ ကိုယ်တိုင်စိုက်ပျိုး၊ မွေးမြူ၊ ထုတ်လုပ်၊ ဖြန့်ဖြူးသူများ ပူးပေါင်းပြီး နည်းပညာတက္ကသိုလ်(မော်လမြိုင်)နှင့် မော်လမြိုင်တက္ကသိုလ်တို့တွင် ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ကြက်ဥ၊ ကြက်သွန်နီ၊ ဟင်းသီးဟင်းရွက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေး ပူးပေါင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် မြို့နယ်ရဲစခန်းများမှ တပ်ဖွဲ့ဝင်များသည် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုများကင်းစင်ရေးကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် လှည်းကူးမြို့နယ် ဒါးပိန်နယ်မြေရဲစခန်းမှူးရဲအုပ် စိုးမင်းလတ်နှင့် တပ်ဖွဲ့ဝင်များသည် လည်းကောင်း၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် သောင်ကြီးနယ်မြေရဲစခန်းမှ ဒုတိယရဲအုပ်ဝဏ္ဏဌေးနှင့်တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် စက်ဆန်နယ်မြေရဲစခန်းမှ နယ်ထိန်းအရာရှိဒုတိယရဲအုပ် ဇော်ဇော်အောင်နှင့်အဖွဲ့သည်လည်းကောင်း၊ ဗဟန်းမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုမှ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ ဧည့်စာရင်းတိုင်ကြားရေးနှင့် မှုခင်းကျဆင်းရေးအသိပညာပေးခြင်း၊ မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် ပြည်သူများလူကူးမျဉ်းကျားမှ လမ်းဖြတ်ကူးစေရေးအသိပညာပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယမန်နေ့ညပိုင်းတွင်လည်း ဒဂုံမြို့သစ်မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဇော်ဝင်းနှင့်တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ ကျောက်တံတားမြို့နယ်မြို့မရဲစခန်းမှ ဒုတိယရဲအုပ်ဆန်းထွန်းဦးနှင့် ပူးပေါင်းအဖွဲ့သည်လည်းကောင်း၊ မှော်ဘီမြို့မရဲစခန်းမှ ဒုတိယရဲအုပ် ဝင်းထက်အောင်နှင့် ပူးပေါင်းအဖွဲ့သည်လည်းကောင်း၊ အလုံမြို့နယ် မြို့မရဲစခန်းမှ တပ်ကြပ်ကြီးဇော်ထွန်းနှင့်အဖွဲ့သည်လည်းကောင်း၊ လှိုင်သာယာ(အနောက်ပိုင်း)သောင်ကြီးနယ်မြေရဲစခန်းမှ နယ်ထိန်းအရာရှိဒုတိယရဲအုပ် ရန်ကျော်နှင့် တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ်တောဘီနယ်မြေရဲစခန်းမှူး ရဲအုပ်နေမျိုးလှိုင်နှင့်အဖွဲ့သည်လည်းကောင်း ယာဉ်စစ်ပိတ်ဆို့စစ်ဆေးခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်း၊ KTV ဆိုင်အား စစ်ဆေးခြင်း၊ စက်ဘီးလှည့်ကင်းဆောင်ရွက်ခြင်းနှင့် ယာဉ်ဖြင့်လှည့်ကင်းစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အောင်သူ

➜ စာမျက်နှာ ၄ မှ

(ဃ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်သော အငြင်းပွားမှုများကို အကြံပေးခြင်း၊ ညှိနှိုင်းဖျန်ဖြေပေးခြင်းနှင့် ဖြေရှင်းနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(င) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်သော အဖွဲ့အစည်းများက ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုများအပေါ် အကျိုးအမြတ်ခွဲဝေရာတွင် တစ်ဖက်သတ်ဆုံးဖြတ်ခြင်း၊ လျှို့ဝှက်သဘောတူညီချက်များဖြင့် ဈေးကွက်ကန့်သတ်ခြင်း (Collusive Agreements) နှင့် မမျှတသော စာချုပ်ပါစည်းကမ်းချက်များ (Unfair Contract Terms) အား အတင်းအကျပ်လက်ခံစေခြင်းမပြုနိုင်ရေးကာကွယ်ခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေအတိုင်ပင်ခံအဖွဲ့အစည်းများ၊ လုပ်ငန်းထူထောင်ရေး အတိုင်ပင်ခံဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်နိုင်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် ကိန်းဂဏာန်းဆိုင်ရာ စာရင်းများကို ကောက်ယူခြင်း၊ အဆင့်ဆင့်စစ်ဆေးခြင်း၊ မှတ်တမ်းတင်ထားရှိခြင်းနှင့် အသုံးပြုခြင်း၊

(ဇ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခွင့်ပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊ မှတ်ပုံတင်သက်တမ်းသတ်မှတ်ပေးခြင်း၊

(ဈ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊

(ည) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုးတက်ရေးနည်းလမ်းများ ဖော်ဆောင်ရန်တို့အတွက် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းနှင့် အကြံဉာဏ်ရယူခြင်း၊

(ဋ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း တစ်မျိုးမျိုးသည် အသေးစားစီးပွားရေးလုပ်ငန်းအမျိုးအစားမှ အငယ်စားစီးပွားရေးလုပ်ငန်းအမျိုးအစားသို့ ဖြစ်စေ၊ အငယ်စားစီးပွားရေးလုပ်ငန်းအမျိုးအစားမှ အလတ်စားစီးပွားရေး လုပ်ငန်းအမျိုးအစားသို့ဖြစ်စေ ပြောင်းလဲဖြစ်ပေါ်တိုးတက်သည့်နေ့မှစ၍ သုံးနှစ်အထိ မူလစီးပွားရေးလုပ်ငန်း၏ အဆင့်အတန်းကို ထိန်းသိမ်းထားရှိခြင်း၊

(ဌ) ကြီးထွားလာစေရေး၊ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စီးပွားရေးအဆင့်အတန်း တိုးတက်ဖြစ်ထွန်းလာစေရေးအတွက် ဒီဂျစ်တယ်အသွင်ကူးပြောင်းဆောင်ရွက်ရန် ပြည်တွင်း၊ ပြည်ပနည်းပညာဆိုင်ရာအဖွဲ့အစည်းများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဆက်သွယ်ခြင်း၊ အကြံဉာဏ်ရယူခြင်းနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဍ) အွန်လိုင်းပလက်ဖောင်း (Online Platform) သို့မဟုတ် ဒီဂျစ်တယ်စျေးကွက် (Digital Marketplace) များသည် ၎င်းတို့၏ ဒီဂျစ်တယ်ပလက်ဖောင်းပေါ်ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အရောင်းအဝယ်အချက်အလက်များအား အလွဲသုံးစားပြု၍ ကိုယ်ပိုင်အကျိုးစီးပွားအတွက် အသုံးမပြုနိုင်ရေးနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုပေးသူများက ကောက်ခံသည့် ဝန်ဆောင်ခများအား အလွန်အကျွံမဖြစ်စေရေးကာကွယ်ခြင်း၊

(ဎ) အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ တီထွင်ဖန်တီးမှု၊ လုပ်ငန်းလျှို့ဝှက်ချက် (Trade Secrets) နှင့် မိရိုးဖလာအသိပညာ (Traditional Knowledge) များအား ခိုးယူခြင်း သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ အတုအပပြုလုပ်ခြင်းတို့မှကာကွယ်ပေးနိုင်ရေး သက်ဆိုင်ရာနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း။

၁၂။ (က) အေဂျင်စီသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသဆိုင်ရာ အေဂျင်စီများအား သင့်လျော်သောဖွဲ့စည်းပုံဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

(ခ) ဒေသဆိုင်ရာအေဂျင်စီသည် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို တာဝန်ခံရမည်။

အခန်း (၇)

ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၃။ လုပ်ငန်းကော်မတီသည် သတ်မှတ်ချက်နှင့်အညီ ဗဟိုကော်မတီက ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်သူအပါအဝင် သင့်လျော်သောပုဂ္ဂိုလ်များ ပါဝင်သည့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ကို ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၁၄။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအလို့ငှာ အတိုးသက်သာသော ချေးငွေများရရှိနိုင်ရေး နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားနိုင်ရန်၊ လုပ်ငန်းကော်မတီသို့ တွက်ချက်တင်ပြခြင်း၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အကူပြုကိစ္စရပ်များတွင် အသုံးပြုနိုင်ရန် အသုံးစရိတ်အား လုပ်ငန်းကော်မတီမှ တစ်ဆင့် ဗဟိုကော်မတီသို့ အဆိုပြုတင်ပြခြင်း၊

(ဂ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုရန်ပုံငွေမှ ထည့်ဝင်ငွေ၊ ပြည်တွင်း၊ ပြည်ပငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ အကူအညီရရှိငွေ၊ အလှူရှင်များလှူဒါန်းငွေနှင့် အခြားရရှိငွေများဖြင့် ထူထောင်ထားရှိခြင်း၊

(ဃ) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲထားသော စည်းမျဉ်းနှင့်အညီ ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ ဌာနတွင်းစာရင်းစစ်ဆေးမှုခံယူခြင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှုကို ခံယူခြင်း၊

(င) ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နေသော အဖွဲ့အစည်းများကို မှတ်ပုံတင်ခွင့်ပြုထားသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းလုပ်ဆောင်နိုင်ရန် တည်ဆဲဥပဒေများနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရမှ အတိုးသက်သာစွာ ထုတ်ချေးပေးသော အထူးချေးငွေ တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပ ဘဏ်များ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများမှ အတိုးမဲ့ဖြစ်စေ၊ သက်သာသည့် အတိုးနှုန်းဖြင့်ဖြစ်စေ ထုတ်ချေးပေးသော ချေးငွေတစ်ရပ်ရပ်ကိုလည်းကောင်း ရရှိနိုင်ရန် မှတ်ပုံတင်ခွင့်ပြုထားသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား သက်ဆိုင်ရာဘဏ်များနှင့် ချိတ်ဆက်ပေးခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ချေးငွေမဟုတ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ကျခံသုံးစွဲခြင်း၊

(ဇ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား သာမန်ချေးငွေ၊ အတိုးနှုန်းသက်သာသောချေးငွေ၊ အတိုးမဲ့ချေးငွေရရှိရန်နှင့် ပြန်လည်ပေးဆပ်စရာမလိုသော အကူအညီငွေများ ထောက်ပံ့ပေးနိုင်ရန် ချေးငွေဆိုင်ရာ သတင်းအချက်အလက်ဌာနကို တည်ထောင်ခြင်း၊

(ဈ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ငွေချေးရာတွင် ဆုံးရှုံးမှုများကာကွယ်နိုင်ရန်အတွက် သက်ဆိုင်ရာတည်ဆဲဥပဒေအရ လုပ်ငန်းလိုင်စင်ရရှိထားသော ချေးငွေအာမခံကုမ္ပဏီများ၊ ချေးငွေအာမခံကော်ပိုရေးရှင်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

၁၅။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သည် ငွေကြေးဆိုင်ရာကိစ္စများကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့နှင့် ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ရမည်။

အခန်း (၈)

လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၆။ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့ကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းရမည်။

၁၇။ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ပကတိအခြေအနေ၊ လိုအပ်ချက်များနှင့် အခက်အခဲများကို လေ့လာသုံးသပ်ခြင်း၊

(ခ) အေဂျင်စီနှင့် ဒေသဆိုင်ရာအေဂျင်စီများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကိုသုံးသပ်ခြင်း၊

(ဂ) အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ သင်တန်းကျောင်းများ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို သုံးသပ်ခြင်း၊

(ဃ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုများကို ဆန်းစစ်သုံးသပ်ခြင်း၊

(င) ဒေသတွင်းနှင့်ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ဆန်းစစ်သုံးသပ်၍ မိမိနိုင်ငံရှိအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန်သုံးသပ်ခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတော်၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးတွင် ပါဝင်မှု၊ ပြည်ပသို့တင်ပို့မှုနှင့် ပြည်ပမှ တင်သွင်းမှုများအပေါ် သုံးသပ်ခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ တည်ထောင်ချိန်မှစ၍ စီးပွားရေးလုပ်ငန်းများဆောင်ရွက်မှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများအား နှစ်စဉ်ဘဏ္ဍာနှစ်အတွင်း ဆန်းစစ်လေ့လာသုံးသပ်ခြင်း၊

(ဇ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အလုပ်အကိုင်ဖန်တီးပေးနိုင်မှုနှင့် အနိမ့်ဆုံးလုပ်ခလစာ၊ လုပ်ငန်းအမျိုးအစားအလိုက် ရင်းနှီးမြှုပ်နှံမှုများနှင့် ထုတ်ကုန်များ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် အလုပ်အကိုင်ရရှိမှုများကို စိစစ်သုံးသပ်ခြင်း၊

(ဈ) ပုဒ်မခွဲ(က)မှ(ဇ)အထိ သုံးသပ်ချက်များနှင့် သက်ဆိုင်သည့် နှစ်စဉ်အစီရင်ခံစာများကို လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်သွင်းခြင်းနှင့် အများပြည်သူသိရှိနိုင်စေရန် အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း။

အခန်း (၉)

တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောစနစ်နှင့် လုပ်ငန်းတာဝန်များ

၁၈။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောစနစ်ကို ဆောင်ရွက်နိုင်စွမ်းရှိသော ဝန်ထမ်းများအား လုပ်ပိုင်ခွင့် အခွင့်အာဏာများပေးအပ်၍ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့များတွင် ပူးတွဲတာဝန်ပေးရမည်။

၁၉။ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဝန်ထမ်းများသည် ဒေသဆိုင်ရာ အေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် တစ်နေရာတည်း၌ ဝန်ဆောင်မှုပေးသည့်အဖွဲ့ကို သက်ဆိုင်ရာဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းက ဖွဲ့စည်းပေးရမည်။

အခန်း (၁၀)

သတင်းအချက်အလက် စုဆောင်းထိန်းသိမ်းခြင်းနှင့် ထုတ်ပြန်ခြင်း

၂၁။ အေဂျင်စီသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို ကောက်ယူခြင်း၊ မှတ်တမ်းတင်ထားရှိခြင်း၊ လိုအပ်ချက်နှင့်အညီ အသုံးပြုခြင်းတို့ကိုဆောင်ရွက်နိုင်ရန် အောက်ပါတို့ကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းစီစဉ်ဆောင်ရွက်ရမည်-

စာမျက်နှာ ၈ သို့ ➜

→ စာမျက်နှာ ၇ မှ

(က) ဈေးကွက်၊ နည်းပညာနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များကို ကွန်ရက်စနစ်များဖြင့် ပံ့ပိုးပေးခြင်းနှင့် သတင်းမီဒီယာများမှတစ်ဆင့် ထုတ်ပြန်ပေးခြင်း၊

(ခ) ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်ဆိုင်ရာသတင်းအချက်အလက်နှင့် အကြံပေးဌာနများ ထူထောင်ဖွင့်လှစ်ခြင်း၊

(ဂ) ပြည်တွင်း၊ ပြည်ပ ဝယ်ယူသူနှင့် ရောင်းချသူများအတွက် အွန်လိုင်းကုန်သွယ်မှုစနစ်ဖွံ့ဖြိုးစေရန် သက်ဆိုင်ရာဌာနများမှ သတင်းအချက်အလက်များ ရယူပံ့ပိုးပေးခြင်း။

အခန်း(၁၁)

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ပံ့ပိုးဆောင်ရွက်ပေးခြင်း

၂၂။ အေဂျင်စီသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်မှုစွမ်းအားနှင့်ယှဉ်ပြိုင်နိုင်မှုမြှင့်တင်နိုင်ရေးတို့အတွက် အောက်ပါတို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းစီစဉ်ဆောင်ရွက်ရမည်-

(က) သင့်လျော်သည့်နည်းပညာများကို ရှာဖွေဖော်ထုတ်လွှဲပြောင်းပေးခြင်း၊

(ခ) ကုန်ထုတ်လုပ်မှုဆိုင်ရာနည်းပညာ အကြံဉာဏ်များပေးခြင်းနှင့် ခေတ်မီစက်ကိရိယာများကို အသုံးပြုနိုင်စေရန် လေ့ကျင့်ပညာပေးခြင်း၊

(ဂ) ထုတ်ကုန်များ၏ အရည်အသွေးကို စစ်ဆေးပေးမည့် ဓာတ်ခွဲခန်းများတည်ထောင်မှုကို အားပေးခြင်းနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်း၊ ပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအကြား နည်းပညာပူးပေါင်းဖလှယ်ခြင်း၊

(င) တီထွင်ဖန်တီးမှုစွမ်းရည်မြှင့်တင်နိုင်ရန် ပြိုင်ပွဲများကျင်းပပေးခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်အလိုက် ထိုက်တန်သောချီးမြှောက်မှုများစီစဉ်ပေးခြင်း၊

(စ) သုတေသနလုပ်ငန်းများမှရရှိလာသည့် နည်းပညာသစ်များကို စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအတွက် အထောက်အပံ့များပေးခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များကို ဆောင်ရွက်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရပ်များတွင် ပံ့ပိုးကူညီဆောင်ရွက်ခြင်း။

အခန်း(၁၂)

သုတေသနလုပ်ငန်းများဆိုင်ရာ ဆောင်ရွက်ခြင်းနှင့် နည်းပညာများလွှဲပြောင်းပေးခြင်း

၂၃။ အေဂျင်စီသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အောက်ပါတို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်-

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှ စွန့်ဦးတီထွင်မှုများပေါ်ထွန်းလာရေး သုတေသနလုပ်ငန်းများမှ နည်းပညာအသစ်များရရှိစေရန် တက္ကသိုလ်များ၊ သုတေသနအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးခြင်း၊

(ခ) သုတေသနလုပ်ငန်းများမှရရှိသောနည်းပညာအသစ်များကို စီးပွားဖြစ်အကောင်အထည်ဖော်နိုင်ရေး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ လွှဲပြောင်းပေးနိုင်ရေးဆောင်ရွက်ခြင်း၊

(ဂ) သုတေသနလုပ်ငန်းများအတွက် လိုအပ်သောအဆင့်မြင့်ဓာတ်ခွဲခန်းများ၊ ကိရိယာများ၊ လူ့စွမ်းအားအရင်းအမြစ်များနှင့် သင်တန်းများကိုပံ့ပိုးပေးခြင်း၊

(ဃ) သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရန် သုတေသနကွန်ရက်ပလက်ဖောင်းများ၊ သုတေသနဌာနများ ဖွဲ့စည်းတည်ထောင်ပြီး နည်းပညာ၊ ဗဟုသုတများနှင့် အတွေ့အကြုံများ ဖလှယ်နိုင်ရေးပံ့ပိုးပေးခြင်း၊

(င) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက်လိုအပ်သည့် နည်းပညာနှင့်သုတေသနဆိုင်ရာ အကြံပေးဝန်ဆောင်မှုလုပ်ငန်းများ (Technology & Research Advisory Service) ပေါ်ထွန်းလာစေရေးဆောင်ရွက်ခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများက နည်းပညာသစ်များအသုံးပြု၍ ဈေးကွက်ဝင်ထုတ်ကုန်များထုတ်လုပ်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲလိုအပ်ချက်များကိုကူညီဆောင်ရွက်ပေးခြင်း။

အခန်း(၁၃)

ပြည်တွင်း၊ ပြည်ပ ဈေးကွက်များ ရှာဖွေချိတ်ဆက်ပေးခြင်း

၂၄။ အေဂျင်စီသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဈေးကွက်မြှင့်တင်ရေးအတွက် အောက်ပါတို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းစီစဉ်ဆောင်ရွက်ရမည်-

(က) ပို့ကုန်ဦးစားပေးလုပ်ငန်းဆောင်ရွက်မှုများကို အားပေးခြင်း၊

(ခ) နိုင်ငံတကာဈေးကွက်များ၏ ကျင့်ဝတ်နှင့်စည်းမျဉ်းများကို စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများ သိရှိကျွမ်းဝင်စေခြင်း၊

(ဂ) ဈေးကွက်ဝင်ရောက်ထိုးဖောက်ရေးနှင့် ဈေးကွက်ဝေစုများ ရရှိစေရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း။

အခန်း(၁၄)

အခွန်အကောက်ဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆောင်ရွက်ပေးခြင်း

၂၅။ အေဂျင်စီသည် လုပ်ငန်းကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ရှိစေရန် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ အခွန်သက်သာခွင့်ပြုခြင်းကို ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ အကြံပြုတင်ပြရမည်-

(က) သုတေသနပြုပြီး တီထွင်ဆန်းသစ်သောကုန်ပစ္စည်းအသစ်ထုတ်လုပ်ခြင်း၊

(ခ) စီးပွားရေးဖွံ့ဖြိုးမှု နောက်ကျနေသော ဒေသတစ်ခုခု၌ သတ်မှတ်ထားသော ဦးစားပေးစာရင်းဝင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဂ) ဘေးထွက်ပစ္စည်းများနှင့် အလေအလွင့်ပစ္စည်းများကို ပြန်လည်အသုံးပြု၍ ကုန်ချောအမျိုးအစားအသစ်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဃ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် စွမ်းအင်ကို အကျိုးရှိရှိထိရောက်စွာအသုံးချရေးနှင့် ပြန်လည်သုံးစွဲရေးတို့အတွက် အလုပ်ရုံအတွင်း ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ခြင်း၊

(င) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၂၆။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ပုဒ်မ ၂၅ အရ တင်ပြချက်ကို လက်ခံရရှိပါက လုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းအမျိုးအစားအလိုက် အခွန်သက်သာခွင့်ပြုခြင်းကို လိုအပ်သလို ဆောင်ရွက်ပေးရမည်။

အခန်း(၁၅)

စွန့်ဦးတီထွင်မှု၊ စွန့်ဦးတီထွင်ပညာရေးနှင့်ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေး ပံ့ပိုးဆောင်ရွက်ခြင်း

၂၇။ အေဂျင်စီသည် လုပ်ငန်းကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ စွန့်ဦးတီထွင်မှုများဖွံ့ဖြိုးလာစေရေးအတွက် အောက်ပါတို့ကို ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း၍ ပံ့ပိုးဆောင်ရွက်ပေးရမည် -

(က) အခွန်လျော့ပေါ့ကောက်ခံခြင်း၊

(ခ) စက်ရုံများ တည်ထောင်ရန် မြေ သို့မဟုတ် လုပ်ငန်းနေရာကို သက်သာသည့် နှုန်းထားဖြင့် ငှားရမ်းပေးခြင်း၊

(ဂ) လုပ်ငန်းထူထောင်ရေး အတိုင်ပင်ခံဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်နိုင်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်း၊ အခက်အခဲများကို အကြံပြုဖြေရှင်းပေးခြင်း၊

(ဃ) စွန့်ဦးတီထွင်မှုရှိသည့်လုပ်ငန်းများအချင်းချင်း အကျိုးတူကုန်ထုတ်လုပ်ငန်းများ ဖွဲ့စည်းတည်ထောင်နိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(င) စွန့်ဦးတီထွင်မှုဆိုင်ရာ သင်ရိုးညွှန်းတမ်းများ အခြေခံပညာကျောင်းများတွင် ထည့်သွင်းသင်ကြားနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) စွန့်ဦးတီထွင်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ရေးဆွဲပံ့ပိုးပေးခြင်း၊

(ဆ) စွန့်ဦးတီထွင်သည့် ထုတ်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများပေါ်ထွန်းလာစေရေးနှင့် ဈေးကွက်ဝင်ရောက်နိုင်ရေး ပံ့ပိုးကူညီခြင်း၊

(ဇ) စွန့်ဦးတီထွင်မှုနှင့်ဆန်းသစ်တီထွင်မှုများဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်း၊ အသိပညာပေးခြင်းနှင့် ကွန်ရက်ချိတ်ဆက်မှုများ ဖြစ်ထွန်းလာစေခြင်းတို့ကို ဆောင်ရွက်ပေးခြင်း၊

(ဈ) စွန့်ဦးတီထွင်မှုကို သက်ဆိုင်ရာဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ လွယ်ကူသက်သာစေရေးအတွက် လုပ်ငန်းကော်မတီသို့တင်ပြပေးခြင်း။

အခန်း(၁၆)

အစပျိုးစီးပွားရေးလုပ်ငန်း (Start up Business) များ လုပ်ငန်းစတင်နိုင်ရန်ပံ့ပိုးခြင်း

၂၈။ အေဂျင်စီသည် လုပ်ငန်းကော်မတီ၏လမ်းညွှန်မှုနှင့်အညီ အစပျိုးစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တီထွင်ဆန်းသစ်၍ စီးပွားရေးအရ အလားအလာကောင်းသော လုပ်ငန်းသစ်များပေါ်ပေါက်လာစေရန် အောက်ပါတို့ကို ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ပံ့ပိုးဆောင်ရွက်ပေးရမည် -

(က) လုပ်ငန်းစတင်သည့်နေ့မှ သုံးနှစ်အထိ အခွန်ကင်းလွတ်ခွင့်ပေးခြင်း၊

(ခ) အစိုးရ သို့မဟုတ် ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းများမှ ပံ့ပိုးပေးသောဝန်ဆောင်မှုရုံးခန်းနေရာ၊ ပစ္စည်းကိရိယာများကို တစ်စိတ်တစ်ဒေသ သို့မဟုတ် အပြည့်အဝအသုံးပြုခွင့်ပေးခြင်း၊

(ဂ) အစိုးရ သို့မဟုတ် ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အစပျိုးစီးပွားရေးလုပ်ငန်းများ ပြုစုပျိုးထောင်ပေးသည့်စင်တာများ(Incubation Centers) တည်ထောင်ပြီး အစပျိုးစီးပွားရေးလုပ်ငန်းများအား ပံ့ပိုးပေးခြင်း၊

(ဃ) အစပျိုးစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များကိုရေးဆွဲခြင်း၊

(င) အစပျိုးစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ရှင်သန်ရပ်တည်နိုင်စေရန် သက်ဆိုင်ရာဥပဒေများနှင့်အညီ အကာအကွယ်ပေးခြင်း၊

(စ) အကျိုးတူရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေရရှိစေရန်ဖြစ်စေ၊ လုပ်ငန်းသစ်စတင်ရန် ရင်းနှီးမြှုပ်နှံမှုရရှိစေရန်ဖြစ်စေ ဘဏ် သို့မဟုတ် ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် ရင်းနှီးမြှုပ်နှံသူများမှတစ်ဆင့် ရင်းနှီးငွေထောက်ပံ့မှုရရှိစေခြင်း၊

(ဆ) အစပျိုးစီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးငွေပံ့ပိုးပေးသော ရင်းနှီးမြှုပ်နှံသူများ၊ ဘဏ်များနှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများအား အခွန်သက်သာခွင့်များ သို့မဟုတ် လုပ်ထုံးလုပ်နည်းဖြေလျှော့ပေးမှုများ သို့မဟုတ် အခြားအလားတူ သက်သာခွင့်များခံစားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဇ) အစပျိုးစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေပံ့ပိုးပေးခြင်း။

အခန်း(၁၇)

စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၏ အခန်းကဏ္ဍ

၂၉။ စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့သည် ဤဥပဒေ၏ အခြေခံမူများကို လိုက်နာဆောင်ရွက်နိုင်စေရန် ဗဟိုကော်မတီ၊ အခြားဆက်စပ်သည့်အဖွဲ့အစည်းများနှင့် လုပ်ကိုင်ဆောင်ရွက်ရမည်။

၃၀။ စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့သည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ကြီးထွားလာစေရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယင်းတို့၏ စီးပွားရေးအဆင့်အတန်းတိုးတက်ဖြစ်ထွန်းလာစေရေးတို့အတွက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပူးပေါင်းဆောင်ရွက်ရမည်။

အခန်း(၁၈)

စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်နှင့် အခွင့်အရေး

၃၁။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်နှင့် အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ အခွင့်အရေးများကို ရရှိခံစားနိုင်ရန် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်း၊

(ခ) စီးပွားရေး သို့မဟုတ် လူမှုပတ်ဝန်းကျင် ပြောင်းလဲဖြစ်ပေါ်မှုများကို တုံ့ပြန်နိုင်ရန်နှင့်စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စီမံခန့်ခွဲမှုပုံစံနှင့်တိုးတက်သောနည်းပညာများကို လွတ်လပ်စွာပြောင်းလဲဆောင်ရွက်ခြင်း၊

(ဂ) ဤဥပဒေအရ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအဖြစ် အကျုံးဝင်သည့်အမြဲတမ်းလုပ်သားဦးရေနှစ်တစ်နှစ်ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ သတ်မှတ်ချက်တစ်ရပ်ရပ်နှင့် မကိုက်ညီသည့်အခါ စီးပွားရေး လုပ်ငန်းလုပ်ကိုင်သူက အေဂျင်စီသို့သတင်းပေးပို့တင်ပြခြင်း၊ ခွင့်ပြုကာလမပြည့်မီ သုံးလကြိုတင်၍ ပြောင်းလဲမှတ်ပုံတင်ပြီး မူလမှတ်ပုံတင်လက်မှတ်ကို ပြန်လည်အပ်နှံခြင်း၊

စာမျက်နှာ ၉ သို့ →

➜ စာမျက်နှာ ၈ မှ

(ဃ) မိမိလုပ်ငန်း၏ စာရင်းဇယားမှတ်တမ်းများကို သတ်မှတ်ချက်နှင့်အညီ ပြုစုထိန်းသိမ်းထားရှိခြင်း၊ လိုအပ်ချက်နှင့်အညီ စစ်ဆေးမှုကိုခံယူခြင်း၊

(င) နစ်နာမှုများ၊ စီးပွားရေးဆိုင်ရာအကာအကွယ်ရယူလိုမှုများနှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာအေဂျင်စီမှတစ်ဆင့် အေဂျင်စီသို့ တင်ပြခွင့်ရှိခြင်း၊

(စ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့်စွမ်းအင်ကို အကျိုးရှိရှိထိရောက်စွာ အသုံးချရေးသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် စက်ကိရိယာများအသုံးပြုရေးတို့အတွက် အေဂျင်စီမှတစ်ဆင့် အစိုးရနှင့် အစိုးရမဟုတ်သော နည်းပညာဆိုင်ရာ သုတေသနဌာနများ၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊

(ဆ) ပြည်တွင်း၊ ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ ကုန်စည်ပြပွဲနှင့် ပြိုင်ပွဲများသို့ အေဂျင်စီ၏ အစီအစဉ်ဖြင့် တက်ရောက်နိုင်ခြင်း၊

(ဇ) အစိုးရဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများမှ ထောက်ပံ့သည့်ငွေကြေးနှင့် အခြားဝန်ဆောင်မှုများရရှိရန် အေဂျင်စီမှတစ်ဆင့် လျှောက်ထားနိုင်ခြင်း၊

(ဈ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစီမံချက်များ အလိုက် ချေးငွေရယူဆောင်ရွက်နိုင်ရန် အေဂျင်စီသို့ လျှောက်ထားနိုင်ခြင်း၊

(ည) ပြည်တွင်း၊ ပြည်ပစီးပွားရေးကွန်ရက်များတွင် အေဂျင်စီ၏ အစီအစဉ်ဖြင့် ပါဝင်နိုင်ခြင်း။

အခန်း (၁၉)
မှတ်ပုံတင်ခြင်း

၃၂။ အေဂျင်စီသည် -

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများက သက်ဆိုင်ရာ လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်လက်မှတ် တင်ပြနိုင်လျှင် မှတ်ပုံတင်ခွင့်ပြုရမည်။

(ခ) လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်ရန်မလိုအပ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖြစ်ပါက အောက်ပါသတ်မှတ်ချက်များနှင့် ညီညွတ်လျှင် မှတ်ပုံတင်ခွင့်ပြုရမည် -

(၁) ပတ်ဝန်းကျင်တွင် နေထိုင်လျက်ရှိသော ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်မှုမရှိခြင်း၊

(၂) သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှု အနည်းဆုံးဖြစ်ခြင်းနှင့် ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးနိုင်ခြင်း၊

(၃) မီးဘေးအန္တရာယ်ကင်းရှင်းစေရေး စီမံဆောင်ရွက်ထားခြင်း၊

(၄) လုပ်ငန်းခွင်ဘေးအန္တရာယ်နှင့်လုပ်သားများကျန်းမာရေး ထိခိုက်မှုမရှိစေရေး စီမံဆောင်ရွက်ထားခြင်း။

၃၃။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် သက်ဆိုင်ရာ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့၌ မှတ်ပုံတင်ခြင်း၊ စီးပွားရေးလုပ်ငန်းလိုင်စင်ထုတ်ယူခြင်းနှင့် လိုအပ်သောထောက်ခံချက်များ လျှောက်ထားခြင်းတို့ပြုနိုင်သည်။

၃၄။ အေဂျင်စီသည် အောက်ပါအကြောင်းအရာတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ မှတ်ပုံတင်ခွင့်ကို ပြန်လည်ရုပ်သိမ်းရမည် -

(က) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူက မှတ်ပုံတင်လက်မှတ်ကို ပြန်လည်အပ်နှံခြင်း၊

(ခ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လုပ်ငန်းရပ်စဲခံရခြင်း၊

(ဂ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ထက်ကျော်လွန်၍ စီးပွားရေးလုပ်ငန်းများ ပြောင်းလဲဖြစ်ပေါ်မှုသည် ကန့်သတ်ကာလသုံးနှစ်ထက်ကျော်လွန်ခြင်း။

အခန်း (၂၀)
အထွေထွေ

၃၅။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် ဝန်ကြီးဌာနသည် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့၊ ဒေသဆိုင်ရာအေဂျင်စီနှင့် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောအဖွဲ့တို့၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီကျခံရမည်။

၃၆။ ဝန်ကြီးဌာနသည် နိုင်ငံဝန်ထမ်းမဟုတ်သည့် ဗဟိုကော်မတီအဖွဲ့ဝင်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်၊ အေဂျင်စီအဖွဲ့ဝင်၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဝင်နှင့် လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဝင်တို့၏ ချီးမြှင့်ငွေနှင့် စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

၃၇။ ဤဥပဒေပါပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။

၃၈။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် ဤဥပဒေအရ အကျိုးခံစားခွင့်များကိုရရှိစေရန် ပုဒ်မ ၃၂ အညီ မှတ်ပုံတင်ပြုလုပ်နိုင်ပြီး အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃/၂၀၁၅) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) အေဂျင်စီနှင့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့တို့သည် လုပ်ငန်းကော်မတီ၏သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၄၀။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၉-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ၀၆:၀၃	တရားတော်	၈။ ၁၀:၅၀	သာယာသီကြွေးခေတ်ဆန်းတေး
၂။ ၀၆:၄၅	ဓမ္မပူဇာတေး	၉။ ၁၂:၁၅	လေးစားအတုယူစံနမူနာ သူရဲကောင်းများ
၃။ ၀၇:၀၀	နုပျိုလှပကျန်းမာဖို့လမ်းလျှောက်ကြပါစို့		
၄။ ၀၈:၃၀	မောင်မယ်လေးများသိစေချင်	၁၀။ ၁၃:၁၅	တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်
၅။ ၀၈:၄၅	မှတ်သားလိုက်နာပုံပမာ		
၆။ ၀၉:၂၅	မြန်မာသံစဉ်ချိုနားဝင်	၁၁။ ၁၃:၂၀	အမှတ်တရနေ့ရက်များ
၇။ ၁၀:၃၀	စိုက်ပျိုးသုတ	၁၂။ ၁၃:၅၀	ကမ္ဘာ့ရေးရာမှတ်သားစရာ
၁၃။ ၁၄:၃၅	အဟောင်းထဲမှ အကောင်းဆုံး တေးသီချင်းကဏ္ဍာ		
၁၄။ ၁၅:၃၀	ဆောင်းပါးပေါ်မှ စာစုများ		
၁၅။ ၁၆:၄၀	ကိုယ်လက်လှုပ်ရှားအားကစား		
၁၆။ ၁၇:၃၀	မွေးမြူသုတ		
၁၇။ ၁၇:၄၅	သီချင်းလက်ဆောင်		

ရွှေမြန်မာတည့် ရွှေလူမျိုး

◆ မြန်မာ့မျက်ရှု၊ ယဉ်ကျေးမှုကို
အနုပညာ၊ အလင်္ကာနှင့်
ထံတျာဂီတ၊ ကြည်ချိုမြနှင့်
အကပန်တျာ၊ နွဲ့နောင်းသာနှင့်
ရိုးရာထုံးတမ်း၊ လက်ဆင့်ကမ်းခဲ့
ကမ်းသည့်အမွေ၊ ဆက်ခံနေသည်
ရွှေမြန်မာတည့် ရွှေလူမျိုး။
မြန်မာ့ကျက်သရေ ဝေစည်ဖြိုး။

◆ အခြေအမြစ်၊ အမွေစစ်ကို
နှစ်သက်မြတ်နိုး၊ ဂုဏ်ရည်တိုးအောင်
အမျိုးသားရေးစံ၊ ဇာတိမာန်နှင့်
ရှင်သန်စေမှု၊ ပုံဖော်ပြုသည့်
အနုအယဉ်၊ ပွဲသဘင်၌
ယှဉ်ပြိုင်နွဲကြ၊ စွမ်းရည်ပြသည်
အာဂစစ်သည် စစ်သမီး။
ဗီဇပေါ်လွင် ရွှန်းရွှန်းတည်း။

◆ ဘိုးဘွားစဉ်ဆက်၊ ရှေးလက်ထက်မှ
ဆင်းသက်ခဲ့ရာ၊ ခုချိန်ခါထိ
ကာလကြာလဲ(လည်း)၊ မပြောင်းလဲဘူး
သစ်ဆဲလွင်ဆဲ၊ ခံ့ထည်ဆဲတည့်
နုဆဲယဉ်ဆဲ၊ သိမ်မွေ့ဆဲတည့်
အမြဲတံ့တည်၊ နှလုံးရည်နှင့်
အရည်အသွေး၊ ဂုဏ်ရည်မွှေးခဲ့
မွှေးခဲ့ဂုဏ်ရည်၊ အခွန်ရှည်ဖို့
စစ်သည်စစ်သမီး၊ အသီးသီးတို့
ကြီးမြတ်ဝန်တာ၊ ကျေပွန်ပါပေ့
ပညာပေးရန်၊ စိတ်အားသန်လျက်
ပြန်ကြားပေးရန်၊ သွက်လက်မြန်၏
အောင်သံသီကြွေး၊ ဖျော်ဖြေပေးသည်
လေးစားအားကျ ဂုဏ်ယူမဆုံး။
ကြည်နူးချမ်းမြေ ပီတိဖုံး။

◆ သဘင်ပွဲကို
ဆင်နွဲပျော်ရွှင်၊ အောင်ပန်းဆင်ရင်း
အစဉ်သဖြင့်၊ ပွဲလယ်တင့်ရန်
လေ့ကျင့်လေ့လာ၊ လိုက်နာထုံးနည်း
စောင့်စည်းအနု၊ မြန်မာမှုနှင့်
"ပြည်သူ့ဆက်ဆံရေး၊ ဆက်သွယ်ပေး"ကာ
"စိတ်ဓာတ်စစ်ဆင်ရေး၊ အားမြှင့်ပေး"လျက်
ပေးသည့်တာဝန်၊ ထမ်းရွက်ပွန်သည်
အားသွန်ခွန်စိုက် ပါတကား။ ။

ရေနံ့သာမောင်ကျော်ညွှန့်

ရန်ကုန်တိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (အခြေခံပညာအဆင့်)ဖွင့်ပွဲကျင်းပ



ရန်ကုန် စက်တင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အခြေခံပညာအဆင့်) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတွင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ကြည့်မြင်တိုင်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "မင်္ဂလာပါမြန်မာ" သီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး (၂၇)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယကတိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "လောကအားမာန်" သီချင်းကို သံစုံတီးဝိုင်းဖြင့်တီးခတ်ကာ ဖျော်ဖြေခြင်း၊ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "မျိုးမျိုးလင်း" မြန်မာ့ဆိုင်းဝိုင်းဖြင့် တီးခတ်ကာ သီဆိုဖျော်ဖြေခြင်း နှင့်ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ကဗျာလွတ် (ယိမ်းအက)" ဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ထို့ပြင် (၂၇)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲအကပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း၊ အဆိုပြိုင်ပွဲကို လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း၊ အရေးပြိုင်ပွဲကို ဒဂုံမြို့နယ်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း၊ အတီးပြိုင်ပွဲကို စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း ယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး ဘာသာရပ်အလိုက် ဒိုင်အဖွဲ့ဝင်များဖြစ်ကြသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကား ပြောကြားသည်။

အခြေခံပညာအဆင့် ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများမှ ဘာသာရပ်အလိုက် ပြိုင်ပွဲဝင် စုစုပေါင်း ၅၅၇ ဦးက စက်တင်ဘာလ ၁ ရက်မှ ၂ ရက်အထိ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **ဇွဲထက်ကို(ပြန်/ဆက်)**

မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁

မကွေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင် များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/၈လ)**



◆ **ရွေ့ဖုံးမှအဆက်**

ပုဇွန်တောင်၊ မလွကုန်း၊ နှင်းဆီကုန်း၊ သဃ်ိန်းကျွန်း၊ ငမိုးရိပ်နှင့် တိုးကြောင်ကလေးစသည့် ဘူတာများတွင် ဘူတာစဉ်အတိုင်း ရပ်တန့်ပေးသွားမည် ဖြစ်သည်။

ယနေ့စတင်ပြေးဆွဲသည့် ရန်ကုန်-ဒဂုံတက္ကသိုလ်ရထားခရီးစဉ်တွင် ခရီးသွားပြည်သူများနှင့် ဒဂုံတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ သွားလာရေးပိုမိုလွယ်ကူအဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်ပြီး ရထားစီးနင်းမှုများပြားလာပါက ရထားထပ်တိုးပြေးဆွဲပေးမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှသိရသည်။

ရန်ကုန်- တိုးကြောင်ကလေး -ဒဂုံတက္ကသိုလ်ရထားခရီးစဉ်ကို လိုက်ပါစီးနင်းခဲ့ကြသူများ၏ စကားသံများကို ဖော်ပြအပ်ပါသည်။

မစွမ်းသီရိစံ

ပထမနှစ်၊ စီးပွားရေးဆိုင်ရာသတင်းအချက်အလက်နည်းပညာကျောင်းသူ

အရင်ကတော့ကျောင်းကို ဖယ်ရီနဲ့ သွားတာပါ။ဆီဈေးနှုန်းအခြေအနေကြောင့် ဖယ်ရီခက တဖြည်းဖြည်းနဲ့ ဈေးတက်လာတယ်။ အခု ရထားက ဈေးနှုန်းလည်း သက်သာတယ်။ မြန်မြန်လည်း ရောက်



မစွမ်းသီရိစံ



မောင်မင်းခန့်ကို



ဒေါက်တာချစ်စိန်



ဦးကိုကိုကျော်

တယ်။ အဲဒါကြောင့်မို့ ရထားနဲ့ပဲသွားဖို့ ဆုံးဖြတ်ထားတယ်။ ဒီလိုရထားပြေးဆွဲနိုင်အောင် သေချာပြင်ဆင်ပြီး ဆောင်ရွက်ပေးတဲ့အတွက်၊ အခုလို ကျောင်းသား၊ ကျောင်းသူတွေ ကျောင်းလာရတာ အဆင်ပြေအောင် ပြေးဆွဲပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။

မောင်မင်းခန့်ကို

မဟာအရည်အချင်းစစ်သင်တန်း၊ ကွန်ပျူတာသိပ္ပံ၊ ဒဂုံတက္ကသိုလ်

ကျွန်တော်က နေ့စဉ်ဘတ်စ်ကားနဲ့ ကျောင်းလာတာပါ။ ဒဂုံတက္ကသိုလ်က အသွားအလာများတဲ့အတွက် ဘတ်စ်ကားနည်းနည်းကျပ်တယ်။ အခုရထားပြေးဆွဲတဲ့အတွက် ဝမ်းသာမိတယ်။

ဒေါက်တာချစ်စိန်

ပါမောက္ခချုပ်၊ ဒဂုံတက္ကသိုလ်

အင်မတန်မှကောင်းမွန်တဲ့ ခရီးစဉ်ဖြစ်ပါတယ်။ ကျွန်တော်တို့ ကျောင်းသား၊ ကျောင်းသူတွေဟာ YBS ကိုသာအားကိုးပြီး နေ့စဉ်နေ့တိုင်း ကျောင်းအတက်အဆင်းကို ဆောင်ရွက်နေရာကနေ အခုလို မြန်မာ့မီးရထားကအချိန်မှန်စွာ ပြန်လည်ပြေးဆွဲပေးတဲ့အတွက် ကျောင်းသား၊ ကျောင်းသူတွေ၊ ကျွန်တော်တို့ ဆရာ၊ ဆရာမတွေ ဝမ်းသာကျေနပ်ကြပါတယ်။

အခုအထိတော့ ကျွန်တော်တို့ ဒဂုံတက္ကသိုလ်မှာ နေ့သင်တန်း ကျောင်းသား၊ ကျောင်းသူအနေနဲ့ ၅၇၇၀ ရှိပြီး အဝေးသင်ကျောင်းသား၊ ကျောင်းသူအနေနဲ့တော့ ၃၅၀၀၀ ကျော်ရှိပါတယ်။ နေ့သင်တန်းကျောင်းသား၊ ကျောင်းသူတွေ လာမယ့် စက်တင်ဘာလမှာ စာမေးပွဲရှိတယ်။ အခုလို မီးရထားပြေးဆွဲပေးတဲ့အတွက် စာမေးပွဲ လာရောက် ဖြေဆိုမှုအတွက် သွားရလာရတာ ပိုပြီးအဆင်ပြေသွားပါတယ်။ တကယ်လို့များ ကျောင်းသား၊ ကျောင်းသူတွေ ပိုပြီးစီးနင်းလာရင် မီးရထားအနေနဲ့ ထပ်မံတိုးချဲ့ပြေးဆွဲပေးပါလို့လည်း ကျွန်တော်က မေတ္တာရပ်ခံပါတယ်။

ဦးကိုကိုကျော်(တိုင်းမန်နေဂျာ) တိုင်းအမှတ်(၇)၊ မြန်မာ့မီးရထား

မြန်မာ့မီးရထားအနေနဲ့ လက်ရှိရန်ကုန်-မန္တလေး၊ရန်ကုန်-ပြည်၊ရန်ကုန်-မော်လမြိုင် DEMU ရထားခရီးစဉ်တွေ ပြေးဆွဲလျက်ရှိပြီး ဒဂုံတက္ကသိုလ်ကျောင်းသား၊ကျောင်းသူတွေနဲ့ ဆရာ၊ ဆရာမတွေ ခရီးသွားလာမှုအဆင်ပြေစေဖို့အတွက် ဒဂုံတက္ကသိုလ် ရထားခရီးစဉ်ကို ပြန်လည်ပြေးဆွဲပေးခြင်းဖြစ်ပါတယ်။

ဒဂုံတက္ကသိုလ်ကို ပြေးဆွဲတဲ့အချိန်က အစောဆုံးရထား နံနက် ၆ နာရီ ၁၅ မိနစ်

ထွက်ပါမယ်။ ဒုတိယရထား ၇ နာရီ ၄၅ မိနစ် ထွက်ပါမယ်။ တွဲဆိုင်းနှစ်ဆိုင်းနဲ့ ကျွန်တော်တို့ အသွားအပြန် ၁၂ ခေါက် ပြေးဆွဲမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြေးဆွဲပေးတဲ့ တွဲဆိုင်းတွေက BEL (Battery Electric Locomotive) ဆိုတဲ့ ဘက်ထရီစက်ခေါင်းနဲ့ ပြေးဆွဲပေးတာဖြစ်ပါတယ်။ အဲဒီမှာ တွဲခြောက်တွဲပါပြီး တစ်တွဲမှာ ခရီးသည် ၆၂ ဦးနဲ့ ကျောင်းသား၊ ကျောင်းသူ ၄၀၀ နီးပါး လိုက်ပါစီးနင်းနိုင်ပါတယ်။ ရပ်တန့်မယ့် ဘူတာတွေကတော့ ရန်ကုန်ဘူတာကြီးမှ စတင်ထွက်လာမယ်ဆို ပုဇွန်တောင်၊ မလွကုန်း၊ နှင်းဆီကုန်း၊ သဃ်ိန်းကျွန်း၊ ငမိုးရိပ်၊ တိုးကြောင်ကလေး၊ ဒဂုံတက္ကသိုလ် တို့ဖြစ်ပါတယ်။ လက်မှတ်ခနှုန်းထားတွေကတော့ ဘယ်ဘူတာကိုစီးစီး ၅၀၀ ကျပ်ပါ။ မြန်မာ့မီးရထားကနေ ဒဂုံတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူတွေနဲ့ ဆရာ၊ ဆရာမတွေ အဆင်ပြေအောင် BEL ဘက်ထရီစက်ခေါင်းနဲ့ ပြေးဆွဲပေးတာဖြစ်ပါတယ်။ ဒါကြောင့်မို့ ရထားလိုက်ပါစီးနင်းအားပေးကြပါ။ စီးနင်းတဲ့အခါမှာ ရထားပေါ်မှာ စည်းကမ်းရှိရှိ စီးနင်းခြင်းအားဖြင့် ကူညီပေးကြပါလို့ တိုက်တွန်းအကြံပြုချင်ပါတယ်။ **ကျော်စိုးဝင်း၊ ဓာတ်ပုံ-သီဟ**

ပြည်သူများအမှန်တကယ်အကျိုးရှိစေမည့် လူထုအခြေပြုပြန်ကြားရေးလုပ်ငန်းများကို တက်တက်ကြွကြွဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁

ရှမ်းပြည်နယ်သည်ရှမ်းတိုင်းရင်းသားများသာမက သွေးချင်းတိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြသည့် ပြည်နယ်တစ်ခုဖြစ်သည့်အတွက် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ၊ ဒေသအလိုက် ထူးခြားသည့်လူမှုစီးပွားရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအကြောင်းအရာများကို စနစ်တကျမှတ်တမ်းတင်ဖော်ပြရန် ပြန်ကြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးထိန်လင်းက ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့်လုပ်ငန်းတို့မှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံစဉ် မှာကြားသည်။



အဆိုပါ တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအတွက်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့အတွက် MRTV DTH စလောင်း ၁၅ စုံနှင့် CANAL+ ၁၀ စုံတို့ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးထံလည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အတွက် MRTV DTH စလောင်း ၁၀ စုံနှင့် CANAL+ ၁၀ စုံတို့ကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးထံလည်းကောင်း ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင်အဆိုပါလူထုအခြေပြုဗဟိုဌာန၌ တိုင်းရင်းသားရိုးရာ အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှု၊ စာကြည့်တိုက်အတွင်း စာအုပ်၊ စာစောင်များ စနစ်တကျထိန်းသိမ်းထားရှိမှုနှင့် ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး (ဟိုပုံး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်သူများအတွက် အမှန်တကယ်အကျိုးရှိစေမည့် လူထုအခြေပြုပြန်ကြားရေးလုပ်ငန်းများကို စိတ်ရင်းစေတနာဖြင့် တက်တက်ကြွကြွ ကြိုးစားဆောင်ရွက်ရန်မှာကြားကာဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့အတူ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် MRTV DTH စလောင်း ၁၀ စုံနှင့် CANAL+ ၅ စုံတို့ကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌဦးခွန်ဖိုးစိန်ထံလည်းကောင်း၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းအတွက် MRTV DTH စလောင်း ၁၀ စုံနှင့် CANAL+ ၅ စုံတို့ကို ကျောင်းတာဝန်ရှိသူတစ်ဦးထံလည်းကောင်းပေးအပ်ပြီး အဆိုပါရုံးရှိဒေသဆိုင်ရာပြတိုက်ငယ်အတွင်း တိုင်းရင်းသားရိုးရာပစ္စည်းများ ခင်းကျင်းပြင်ဆင်ထားရှိမှုနှင့် ပြည်သူ့စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် တောင်ကြီးမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှု၊ ရုပ်မြင်သံကြားအစီအစဉ်များနှင့် ရေဒီယိုအစီအစဉ်များ ထပ်ဆင့်ထုတ်လွှင့်မှု၊ စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

ပြည်သူများအမှန်တကယ်အကျိုးရှိစေမည့် လူထုအခြေပြုပြန်ကြားရေးလုပ်ငန်းများကို တက်တက်ကြွကြွဆောင်ရွက်

⇒ **ရှေ့ဖုံးမှအဆက်**

(HED)ရေတံခါးရွက် ၂၀ တပ်ဆင်၍ ရေလှောင်ပမာဏ ဇကပေ ၂၁၀၀၀ ခန့်၊ ပို့မိုသို့လှောင်နိုင်ခြင်းကြောင့် နှစ်စဉ်ရေအားလျှပ်စစ်ယူနစ်ရှစ်သန်း ပို့မိုထုတ်လုပ်ကာ စုစုပေါင်းရေအားလျှပ်စစ်ယူနစ် ၉၁၉ သန်း ထုတ်လုပ်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင်နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ အောက်ပေါင်းလောင်းရေလှောင်တမံသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် သွားရောက်၍ တမံအတွင်းရေဝင်ရောက်မှု၊ တမံကြံ့ခိုင်မှုနှင့် ရေပို့လွှဲမှုရေကျော်စီးဆင်းမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား တမံလုံခြုံရေးနှင့်တမံဘေးကင်းလုံခြုံမှုအချက်ပြအလံလွှင့်ထူမှုစနစ်ဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

အောက်ပေါင်းလောင်းရေလှောင်တမံအနေဖြင့် တည်ဆောက်အသုံးပြုခဲ့သည့် ၂၁ နှစ်တာကာလအတွင်း ရေပို့လွှဲမှ ၁၈ ကြိမ် ရေကျော်စီးဆင်းခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ရာဂိမုန်တိုင်းအရှိန်ကြောင့် ရေပို့လွှဲမှ အမြင့် ၁၁ ပေကျော်အထိ ရေကျော်စီးဆင်းခဲ့ပြီး ဒေသတွင်း ရေကြီးရေလျှံမှုကြုံတွေ့ခဲ့ရသော်လည်း လက်ရှိအခြေအနေအရ ဒေသ၏ ဘေးကင်းလုံခြုံမှုနှင့်ရေကြီးရေလျှံမှုအတွက် စိုးရိမ်ဖွယ်မရှိကြောင်းနှင့် ရေသိုလှောင်ပမာဏများပြားသောတမံများ၏ အခြေအနေအား သက်ဆိုင်ရာ ဒေသအသီးသီးရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများက လူမှုမီဒီယာများမှ အချိန်နှင့်တစ်ပြေးညီ အသိပေးလျက်ရှိကြောင်း သိရသည်။

မြဝတီ





ဝန်တာတမံနိမ့်ကျမှုဖြစ်ပေါ်ခဲ့မှုအပေါ် ရေတိုက်စားမှုကာကွယ်ခြင်းနှင့် ရေစီးလမ်းကြောင်းပိတ်ဆို့ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁

ဝန်တာတမံနိမ့်ကျမှုကြောင့် ရေစီးဝင်လမ်းကြောင်း၏ လက်ယာဘက်ခြမ်းအား နိုင်လွန်ကြိုးပိုက်များဖြင့်ထုပ်ပြီး သဲအိတ်တွဲများချခြင်း၊ ဒဂုန်စာမရီရေယာဉ်ကြီးဖြင့် Geobags အိတ်ကြီးများချခြင်း၊ Steel Sheet Pile များရိုက်သွင်းခြင်း၊ အလယ်ရေနက်ရေစီးကြောင်းတွင် Split Berge ရေယာဉ်ကြီးဖြင့် Geobags အိတ်ကြီးများချခြင်း၊ လက်ဝဲဘက်ခြမ်းအား Steel Sheet Pile များ၏ နောက်ကျောဘက်တွင် Jumbo Bag များချခြင်းလုပ်ငန်းများကို ဇရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တံတားဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများက ဆောင်ရွက်လျက်ရှိသည်။



အဆိုပါလုပ်ငန်းများကို ယမန်နေ့က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ရှိရေတိုက်စားမှုကာကွယ်ခြင်း လုပ်ငန်းနှင့် ရေစီးလမ်းကြောင်းပိတ်ဆို့ကာကွယ်နိုင်ရေး အရှိန်အဟုန်ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ ဝန်မြစ်နှင့်ဝန်တာနိမ့်ကျရေစီးဝင်သည့် နေရာတို့၏ နေ့စဉ် ရေထုထည်စီးနှုန်းနှင့် မြစ်ကြမ်းပြင် နိမ့်မြင့်အခြေအနေ၊ လိုအပ်သောတည်ဆောက်ရေးလုပ်ငန်းခွင်သုံးပစ္စည်းများ စုဆောင်းထားရှိမှုနှင့် ထပ်မံသယ်ယူမည့် အခြေအနေများကို တင်ပြဆွေးနွေးပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယနေ့နံနက်ပိုင်းတွင်ညောင်ထုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဇရာဝတီမြစ်ခွဲ)တာမိုင် (၁၁/၆)မှ (၁၁/၆+၃၀၀) နေရာ၌ မြစ်ရေတိုက်စားမှုကြောင့် ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ပထမယာယီပန်းတာအရှေ့လျှောစောက်အခြေနှင့် နောက်ဘက်လျှောစောက်အခြေတွင် သဲအိတ်များထောက်ခြင်း၊ တာတမံကြံ့ခိုင်မှုအားနည်းသည့်တာမိုင်(၁၁/၅) နှင့် (၁၁/၆) ကြားတွင် အလျားပေ ၃၀၀ တုတ်တန်းရိုက်သဲဖြည့်ခြင်း၏ နောက်ဘက်တွင် သဲအိတ်ဖြင့် အခြေထောက်ခြင်းအား ပို့မိုတောင့်တင်းခိုင်မာမှုရှိစေရန်ဆောင်ရွက်ခြင်း၊ ဒုတိယယာယီပန်းတာ ဆက်လက်လုပ်ငန်းဆောင်ရွက်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

● **ကျောဖုံးမှအဆက်**

တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၂ ပွဲ ၁ ပွဲဖြင့် လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် ပဲခူးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ၂ ပွဲ ၁ ပွဲဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ ပိုက်ကျော်ခြင်း(အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲအကြိုဗိုလ်လုပွဲပွဲစဉ်များအဖြစ် ဇရာဝတီတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၂ ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ်စက်တင်ဘာလ ၂ ရက်မွန်းလွဲ ၂ နာရီတွင် ပိုက်ကျော်ခြင်း (အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ဇရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်း၊ ညနေ ၃ နာရီတွင် ပိုက်ကျော်ခြင်း(အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို **"အခမဲ့"** လာရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်းနှင့် ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုပေးပွဲအခမ်းအနားကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရုပ်သံလိုင်းများဖြစ်သည့် MRTV-4 HD, MRTV Sports Channel နှင့် MRTV Entertainment တို့တွင် တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

၂၀၂၆ ခုနှစ် ဩဂုတ်လအတွင်း (၁-၈-၂၀၂၆ ရက်နေ့မှ ၃၁-၈-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 (PM_{10})၊ Sulphur Dioxide (SO_2) ၊ Nitrogen Dioxide (NO_2)၊ Ozone (O_3) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

စဉ်	ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ	တိုင်းတာသည့် Parameter များ					
		၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ	၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ	ဆာလဖာဒိုင် အောက်ဆိုက်	နိုက်ထရို ဂျင်ဒိုင် အောက်ဆိုက်	အိုဇုန်း	ကာဗွန် မိုနောက် ဆိုက်
၁	**နေပြည်တော်**						
၁	ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်	ကောင်းမွန်	–	ကောင်းမွန်	–	ကောင်းမွန်	
၂	ပုဇွန်တောင်မြို့နယ်၊ နေပြည်တော်	ကောင်းမွန်					
၂	**ရန်ကုန်တိုင်းဒေသကြီး**						
၁	ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၂	အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၃	ဒဂုံမြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၄	တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၅	သာကေတမြို့နယ်၊ ရန်ကုန်မြို့	လက်ခံနိုင်သော	–	–	–	ကောင်းမွန်	–
၆	ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့	–	–	–	–	ကောင်းမွန်	–
၇	သန်လျင်မြို့နယ်	ကောင်းမွန်		–	ကောင်းမွန်	–	–
၈	ဒလမြို့နယ်	ကောင်းမွန်					
၉	လှည်းကူးမြို့နယ်	ကောင်းမွန်					
၃	**မန္တလေးတိုင်းဒေသကြီး**						
၁	အမရပူရမြို့နယ်၊ မန္တလေးမြို့	ကောင်းမွန်					
၂	အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့	လက်ခံနိုင်သော				လက်ခံနိုင်သော	
၃	ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၄	ညောင်ဦးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၅	ကျောက်ဆည်မြို့	ကောင်းမွန်					
၆	ပြင်ဦးလွင်မြို့	ကောင်းမွန်					
၇	မိတ္ထီလာမြို့	ကောင်းမွန်					
၄	**စစ်ကိုင်းတိုင်းဒေသကြီး**						
၁	မုံရွာမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၅	**တနင်္သာရီတိုင်းဒေသကြီး**						
၁	ထားဝယ်မြို့	ကောင်းမွန်					
၂	ကော့သောင်းမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၆	**ပဲခူးတိုင်းဒေသကြီး**						
၁	ပဲခူးမြို့	ကောင်းမွန်					
၂	တောင်ငူမြို့	ကောင်းမွန်					
၃	ပြည်မြို့	ကောင်းမွန်					
၄	သာယာဝတီမြို့	ကောင်းမွန်				လက်ခံနိုင်သော	ကောင်းမွန်
၇	**မကွေးတိုင်းဒေသကြီး**						
၁	မကွေးမြို့	ကောင်းမွန်					
၂	သရက်မြို့	–	ကောင်းမွန်	–	ကောင်းမွန်	–	ကောင်းမွန်
၈	**ဧရာဝတီတိုင်းဒေသကြီး**						
၁	ပုသိမ်မြို့	ကောင်းမွန်					
၂	ဖျာပုံမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၉	**ကချင်ပြည်နယ်**						
၁	မြစ်ကြီးနားမြို့	လက်ခံနိုင်သော	ကောင်းမွန်	လက်ခံနိုင်သော	ကောင်းမွန်		
၁၀	**ကယားပြည်နယ်**						
၁	လွိုင်ကော်မြို့	ကောင်းမွန်	–	ကောင်းမွန်	–	ကောင်းမွန်	
၁၁	**ကရင်ပြည်နယ်**						
၁	ဘားအံမြို့	ကောင်းမွန်					
၂	မြဝတီမြို့	ကောင်းမွန်		လက်ခံနိုင်သော		ကောင်းမွန်	
၁၂	**ချင်းပြည်နယ်**						
၁	မော်လမြိုင်မြို့	ကောင်းမွန်					
၂	သထုံမြို့	ကောင်းမွန်					
၃	ဟုံးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၄	ချောင်းဆုံမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၁၃	**ရှမ်းပြည်နယ်**						
၁	တောင်ကြီးမြို့	ကောင်းမွန်					
၂	ကျိုင်းတုံမြို့	ကောင်းမွန်	–	–	–	–	–
၃	တာချီလိတ်မြို့	ကောင်းမွန်	–	–	–	–	–

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

0-50	လေထုအရည်အသွေးကောင်းမွန်သောအဆင့်
51-100	လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့်
101-150	ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
151-200	ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
201-300	ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့်
301-500	ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့်

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံလွှင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ကျောက်ဆည်မြို့နယ်၌ နွေဥခင်းများအောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် စက်တင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ မိုးသီးနှံ နွေဥ ၈၅၁ ဧကာ စိုက်ပျိုးထားပြီး စိုက်ပျိုးထားသောနွေဥစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

နွေဥသီးနှံစိုက်ပျိုးမည်ဆိုပါက မြေကို စိတ်ကြိုက်ပြုပြင်ပြီးအကျယ် ၃ ပေ၊ အမြင့် ၁ ပေခွဲခန့် မြေပေါင်များ ပြုလုပ်ကာ စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးရာတွင် နွေဥခေါင်းမျိုး စိုက်ပျိုးခြင်းနှင့် နွေဥအတက်မျိုး စိုက်ပျိုးခြင်းဟူ၍နှစ်မျိုးရှိကြောင်း၊ စိုက်ပျိုးရာတွင် တစ်ပင်နှင့်တစ်ပင်၊ တစ်တန်းနှင့် တစ်တန်း ၅ လက်မ အကွာစိုက်ပျိုးရကြောင်း၊ နွေဥသည် မြေဆီတွင် အတက်ပွားသည့် သီးနှံဖြစ်သောကြောင့် မြေအစိုဓာတ်ရရှိစေရန် ရေသွင်းပေးရကြောင်း၊ စိုက်ပျိုးပြီး လေးလခန့်တွင် နွေဥအပွင့်များစတင်ပွင့်ပြီး ရှစ်လကျော်တွင် နွေဥအတက်များ တူးဖော်ရကြောင်း၊ အကျိုးအမြတ်ရှိပြီး ခိုင်မာသေချာသည့် သီးနှံထုတ်လုပ်မှုဖြစ်လာနိုင်ရန် တိုးတက်ဖွံ့ဖြိုးလာသည့် စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များနှင့်အညီ လိုက်ပါတွေးခေါ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

(၄၀၂)



မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

(မိုး/၈လ)

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

ကော့သောင်း စက်တင်ဘာ ၁

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ လူစည်ကားရာနေရာများ၌ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဩဂုတ်လ ၃၁ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ အသိပညာပေးဆောင်ရွက်ရာတွင် ကော့သောင်းခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးနေယုန့်နှင့် တာဝန်ရှိသူများက ကော့သောင်းမြို့ လူစည်ကားရာ အုပ်ငြိပတ်၊ နာရီစင်နှင့် ကမ်းနားလမ်းတို့တွင် ရေဘေး၊ မုန်တိုင်းဘေးနှင့် လေပြင်းဘေး အန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းကြိုတင်ပြင်ဆင်ရေးနှင့်ဆောင်ရန်၊ ရှောင်ရန်များ၊ သဘာဝဘေးဖြစ်ပေါ်နေချိန်၊ ဖြစ်ပေါ်ပြီးချိန် လိုက်နာဆောင်ရွက်ရန်နှင့် အသိပညာပေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(၄၁၂)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(မကွေး)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ဆန်းကို ယင်းတက္ကသိုလ်၏ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

➪ **ရှေ့ဝံ့မှအဆက်**

ဗလာဒီဗော့စတော့မြို့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်နိုင်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ဦးညီစောသည် ရုရှားသမ္မတ၏အကြံပေးနှင့် ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူး မစ္စတာ အန်တွန် ကိုဗျာကော့ဗ်၊ ရော့စ်ကွန်ဂရက်စ် ငွေကြေးရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး မစ္စတာ အလက်ဇန်းဒါး ရှတီရော့ဗ် တို့နှင့် ဗလာဒီဗော့စတော့မြို့၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲများသို့ ဒုတိယသမ္မတနှင့်အတူ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်၊ မြန်မာသံအမတ်ကြီး ဦးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **မြဝတီ**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စားရေရိကျွှာဖူလုံရေးနှင့် စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ မြှင့်တင်ရေးအတွက် အကောင်အထည်ဖော်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



မုံရွာ စက်တင်ဘာ ၁

မြေပြင်တွင် အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကိန်းဂဏာန်းစာရင်းမှန်ကန်စေရေး၊ တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးမြေ၊ ရေများအား အကျိုးရှိရှိအသုံးချကာ သီးထပ်သီးနှံများစိုက်ပျိုးသွားရေးနှင့် ဒေသခံတောင်သူများ လိုအပ်သည့်မျိုး၊ မြေဩဇာများနှင့် သွင်းအားစုများအတွက် ဒေသခံတောင်သူများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဌာနများအလိုက် စီမံချက်များစနစ်တကျရေးဆွဲကာ လုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးကိုလေးကပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင်ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စားရေရိကျွှာဖူလုံရေးနှင့် စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ မြှင့်တင်ရေးအတွက် အကောင်အထည်ဖော်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ထိုသို့ပြောကြားခြင်းဖြစ်သည်။

အစည်းအဝေးသို့ တိုင်းဒေသကြီး စားရေရိကျွှာဖူလုံရေးနှင့် စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ မြှင့်တင်ရေးအတွက် အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့်ကုန်သည်၊ စက်မှုလုပ်ငန်းရှင်အသင်းမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး စားရေရိကျွှာဖူလုံရေးနှင့် စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍမြှင့်တင်ရေးအတွက် အကောင်အထည်ဖော်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် ကုန်သည်၊ စက်မှုလုပ်ငန်းရှင်အသင်းမှတာဝန်ရှိသူများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်း စားရေရိကျွှာဖူလုံရေးနှင့် စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍမြှင့်တင်ရေးအတွက် မိမိတို့ဌာနများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

အနုပညာအထက်တန်းကျောင်း(ရန်ကုန်) ဒုတိယဝန်ကြီး ဦးအေးထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁

အနုပညာအထက်တန်းကျောင်း(ရန်ကုန်)၏ သက်တမ်းသည် နှစ်ပေါင်း ၇၄ နှစ်ရှိပြီဖြစ်ပြီး ကျောင်းကိုစတင်ဖွင့်လှစ်စဉ်က အနုပညာဘာသာရပ်တစ်ခုကိုသာ ဦးစားပေးသင်ကြားရာမှ တိုးတက်ပြောင်းလဲလာသည့် ခေတ်ကာလနှင့်လျော်ညီအောင် ၂၀၁၀ ပြည့်နှစ်တွင် ပန်တျာနှင့်ပန်းချီပန်းပုကျောင်းများကိုပေါင်း၍ အနုပညာအထက်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ယနေ့နံနက်ပိုင်းတွင် အမှတ် (၁၃၁) ကမ္ဘာအေးဘုရားလမ်းရှိ အနုပညာအထက်တန်းကျောင်း(ရန်ကုန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ယဉ်ကျေးမှုဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၏ ပြောကြားချက်အရ သိရခြင်းဖြစ်သည်။


ဆက်လက်၍အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အနုပညာအထက်တန်းကျောင်း(ရန်ကုန်)၏ ဖွင့်လှစ်သင်ကြားနေမှုများ ထုတ်လုပ်ဌာနစု(ရန်ကုန်)၊ အမျိုးသားဇာတ်ရုံ(ရန်ကုန်)တို့၏ ဆောင်ရွက်နေမှုလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့ပြင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ပန်တျာဌာနနှင့် ပန်းချီပန်းပုဌာနများတွင် တက်ရောက်သင်ယူလျက်ရှိသော ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်ကျောင်းသား၊ ကျောင်းသူများ၏ အနုပညာဘာသာရပ်ဆိုင်ရာသင်ကြားနေမှု၊ ထုတ်လုပ်ဌာနစု (ရန်ကုန်)၏ ယိမ်းအကများလေ့ကျင့်နေမှု၊ မြန်မာ့ရိုးရာကြိုးဆွဲရုပ်သေးရုပ်ပြုလုပ်ခြင်း အတတ်ပညာသင်တန်းမှ သင်တန်းသားများ၏ သင်ယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

➥ အယ်လ်နီညိုမှ

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မူမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ လာမည့်နွေကာလများတွင် နေ့အပူချိန်များမြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့်ပတ်သက်သည့်အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်းသိရသည်။ **(မိုး/၈လ)**



❐ လေဖိအားနည်းရပ်ဝန်းမှ

ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံအနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိသပြည်နယ်မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သဘော်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/၈လ)**

"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ဓမ္မနဲ့အဓမ္မကြားမှာ ကြားနေမရှိဆိုပြီး ဒလန်ခေါင်းစဉ်နဲ့ လူမဆန်စွာသတ်ဖြတ်ခဲ့ကြတဲ့ အကြမ်းဖက် NUG၊ PDF"** ခေါင်းစဉ်ဖြင့် ၂-၉-၂၀၂၆ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၉-၉-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"ဘာသာတရားနဲ့ရဟန်းသံဃာတော်တွေကို ခုတုံးလုပ်သွေးခွဲသတ်ဖြတ်နေကြတဲ့ အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များကို မတိမ်ကော မပပျောက်အောင် ထိန်းသိမ်းကြသူများ၏စကားသံများ

နေပြည်တော် စက်တင်ဘာ ၁

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးတက်ရောက်ချီးမြှင့်သည်။ အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များကိုထိန်းသိမ်းကြသည့် ဆုရ စစ်သည်/စစ်သမီးများနှင့် အစားခန့်ဝန်ထမ်းများ၏စကားသံများကို မျှဝေပေးလိုက်ရပါသည်-



တပ်ကြပ်ကြီးအေးမင်းထွန်း



တပ်ကြပ်ကြီးဇော်မင်းထွန်း



တပ်သားကျော်မင်းသက်



ဒုတိယအရာခံဗိုလ်(အစားခန့်) ဒေါ်ခင်ငြိမ်းချမ်းစိုး



ဒုတိယအရာခံဗိုလ်(အစားခန့်) ဒေါ်စိုးစိုးအောင်



ဒုတိယအရာခံဗိုလ်(အစားခန့်) ဒေါ်သန္တာလင်း

တပ်ကြပ်ကြီးအေးမင်းထွန်း ခေတ်ဟောင်းတေး (အမျိုးသား)ပြိုင်ပွဲ ပထမဆု

ဒီပြိုင်ပွဲမှာ ကျွန်တော် ခေတ်ဟောင်းတေး(အမျိုးသား)၊ ကာလပေါ်တေး(အမျိုးသား)၊ နှစ်ပါးသွား အကပြိုင်ပွဲနဲ့ ပြဇာတ်ကြီးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ပြိုင်ပွဲအမျိုးအစားလေးမျိုး ယှဉ်ပြိုင်တဲ့အထဲမှာ ခေတ်ဟောင်းတေး(အမျိုးသား) ပထမ၊ ကာလပေါ်တေး(အမျိုးသား) ဒုတိယ၊ နှစ်ပါးသွား အက ပြိုင်ပွဲ ဒုတိယနဲ့ ပြဇာတ်မင်းသား အကောင်းဆုံးဆုရရှိခဲ့ပါတယ်။ ခုလို ပြိုင်ပွဲကျင်းပခြင်းအားဖြင့် စစ်သည်/စစ်သမီးတွေရဲ့ အနုပညာအရည်အသွေးကို တိုးတက်ပြီးကောင်းမွန်စေပါတယ်။ နောက်လာမယ့် မျိုးဆက်သစ်တွေကိုလည်း လက်ရှိအကြီးတွေဆီကနေ လက်ဆင့်ကမ်းပေးနိုင်ပြီး အရည်အသွေးတွေရရှိပါတယ်။ မသိနားမလည်တာတွေကိုလည်း ပြင်ပအနုပညာရှင်တွေက လာရောက် သင်ကြားပေးတဲ့အတွက် စစ်သည်/စစ်သမီးတွေရဲ့ အနုပညာအရည်အသွေး ပိုမိုတောက်ပြောင်လာပါတယ်။ ကျွန်တော်တို့ကို ခုလိုပြိုင်ပွဲကို နှစ်စဉ်နှစ်တိုင်းကျင်းပပြီးတော့မှ အနုပညာအရည်အသွေးတွေကိုဒီထက်မကမြှင့်တင်ပြီး ပံ့ပိုးပေးနိုင်ပါစေလို့ ဆုတောင်းပါတယ်။

တပ်ကြပ်ကြီးဇော်မင်းထွန်း မျက်လှည့်(အဖွဲ့လိုက်)ပြိုင်ပွဲ ပထမဆု

ကျွန်တော်က မျက်လှည့်အဖွဲ့ခေါင်းဆောင်အဖြစ် (၁၉) ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နဲ့ မျက်လှည့်ပြိုင်ပွဲမှာ မျက်လှည့်ပြိုင်ပွဲအမျိုးအစားနဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး မျက်လှည့်(အဖွဲ့လိုက်)ပထမဆုနဲ့အမျိုးသားမျက်လှည့်အကောင်းဆုံးဆုတို့ကိုရရှိခဲ့ပါတယ်။ အခုလို ပြိုင်ပွဲတွေကျင်းပပေးခြင်းအားဖြင့် တပ်ဖွဲ့အတွင်းမှာရှိတဲ့ စစ်သည်/စစ်သမီးတွေရဲ့အနုပညာအရည်အချင်းတွေ ပိုမိုတိုးတက်လာပြီး ပိုမိုကြိုးစားချင်စိတ်တွေ ဖြစ်ပေါ်လာပါတယ်။ နိုင်ငံတော်နဲ့ တပ်မတော်အကြီးအကဲများ၊ ညွှန်ကြားရေးမှူးနဲ့ တာဝန်ရှိသူများ၊ သဘင်မိခင်/ဖခင်များ၊ ကြီးမှူးကျင်းပပေးသည့် (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နဲ့ မျက်လှည့်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် စစ်သည်တွေရဲ့ အနုပညာအရည်အသွေး ပိုမိုမြင့်မားလာပြီး တစ်ဦးနဲ့တစ်ဦး ခင်မင်ရင်းနှီးမှု၊ အနုပညာဖလှယ်နိုင်မှုနဲ့ အသိအမြင်များရရှိပါတယ်။ နောင်တွင်လည်း မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးနိုင်မယ်လို့ ယုံကြည်ပြီး အခုလိုကျင်းပပေးတဲ့ အကြီးအကဲတွေကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါတယ်။

တပ်သားကျော်မင်းသက် အကပြိုင်ပွဲ(တစ်ဦးချင်း) ပထမဆု

(၁၉) ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နဲ့ မျက်လှည့်ပြိုင်ပွဲမှာ အကပြိုင်ပွဲ(တစ်ဦးချင်း)နဲ့ ပထမဆုရရှိခဲ့တာပါ။ အခုလိုမျိုးဆုရရှိအောင် ကျွန်တော်တို့တပ်ခွဲကနည်းပြတွေ၊ ဗိုလ်လေးတွေကပဲ အဓိကအကတွေကိုသင်ပြည့်ကျွန်ပြပေးခဲ့တာပေါ့။ တစ်နည်းပြောရရင် လက်ဆင့်ကမ်းအမွေတွေပေးခဲ့တာပါ။ နေ့ရောညရောကြိုးစားခဲ့ရပြီး အကောင်းဆုံးဖြစ်အောင်ယှဉ်ပြိုင်ခဲ့ပါတယ်။ တပ်ခွဲတစ်ခုနဲ့တစ်ခုရဲ့ ကိုယ်ရည်ကိုယ်သွေးနဲ့ အဆင့်အတန်းတွေ မြင့်မားလာမယ်လို့ မြင်ပါတယ်။ တစ်နှစ်ထက်တစ်နှစ် အရည်အချင်းတွေ တိုးတက်လာသလို ပြည်သူတွေကို ဖျော်ဖြေတဲ့အခါမှာလည်း ဒါတွေက အသုံးတည့်မယ်လို့ယူဆပါတယ်။ အခုလိုမျိုးပြိုင်ပွဲတွေကိုကျင်းပပေးတဲ့ တပ်မတော်အကြီးအကဲနဲ့တကွ ကျွန်တော်တို့ရဲ့ ညွှန်ကြားရေးမှူးပြီးတော့ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်အားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။

ဒုတိယအရာခံဗိုလ်(အစားခန့်) ဒေါ်ခင်ငြိမ်းချမ်းစိုး၊ အရေးပြိုင်ပွဲ ပထမဆု

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၁၉) ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နဲ့မျက်လှည့်ပြိုင်ပွဲ အရေးပြိုင်ပွဲမှာ ပထမဆုရရှိခဲ့တာပါရှင့်။ အရေးပြိုင်ပွဲမှာဆိုရင် ကျွန်မတို့ယှဉ်ပြိုင်တဲ့နေ့ကျမှ ခေါင်းစဉ် စသိတာပေါ့နော်။ ခေါင်းစဉ်ကတော့ "ပြည်သူညီတူကြည်ဖြူစိတ်ဓာတ်" ဆိုတဲ့ခေါင်းစဉ်နဲ့ ယှဉ်ပြိုင်ခဲ့ရတာဖြစ်ပါတယ်။ ကျွန်မရေးသားခဲ့တဲ့ သီချင်းထဲမှာဆိုရင်တော့ ကျွန်မတို့ တပ်မတော်နဲ့ပြည်သူတွေ ညီညီညွတ်ညွတ်နဲ့လက်တွဲပြီးတော့ တိုင်းပြည်အတွက် အနှောင့်အယှက်တွေမှန်သမျှ တူတူတိုက်ခိုက်ချေမှုန်းမယ်၊ ပြည်သူနဲ့ တပ်မတော်သည် တစ်သားတည်းရှိတယ်ဆိုတဲ့အကြောင်းလေးတွေကို ကျွန်မရေးဖွဲ့ခဲ့တာဖြစ်ပါတယ်။ ယခင်နှစ်တွေတုန်းကလည်း အခုလိုပဲ တပ်ဖွဲ့တွင်းပြိုင်ပွဲတွေကျင်းပခဲ့ပါတယ်။ ကြားထဲမှာတော့ ကိုဗစ်-၁၉ ရောဂါတွေကြောင့် ခေတ္တရပ်နားခဲ့ပြီး အခု (၁၉)ကြိမ်မြောက်မှာ တပ်ဖွဲ့တွင်းမိသားစုတွေ ပြန်လည်ဆုံတွေ့ရတယ်။ တပ်ဖွဲ့တစ်ခုနဲ့တစ်ခု မတူညီတဲ့ အနုသုခုမပညာရပ်တွေနဲ့ တစ်ယောက်ရဲ့အားသာချက်၊ အားနည်းချက်တွေကို ပြန်လည်လေ့လာခွင့်ရတဲ့အတွက် ပိုပြီးအကျိုးရှိမယ်လို့ထင်ပါတယ်။

ဒုတိယအရာခံဗိုလ်(အစားခန့်) ဒေါ်စိုးစိုးအောင်၊ အငြိမ့်ပြိုင်ပွဲ ပထမဆု

ကျွန်မကတော့ အငြိမ့်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီးတော့ အဖွဲ့လိုက်ဆုတစ်ဆု၊ ပြီးတော့ ခေါင်းဆောင်မင်းသမီးဆုတစ်ဆုရပါတယ်။ ပြီးတော့ ပံ့ပိုးဆုရပါတယ်ရှင့်။ ဒီလိုပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတာဟာ ပညာယူတတ်ရင်တော့ အများကြီးရပါတယ်။ တစ်ဖွဲ့နဲ့တစ်ဖွဲ့ စည်းစည်းလုံးလုံးနဲ့ ကိုယ့်အချင်းချင်း ယှဉ်ပြိုင်တယ်ဆိုတာ မနာလိုတာမျိုး မဟုတ်ဘဲ အနုပညာ၊ အသိပညာ၊ အဆိုပညာလေးတွေကို ယှဉ်ပြိုင်တာဖြစ်တဲ့အတွက် အများကြီးတိုးတက်ပြောင်းလဲနိုင်တယ်လို့ ထင်ပါတယ်ရှင့်။ ခုလို (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နဲ့ မျက်လှည့်ပြိုင်ပွဲကို စီစဉ်ပေးတဲ့ တပ်မတော်အကြီးအကဲနဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

ဒုတိယအရာခံဗိုလ်(အစားခန့်) ဒေါ်သန္တာလင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု (နန်းတွင်းယိမ်း)အကပြိုင်ပွဲ ပထမဆု

(၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နဲ့ မျက်လှည့်ပြိုင်ပွဲမှာ မြန်မာ့ရိုးရာယဉ်ကျေးမှု (နန်းတွင်းယိမ်း၊ စိတ်ကြိုက်ယိမ်းနဲ့ တိုင်းရင်းသားယိမ်း) ပါဝင်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်ရှင့်၊ နန်းတွင်းယိမ်းမှာဆိုရင်တော့ "တေးဇာဂုဏ်" နန်းတွင်းယိမ်းနဲ့ ပထမဆုကိုရရှိခဲ့ပြီးတော့ စိတ်ကြိုက်ယိမ်းမှာဆိုရင်တော့ "လယ်တောသူ"ယိမ်းအကနဲ့ ပထမဆုကို ရရှိခဲ့ပါတယ်။ တိုင်းရင်းသားယိမ်းမှာလည်း "ညီညွတ်စေတိုင်းရင်းသား" ယိမ်းအကနဲ့ ပထမဆုကိုပဲရရှိခဲ့တာဖြစ်ပါတယ်ရှင့်။ ဆုတွေရရှိခဲ့တဲ့အပေါ်မှာလည်း အရမ်းကို ဝမ်းသာပီတိဖြစ်ရပါတယ်။ ဘာလို့လဲဆိုတော့ အားလုံးကြိုးကြိုးစားစားနဲ့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့တာဖြစ်တဲ့အတွက် အောင်မြင်မှုကိုရရှိခဲ့တာလည်းဖြစ်ပါတယ်။ အခုလိုဆုတွေရရှိအောင် သင်ကြားပေးခဲ့တဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ ဆရာ၊ ဆရာမ အားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။ အခုလိုပြိုင်ပွဲကြီးကို ကျင်းပပေးတဲ့ အကြီးအကဲများကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။ နောက်နှစ်ပြိုင်ပွဲတွေမှာလည်း အခုလိုပဲ ရိုးရာယဉ်ကျေးမှုအနုပညာကို မတိမ်ကောမပပျောက်အောင်ကြိုးစားပြီးတော့ ရိုးရာအမွေအနှစ်တွေကိုထိန်းသိမ်းကာ ပါဝင်ယှဉ်ပြိုင်ဦးမှာဖြစ်ပါတယ်ရှင့်။ **ဇော်မျိုး(မြဝတီ)**

ဓာတ်ပုံ - ကျော်လွင်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၉-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီရောင်းဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	စဉ့်ကူ	ပုသိမ်	မြန်ကြီးနားရပ်	စစ်ကိုင်း	တောင်ငူ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၅၁၀	၃၈၆၅	၃၈၀၅	၃၅၂၅	၃၈၆၅	၃၈၈၀	၃၆၁၅	၃၅၂၅	၄၀၆၀	၄၁၆၀	၃၈၀၅	၃၆၃၀	၃၈၆၅	၃၈၆၅	၃၈၇၅	၄၁၀၅
95 Ron	၃၈၀၅	၃၆၅၀	၃၆၂၀	၃၈၃၀	၃၆၅၀	၃၆၈၀	၄၀၂၀	၃၆၆၀	၄၂၇၀	၄၂၉၀	၃၆၂၀	၄၀၅၀	၄၀၁၀	၃၆၅၀	၃၆၆၀	၄၂၀၀
HSD (500 ppm)	၄၂၄၀	၄၃၈၅	၄၃၄၀	၄၂၅၅	၄၃၆၀	၄၄၀၅	၄၄၂၅	၄၄၂၀	-	၄၇၀၀	၄၄၄၀	၄၈၅၀	၄၄၂၅	၄၃၈၅	၄၃၆၅	၄၆၀၅
HSD (50 ppm)	၅၁၄၀	၅၂၆၅	၅၂၄၅	၅၁၇၅	၅၂၆၅	၅၃၀၀	၅၃၄၅	၅၂၈၅	၅၅၆၀	၅၆၂၀	၅၂၄၅	၅၃၈၅	၅၃၈၅	၅၂၆၅	၅၃၀၅	၅၅၈၅
HSD (10 ppm)	၅၁၄၀	၅၂၆၅	၅၂၄၅	၅၁၇၅	၅၂၆၅	၅၃၀၀	၅၃၄၅	၅၂၈၅		၅၆၂၀	၅၂၄၅	၅၃၈၅	၅၃၈၅	၅၂၆၅	၅၃၀၅	၅၅၈၅

ကျပ်/လီတာ

Fuel (လက်ကားရောင်းဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၅၁၀	၃၆၁၄
95 Ron	၃၆၁၀	၃၇၁၉
HSD (500 ppm)	၄၀၃၇	၄၁၄၇
HSD (50 ppm)	၄၈၉၅	၅၀၂၃
HSD (10 ppm)	၄၈၉၅	၅၀၂၃

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင်ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ဖြူစင်သောနှလုံးလှပိုင်ရှင်များ၏ အပြုံးများနှင့်အတူ . . .

ဘုန်းမောင်ဝင်း(ဗျာပုံ)



သာယာချိုလွင်သော တေးသီချင်းဆိုသံများ၊ နားဝင်ငြိမ့်ညောင်းသော ဂီတတီးမှုတ်သံများ၊ ညီညာလှပသွယ်ပျောင်းသော တူညီကဟန်များ၊ တေးသီချင်းများဖြစ်ပေါ်လာရန်အတွက် ဖြူစင်သော နှလုံးသားမှ ယိုစီးလာသောတေးစာသားများ၊ ကြည့်မြင်သူတို့အတွက် ထူးခြားသောပြကွက်များဖြင့် မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်းလှည့်စားသောလှုပ်ရှားမှုများ၊ ခေတ်အဆက်ဆက်မရိုးနိုင်သည့် အငြိမ့်သဘင်တင်ဆက်မှုနှင့် လူသားတို့၏နေ့စဉ်ဖြစ်ပျက်နေသောလူမှုဘဝများကိုသရုပ်ဖော်ပြသနေသည့်ပြဇာတ်များကို ပီပီပြင်ပြင်တင်ဆက်ကာ ပြိုင်ပွဲဝင်ခဲ့ကြသော တပ်မတော်သားတို့၏တင်ဆက်ဖျော်ဖြေပြသမှုများမှာရင်သပ်ရှုမောအံ့သြဖွယ်ဖြစ်ရသည်။

သူတို့သည်လူငယ်များပီပီတက်တက်ကြွကြွရှိလှသည်။ သွက်သွက်လက်လက်ရှိလှသည်။ မိမိကိုယ်ကို မိမိတို့ယုံကြည်မှုအပြည့်အဝရှိကြသည်။ ပြိုင်ပွဲတစ်ခုကိုဝင်ရောက်ယှဉ်ပြိုင်ရာ၌ မိမိတွင်ကိုယ်ခံအားကောင်းနေရမည်ဖြစ်သည်။ ကိုယ်ခံအားဆိုသည်မှာ မိမိယှဉ်ပြိုင်မည့်ဘာသာရပ်အပေါ် အမှန်တကယ် တတ်ကျွမ်းပြီး “ပညာရဲရင့် ပွဲလယ်တင့်” စိတ်ဓာတ်ဖြင့် ယုံယုံကြည်ကြည်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ အနုပညာလှုပ်ငန်းဆိုသည်မှာ ဓွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးစားမှုရှိခြင်း၊ ပင်ကိုဝါသနာရှိခြင်း၊ ပါရမီဓာတ်ခံကောင်းခြင်းရှိရမည့်အပြင် ဆရာကောင်း၊ သမားကောင်းများလည်းရှိပြီး ဆရာသမားများထံမှလိမ္မာယဉ်ကျေးစွာသင်ယူနိုင်မှတတ်မြောက်သည့်ပညာရပ်ဖြစ်သည်။ အဆိုပါပညာရပ်များကို ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်နေကြသူတို့ကျွမ်းကျင်တတ်မြောက်ကြသည်။ သီချင်းဆိုခြင်း၊ ကပြခြင်း၊ သီချင်းရေးခြင်း၊ ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်စသည့်တူရိယာငါးပါးကိုတီးမှုတ်ခြင်းတို့မှာ လူတိုင်းမတတ်သောပညာရပ်များဖြစ်သည်။ သင်တိုင်းမတတ်ဘဲ ပါရမီရှိမှသာ တတ်မြောက်နိုင်သည့်ပညာရပ်များဖြစ်သည်။

တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်းတစ်ခုဖြစ်သကဲ့သို့ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသည်လည်း တပ်မတော်၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။ တပ်မတော်နှင့်ပြည်သူကြည်ဖြူစွာလက်တွဲနိုင်ရေးအတွက် ပေါင်းကူးပေးလျက်ရှိသော ပေါင်းကူးတံတားဟုဆိုနိုင်သည်။ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်တွင်တပ်ဖွဲ့များများစွာရှိပေရာ အဆိုပါတပ်ဖွဲ့များမှ အနုပညာကျွမ်းကျင်သူများကို ပြိုင်ပွဲတစ်ရပ်အဖြစ်ကျင်းပကာ ဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိသည်။

(၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲများကို ဩဂုတ်လ ၂၆ ရက်မှ စက်တင်ဘာလ ၁ ရက်အထိ နေပြည်တော်တွင်ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါတပ်ဖွဲ့တွင်းပြိုင်ပွဲများဖွင့်ပွဲကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပြီး အမှာစကားပြောကြားခဲ့သည်။ တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲများကို ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ် (၁၈) ကြိမ်မြောက်ပြိုင်ပွဲအထိ ကျင်းပခဲ့ပြီးဖြစ်သည်။

ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် ပြည်သူ့ဆက်ဆံရေးတပ်မှာတပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲများကို ကျင်းပခြင်းသည် ပြည်သူ့ဆက်ဆံရေးတပ်မှာတွင် တာဝန်ထမ်းဆောင်နေကြသည့် စစ်သည်၊ စစ်သမီးများ၏ အနုပညာအရည်အသွေးပိုမိုတိုးတက်မြင့်မားလာစေရန်၊ မြန်မာ့အငြိမ့်သဘင်တိမ်ကောပပျောက်မှုမရှိစေရန်၊ အဆင့်အတန်းတိုးတက်မြင့်မားစေရန်၊ မြန်မာမှုစစ်စစ် အနုသုခုမပညာရပ်အဖြစ် ထည်ဝါစွာရပ်တည်နိုင်ရန်၊ အငြိမ့်ပညာရပ်များ၊ မြန်မာ့ဆိုင်းနှင့်ပတ်သက်သည့်သဘင်သုခုမအနုပညာရပ်များတွင် အရည်အသွေး ပိုမိုမြင့်မားတိုးတက်လာစေရန်နှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်များ၏ မူလရည်မှန်းချက်တာဝန်များဖြစ်သည့် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန် စသည့်လုပ်ငန်းတာဝန်များကို ပိုမိုအောင်မြင်စွာထမ်းဆောင်နိုင်ပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေသည့် အနုပညာစွမ်းအားများ မြင့်မားစေရေးတို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။

ပြိုင်ပွဲတစ်ခုကျင်းပခြင်းဆိုသည်မှာ မိမိတို့အတတ်ပညာများကို သာမန်အနေအထားထက်ပိုမိုကောင်းမွန်အောင်စွမ်းဆောင်နိုင်ရန်အတွက်ဖြစ်သည်။ ယှဉ်ပြိုင်ခြင်းမရှိပါက မည်သည့်ပညာရပ်မျှ တိုးတက်လာနိုင်မည်မဟုတ်ပါ။ အများပြည်သူတို့ကို စိတ်နှလုံးရွှင်ပြုံးပျော်စေရန်အတွက် ဖျော်ဖြေပေးရမည့်တပ်မတော်သား(စစ်သား၊ စစ်သမီး)တို့၏ အနုပညာရပ်များသည် အစဉ်တစိုက်တိုးတက်နေရမည်ဖြစ်သည်။ နှစ်စဉ်နယ်လှည့်ဖျော်ဖြေနေရသည့်အတွက် သူတို့၏ပညာရပ်များမှာတစ်နှစ်နှင့်တစ်နှစ် အသွင်မတူ ထူးခြားအောင်ကြိုးစားကြရသည်။ ဆန်းသစ်သောတီးလုံး၊ ကကွက်၊ မျက်လှည့်ပြကွက်၊ အငြိမ့်ပြက်လုံးအသစ်အဆန်းများနှင့် ကြိုးပမ်းတင်ဆက်ကြရသည်။

အမျိုးသားယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံ၏ တိုင်းရင်းသားလူမျိုးများအတွက် အသက်နှင့်ထပ်တူတန်ဖိုးထားထိန်းသိမ်းရမည့် ဘိုးဘွားအမွေအနှစ်ဖြစ်သည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော် အေးအတူပူအမျှ နှစ်ပရိဒ္ဓေဒကြာမြင့်စွာနေထိုင်လျက်ရှိသည့်နိုင်ငံဖြစ်သည်။ တိုင်းရင်းသားလူမျိုးများ၏ ဖြစ်တည်မှုသမိုင်းအစမှတစ်ဆင့် လွတ်လပ်ရေးနှင့်အတူပိုင်ဆိုင်ခဲ့သည့် မြန်မာ့သုခုမအနုပညာရပ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မိမိတို့နိုင်ငံတော်၏ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ခြင်းဖြစ်သည်။ တပ်မတော်သည်နိုင်ငံတော်ကိုစောင့်ရှောက်ကာကွယ်လျက်ရှိရာ နိုင်ငံတော်၏ကဏ္ဍပေါင်းစုံကိုကာကွယ်နေခြင်းဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ဟူသောမျက်နှာစာကို “ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး” ဟူသောတပ်ဖွဲ့ဝင်အပေါင်းကကာကွယ်စောင့်ရှောက်လျက်ရှိသည်။ ထို့ကြောင့် တပ်ဖွဲ့ဝင်တို့သည် မိမိတို့တတ်ကျွမ်းရာပညာအမွေအနှစ်များဖြင့်ထိန်းသိမ်းကာ ပြည်သူနှင့်တပ်မတော်ကို ရေကိုသားသေဘက်အကြားမထင်ဟကဲ့သို့ ရှိနေအောင် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။

တပ်ဖွဲ့ဝင်များ၏စွမ်းရည်များပိုမိုတိုးတက်မြင့်မားစေရေးအတွက် တပ်ဖွဲ့တွင်းအဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲများကို ကျင်းပပေးခြင်းဖြစ်၍ အရည်အချင်းပိုမိုကောင်းမွန်သူတို့ပေါ်ထွက်လာပြီဖြစ်၊ ပြိုင်ပွဲဆိုသည်မှာ ဆုရရှိသူတို့အတွက် ပြုံးပျော်ရွှင်မြူးနိုင်သကဲ့သို့ ဆုနှင့်လွဲချော်နေသူများကလည်း မိမိ၏လိုအပ်ချက်ကို ပိုမိုကြိုးစားပြုပြင်ကာ လာမည့်နှစ်ပြိုင်ပွဲများတွင် ရရှိအောင် ကြိုးစားကြရမည်ဖြစ်သည်။

အနုပညာနယ်ပယ်ဆိုသည်မှာ အလွန်ပင်ကျယ်ဝန်းလှပြီး မြစ်ကိုအလျားလိုက်ကူးနေရသကဲ့သို့ဖြစ်သည်။ ရှေးကဘိုးဘွားများထားရှိသောအမွေအနှစ်မို့ ချစ်မြတ်နိုးစွာထိန်းသိမ်းကြရမည်ဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးမှန်သမျှမှာ စည်းစနစ်ကျနစွာသင်ယူတတ်မြောက်ကြရသည်။ ညောင်ရမ်းခေတ် ဝန်ကြီးပဒေသရာဇာ၏ “ထံတျာတေရှင်” အစချီပုစဉ်းတောင်သံကြိုးမှစတင်၍ သင်ရိုးကြိုးသီချင်းကြီး ၁၃ ပုဒ်ကို တတ်မြောက်အောင်သင်ယူပြီးမှသာ ဂီတလမ်းကြောင်းတွင်ဆက်လက်လျှောက်လှမ်းကြရခြင်းဖြစ်သည်။

တပ်ဖွဲ့ဝင်များသည် မိမိတို့သင်ကြားတတ်မြောက်ထားသည့်ပညာရပ်များကို မျိုးဆက်သစ်များသို့ အမွေပေးခြင်းဖြင့် ထိန်းသိမ်းကြရမည်ဖြစ်သည်။ ထို့ပြင် အတိတ်သမိုင်းစဉ်တွင် အောင်မြင်စွာကမ္ဘည်းထိုးနိုင်ခဲ့သည့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး စစ်သည်တော်ကောင်းများနည်းတူ တပ်ဖွဲ့ဝင်များ၏ တစ်မူထူးခြားသည့် အနုပညာအရည်အသွေးကို မှတ်ကျောက်တင်ခံနိုင်၍ တပ်ဖွဲ့၏ဂုဏ်ကို ဆက်လက်မြှင့်တင်ထိန်းသိမ်းစောင့်ရှောက်နိုင်သူများဖြစ်အောင် ကြိုးစားနေကြရမည်ဖြစ်သည်။

တပ်ဖွဲ့ဝင်များအနေဖြင့် ပြိုင်ပွဲကာလအတွင်း အဆိုပြိုင်ပွဲတွင်ခေတ်ဟောင်းတေး၊ ကာလပေါ်တေး၊ ခေတ်ပေါ်တေး (အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲများ၊ အကပြိုင်ပွဲတွင် နန်းတွင်းယိမ်း၊ တိုင်းရင်းသားယိမ်း(အဖွဲ့လိုက်)ပြိုင်ပွဲများ၊ တစ်ဦးချင်းအက(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲများ၊ စိတ်ကြိုက် ယိမ်းပြိုင်ပွဲ၊ နှစ်ပါးသွားအကပြိုင်ပွဲများယှဉ်ပြိုင်ရသည်။ အရေးပြိုင်ပွဲတွင် “ပြည်သူညီတူကြည်ဖြူ စိတ်ဓာတ်”ဟူသော ခေါင်းစဉ်ဖြင့်ယှဉ်ပြိုင်ကြရသည်။ အတီးပြိုင်ပွဲတွင် မြန်မာ့ဆိုင်း(အဖွဲ့လိုက်)၊ တစ်ဦးချင်း (မောင်း၊ ပတ်ဝိုင်း၊ ပတ္တလား)ပြိုင်ပွဲများ၊ ခေတ်ပေါ်တီးဝိုင်းအဖွဲ့လိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကြရသည်။ ထို့အတူ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများက ညပိုင်းတွင်ပြဇာတ်၊ အငြိမ့်ပြိုင်ပွဲများ၊ မျက်လှည့်ပြိုင်ပွဲများ စသည့်ပြိုင်ပွဲပေါင်းများစွာယှဉ်ပြိုင်ခဲ့ကြသည်။ ယနေ့ခေတ်လူငယ်များစွာတို့သည် တော်အောင်ကြိုးစားကာ တတ်အောင်သင်ယူထားကြသူများ ဖြစ်ကြ၍

“တပ်ဖွဲ့ဝင်များ၏စွမ်းရည်များ ပိုမိုတိုးတက်မြင့်မားစေရေးအတွက် တပ်ဖွဲ့တွင်းအဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲများကို ကျင်းပပေးခြင်းဖြစ်၍ အရည်အချင်းပိုမိုကောင်းမွန်သူတို့ပေါ်ထွက်လာပြီဖြစ်၊ ပြိုင်ပွဲဆိုသည်မှာ ဆုရရှိသူတို့အတွက် ပြုံးပျော်ရွှင်မြူးနိုင်သကဲ့သို့ ဆုနှင့်လွဲချော်နေသူများကလည်း မိမိ၏လိုအပ်ချက်ကို ပိုမိုကြိုးစားပြုပြင်ကာ လာမည့်နှစ်ပြိုင်ပွဲများတွင် ရရှိအောင် ကြိုးစားကြရမည်ဖြစ်သည်”

သူတို့ပေါ်ထွက်လာပြီဖြစ်သည်။ ပြိုင်ပွဲဆိုသည်မှာ ဆုရရှိသူတို့အတွက်ပြုံးပျော်ရွှင်မြူးနိုင်သကဲ့သို့ ဆုနှင့်လွဲချော်နေသူများကလည်း မိမိ၏လိုအပ်ချက်ကို ပိုမိုကြိုးစားပြုပြင်ကာ လာမည့်နှစ်ပြိုင်ပွဲများတွင် ရရှိအောင် ကြိုးစားကြရမည်ဖြစ်သည်။

ယခုအခါပြိုင်ပွဲများပြီးမြောက်ပြီဖြစ်သည့်အတွက် ဆုများလည်း ပေးအပ်ချီးမြှင့်ပြီးဖြစ်သည်။ အနုပညာသမားဆိုသည်မှာ အပြုံးပိုင်ရှင်များဖြစ်ကြသည်။ အပြုံးသည်မြင်ရသူတို့စိတ်နှလုံးကို ကြည်နူးချမ်းမြေ့စေသည်။ ဖြူစင်သောနှလုံးလှပိုင်ရှင်များ၏အပြုံးများကို ထင်ရှားစွာမြင်တွေ့ရသည်။ မိမိနိုင်ငံ၊ မိမိနိုင်ငံသား၊ မိမိတပ်မတော်အတွက် ထိုအပြုံးများဖြင့် အလှဆုံးခြယ်မှုန်းနိုင်ကြပါစေဟု လိုက်လဲစွာ ဆုမွန်ကောင်းတောင်းရင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ၊ အခမ်းအနားတက်ရောက်လာကြသူများက (၁၉) ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ စစ်သည်၊ စစ်သမီးများ၏ သီဆိုကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း အငြိမ့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၄)နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ရွှေပြည်တန်အငြိမ့်အဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။

★ ကျောဖုံးမှအဆက်

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး ဒေါ်နန်းကူးကူ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အကဲဖြတ်ဝါရင့် အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့်ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများတက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ ဆုချီးမြှင့်ပွဲ ပထမပိုင်းကိုပြုလုပ်ရာ ဦးစွာမျက်လှည့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ တပ်ကြပ်ကြီး ဇော်မင်းထွန်းနှင့်အဖွဲ့၊ ခေတ်ပေါ်တီးဝိုင်းပြိုင်ပွဲ(အဖွဲ့လိုက်)တွင် ပထမဆုရရှိသည့် အမှတ်(၄)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဒုတိယအရာခံဗိုလ် အောင်ဇော်နှင့်အဖွဲ့၊ မြန်မာ့ဆိုင်းဝိုင်း(အဖွဲ့လိုက်) အတီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ အရာခံဗိုလ်တင့်ဆန်းနှင့်အဖွဲ့တို့အား စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ၊ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းက ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု(နန်းတွင်း) ယိမ်းအကပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ ဒုတိယအရာခံဗိုလ် (အစားခန့်) ဒေါ်သန္တာလင်းဦးဆောင်သော တေဇဂုဏ်အဖွဲ့ ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု (စိတ်ကြိုက်)ယိမ်းအကပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၂) တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ ဒုတိယအရာခံဗိုလ်(အစားခန့်) ဒေါ်သန္တာလင်းဦးဆောင်သောလယ်တောသူယိမ်းအဖွဲ့နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု (တိုင်းရင်းသားရိုးရာ) ယိမ်းအကပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၂) တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှတပ်ကြပ်ကြီး/စာရေး ကျော့ယမင်း ဦးဆောင်သော ညီညာစေတိုင်းရင်းသားယိမ်းအဖွဲ့တို့အား ဗိုလ်ချုပ်ကြီးကျော်စွာလင်းက ဆုများပေးအပ်ချီးမြှင့်သည်။



မြန်မာ့ဆိုင်းဝိုင်း(အဖွဲ့လိုက်) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁) တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ "အောင်ပါစေ" ဧည့်ခံတီးလုံးဖြင့် တီးခတ်ဖျော်ဖြေစဉ်။

ထို့နောက် မြန်မာ့ဆိုင်းဝိုင်း(အဖွဲ့လိုက်) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ "အောင်ပါစေ" ဧည့်ခံတီးလုံးဖြင့် တီးခတ်ဖျော်ဖြေခြင်း၊ ခေတ်ဟောင်းတေး(အမျိုးသား)အဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ တပ်ကြပ်ကြီး အေးမင်းထွန်းက လူ့ချွန်လူကောင်းတေးသီချင်း၊ ကာလပေါ်တေး (အမျိုးသမီး) အဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ "အောင်ပါစေ" ဧည့်ခံတီးလုံးဖြင့် တီးခတ်ဖျော်ဖြေခြင်း၊ ခေတ်ဟောင်းတေး(အမျိုးသား)အဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ တပ်ကြပ်ကြီး အေးမင်းထွန်းက လူ့ချွန်လူကောင်းတေးသီချင်း၊ ကာလပေါ်တေး (အမျိုးသမီး) အဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ တေဇဂုဏ် နန်းတွင်းယိမ်းအကများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု (စိတ်ကြိုက်ယိမ်း) ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် အမှတ်(၁) ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကိုကိုဦးက ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် အငြိမ့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၄)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ရွှေပြည်တန်အငြိမ့်အဖွဲ့နှင့် ပြဇာတ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ မိုက်နောင်တ စင်တင်ပြဇာတ်အဖွဲ့တို့အား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၁၉) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲတွင် အကောင်းဆုံးတံခွန်စိုက်ဒိုင်းဆုရရှိသည့် အမှတ်(၂)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက တံခွန်စိုက်ဒိုင်းဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာ့ဆိုင်းဝိုင်း(အဖွဲ့လိုက်) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ "အောင်ပါစေ" ဧည့်ခံတီးလုံးဖြင့် တီးခတ်ဖျော်ဖြေခြင်း၊ ခေတ်ဟောင်းတေး(အမျိုးသား)အဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ တပ်ကြပ်ကြီး အေးမင်းထွန်းက လူ့ချွန်လူကောင်းတေးသီချင်း၊ ကာလပေါ်တေး (အမျိုးသမီး) အဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁)



(၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဧည့်ပရိသတ်များက ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး အကဲဖြတ်အနုပညာရှင်ကြီးများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ လယ်တောသူကျေးလက် ယိမ်းအကများ၊ မျက်လှည့်ပြိုင်ပွဲ(အဖွဲ့လိုက်)ပြိုင်ပွဲတွင် တတိယဆုရရှိသည့် အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စိတ်ဝင်စားစရာ အကောင်းဆုံးမျက်လှည့်ပြကွက်များ၊ ခေတ်ပေါ်တီးဝိုင်း (အဖွဲ့လိုက်)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၄) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ တီးခတ်ဖျော်ဖြေခြင်း၊ အငြိမ့်(အဖွဲ့လိုက်)ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် မြဝတီ အငြိမ့်အဖွဲ့က အငြိမ့်ကောက်နုတ်ချက်များဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ စစ်သည်၊ စစ်သမီးများက စည်းလုံးချစ်ကြည်ပြန်ဆုံကြမည် စုပေါင်းသီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး အကဲဖြတ်အနုပညာရှင်ကြီးများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်နှင့် ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများက (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် တပ်ရင်း /တပ်ဖွဲ့များအတွက် ချီးမြှင့်ငွေများပေးအပ်သည်။ ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဒုတိယဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများက (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲများသည် အကဲဖြတ်အနုပညာရှင်ကြီးများနှင့် စစ်သည်၊ စစ်သမီးများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ဆုချီးမြှင့်ပွဲ ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ အကဲဖြတ်ဝါရင့် အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများတက်ရောက်ကြသည်။

ဦးစွာဆုချီးမြှင့်ခြင်းကိုပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားများအလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိကြသည့် စစ်သည်၊ စစ်သမီးများအား ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အကဲဖြတ်ပညာရှင်များကိုယ်စား အကြံပေးပညာရှင် ဦးသက်ဆွေက ပြိုင်ပွဲအပေါ်သုံးသပ်ချက်များအား ဆွေးနွေးတင်ပြသည်။ ထို့နောက် ညွှန်ကြားရေးမှူးက ပြိုင်ပွဲကျင်းပခဲ့မှုနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးမှာကြားပြီး အကဲဖြတ်ပညာရှင်ကြီးများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲများကို မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များကို မတိမ်ကော၊ မပျောက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန်၊ အနုသုခုမပညာရပ်များမှတစ်ဆင့် နိုင်ငံသားတိုင်း၏ နှလုံးသားခိုင် ဇာတိသွေး၊ ဇာတိမာန်များကို အရင်းခံသည့် မျိုးချစ်စိတ်များ ပွင့်လန်းရှင်သန်စေရန်နှင့် မိမိတို့တပ်ဖွဲ့များ၏ အနုပညာအရည်အသွေးများ မှန်မှန်ကန်ကန်တိုးတက်ဖြစ်ထွန်းလာအောင် ဝါရင့်၊ သမ္ဘာရင့် အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများထံမှ စစ်မှန်သည့် အနုပညာအမွေအနှစ်များကို မျိုးဆက်သစ်ပညာရှင်များ လက်ဆင့်ကမ်းထိန်းသိမ်းနိုင်စေရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီအနုပညာရှင်အဖွဲ့များနှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲများမှ စစ်သည်၊ စစ်သမီးများဖြင့် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ပြိုင်ပွဲတွင် ခေတ်ဟောင်းတေး၊ ကာလပေါ်တေး၊ ခေတ်ပေါ်တေး၊ အငြိမ့်ပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု (စိတ်ကြိုက်) ယိမ်းအက၊ နှစ်ပါးသွားအက၊ ပြဇာတ်ပြိုင်ပွဲ၊ မြန်မာ့ဆိုင်းဝိုင်းပြိုင်ပွဲ၊ ခေတ်ပေါ်တီးဝိုင်း၊ မျက်လှည့်ပြိုင်ပွဲနှင့် တေးသီချင်း အရေးပြိုင်ပွဲ၊ စုစုပေါင်း ပြိုင်ပွဲအမျိုးအစား ၂၁ မျိုး ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

ကရင်ပြည်နယ် (အခွန်လွတ်)တောင်သူလယ်သမားစျေးဖွင့်လှစ်၍ အရောင်းဆိုင်ခန်းပေါင်း ၄၀ ကျော်ဖြင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အများပြည်သူထံ တိုက်ရိုက်ရောင်းချ

ဘားအံ စက်တင်ဘာ ၁

ကရင်ပြည်နယ်အတွင်းစိုက်ပျိုးမွေးမြူရေးကဏ္ဍစည်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ယင်းတို့ကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရန် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးမြှင့်အကောင်အထည်ဖော်၍ ထွက်ရှိလာသည့် ထုတ်ကုန်များကို သက်သာသော နှုန်းထားဖြင့် စားသုံးသူလက်ဝယ်သို့ တိုက်ရိုက်ရောက်ရှိစေရေးအတွက် လစဉ် ပထမအပတ်တွင် ဘားအံမြို့ သီရိကွင်း၌ ကိုယ်တိုင်စိုက်ပျိုး မွေးမြူထုတ်လုပ်သူများ၏(အခွန်လွတ်) တောင်သူလယ်သမားစျေးကို ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

တောင်သူလယ်သမားစျေးတွင် သန့်ရှင်းလတ်ဆတ်၍ အာဟာရပြည့်ဝသော ကြက်၊ ဝက်၊ ဆိတ်၊ အမဲသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နွားနို့၊ ဒိန်ချဉ်၊ ပျားရည် အစရှိသော ဒေသထွက်မွေးမြူရေး ထုတ်ကုန်အရောင်းဆိုင်ခန်းများ၊ ဒေသထွက်ဟင်းသီးဟင်းရွက် (စားဖိုဆောင်သီးနှံ)အရောင်းဆိုင်ခန်းများ၊ ကရင်ပြည်နယ် ဆန်ကုန်သည်ကြီးများ အသင်းနှင့် ဆီကုန်သည်ကြီးများ အသင်းတို့၏ ပြင်ပပေါက်စျေးထက်သက်သာသော ဆန်အမျိုးမျိုး၊ စားသုံးဆီ၊ မြေပဲဆီ အရောင်းဆိုင်ခန်းများ စုစုပေါင်း အရောင်းဆိုင်ခန်းပေါင်း ၄၀ ကျော်ဖြင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အများပြည်သူထံ တိုက်ရိုက်ရောင်းချပေးခြင်း ဖြစ်သည်။

ထိုသို့ရောင်းချပေးနေမှုကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးများက လိုက်လံကြည့်ရှုအားပေးကြကာ ပြည်နယ်ဝန်ကြီးချုပ်က နောင်လာမည့် အပတ်များတွင် စျေးဆိုင်ခန်းများပိုမိုတိုးချဲ့ဖွင့်လှစ်နိုင်ရေးနှင့် ရောင်းချမည့်ကုန်ပစ္စည်းအရေအတွက် ပိုမိုတိုးတက်ရောင်းချနိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးရေး ကော်မတီမှ ကြီးမှူးမှူး၍ ပြည်နယ်အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန၊ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ဘားအံ)တွင် ဖွင့်လှစ်သည့် မိုဘိုင်းဖုန်း ပြုပြင်နည်းသင်တန်းဆင်းပွဲသို့တက်ရောက်၍ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းထူးချွန် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကာ ပြည်နယ်လူမှုရေးဝန်ကြီးက သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်ချီးမြှင့်ပြီး သင်တန်းခန်းမအတွင်း သင်တန်းသားများ၏ မိုဘိုင်းဖုန်းများကိုလက်တွေ့ပြုပြင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

တနင်္သာရီမြစ်ရေ အန္တရာယ်ရေမှတ်ထက်ကျော်လွန်၍ ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိ



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

နေပြည်တော် စက်တင်ဘာ ၁

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ တနင်္သာရီမြို့၌ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နှင့် ၃၁ ရက်များတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တနင်္သာရီမြစ်ရေအမှတ်သည် (၂၅)ပေ(၇)လက်မသို့ရောက်ရှိလာပြီး တနင်္သာရီမြို့၏ စိုးရိမ်ရေမှတ် (၁၇)ပေအထက်(၈)ပေ(၇)လက်မကျော်လွန်ရောက်ရှိကာ အန္တရာယ်ရေအမှတ် (၂၄)ပေ အထက်(၁)ပေ(၇)လက်မသို့ရောက်ရှိခဲ့ခြင်းကြောင့် မြေနိမ့်ပိုင်းတွင်နေထိုင်သူများ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ရန် ယာယီကယ်ဆယ်ရေးစခန်း ၆ ခု ဖွင့်လှစ်ထားရှိ၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါယာယီကယ်ဆယ်ရေးစခန်းများတွင် ယာယီနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ အရေးပေါ်ကူညီကယ်ဆယ်ရေးဆောင်ရွက်နိုင်ရေး ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှနယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို တနင်္သာရီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

ငဝန်မြစ်ရေကာတာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်(၆) မြို့နယ်ရှိ ရပ်ကွက် (၁၉)ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းဆောင်ရွက်ပေးစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဝင်ရောက်ခဲ့သည့်နေရာများတွင် သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင်လ ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်းရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ၅ ခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ရေကြည်ငါးသိုင်းချောင်း၊ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သော်လည်း ရေကြည်မြို့နယ်၌ သြဂုတ်လ ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၈ ပေခန့်သာ ကျန်ရှိတော့သဖြင့် ၃ ပေ ၂ လက်မခန့် ဆက်လက်ကျဆင်းသွားခဲ့ကြောင်း၊ ငါးသိုင်းချောင်းမြို့တွင် ငဝန်မြစ်ရေသည် သြဂုတ်လ ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၈ ပေ ၈ လက်မခန့်သာကျန်ရှိသဖြင့် ၂ ပေ ၁ လက်မခန့်အထိကျဆင်းသွားခဲ့ကြောင်း၊ ကျုံပျော်မြို့တွင် ငဝန်မြစ်ရေသည် သြဂုတ်လ ၃၀ ရက်နေ့တွင် ၈ ပေ ၁ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၇ ပေ ၄ လက်မခန့်သာကျန်ရှိသဖြင့် ၆ လက်မခန့် ကျဆင်းသွားခဲ့ကြောင်း၊ ကျောင်းကုန်းမြို့နယ်တွင် ငဝန်မြစ်ရေသည် သြဂုတ်လ ၃၀ ရက်နေ့တွင် ၇ပေ ၁လက်မ ခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၆ပေ ၁၁လက်မခန့်သာကျန်ရှိသဖြင့် ၂လက်မခန့် ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ရေပြန်လည်ကျဆင်းသွားသည့် မြို့ရွာများရှိ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများ၊ ဘုန်းတော်ကြီးကျောင်းများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းပေးခြင်း၊ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြုရန် Geobags သဲအိတ်ကြိုးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များ ဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံနိမ့်မှကျနေရာများပြန်လည် ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

ပဲခူးမြစ်ရေ ပဲခူးမြို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၁

ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေ ၁ လက်မခန့်အလိုတွင်ရောက်ရှိနေပါသည်။ အဆိုပါ မြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/၈လ)

ရ တ နာ ပုံ ဝ တ္ထု

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

“ဘယ်ရောက်တာလဲ ဦးရဲ့”

“ဘယ်ရောက်ရမလဲကွဲ့၊ ဟောဒီစာကို ဒီကနေ့မနက်ပဲ ငါရတယ်၊ မင်းဖတ်ကြည့်တော့” မောင်ထွန်းမြတ်လည်း စာကိုယူ၍ ဖတ်ကြည့်ရာ ယင်းစာမှာ ဝန်ထောက်မင်း၏သား ဝရမ်းပြေးသည် တစ်ရက်၊ နှစ်ရက် အတွင်း မန္တလေးသို့ရောက်လာမည့်အကြောင်း၊ ရောက်လာ၍ မဖမ်း မိစေလိုလျှင် မြန်မြန်ပြန်၍လွှတ်လိုက်ရမည့်အကြောင်း ဖြစ်လေသည်။ စာကိုဖတ်ပြီးလျှင် “ဘယ်သူ့ဆီကလို့လည်း မပါပါကလား ဦးရဲ့”

“မပါဘူးလေ”

“ကျွန်တော်သာဖြင့် ဒီလိုလက်မှတ်မထိုးဘဲနဲ့ ရေးတဲ့စာရရင် ဘာအရေးလုပ်မလဲ၊ ဆုတ်ပစ်လိုက်မှာပေါ့”

“ဒါနဲ့ ဒီကောင် ဒီမြို့လာသလား၊ မလာဘူးလား ငါသိချင်တယ်”

“လာရင် ဘာလုပ်မလဲ ဦးက”

“လာရင်လား၊ လာရင် ငါကိုယ်တိုင်သွားဖမ်းပြီး ထောင်ထဲပို့လိုက်မှာပေါ့”

“ဒီအကြောင်း မောင်ဘချိုလည်း အသိသားနဲ့ လာစုံပါ့မလား ဦးရယ်၊ စဉ်းစားကြည့်မှပေါ့၊ ဦးက ဦးကိုယ်ဦး ဒုက္ခရှာနေတာပဲ”

“ငါက ဒုက္ခရှာတယ်ဆိုရအောင် ဒီ ကိုဘသာကို ငါသတ်သလားကွဲ့၊ ထွက်ပြေးပြီး တော်ရာမနေသေးဘဲ ငှါကိုလာလာပြီး ဒုက္ခရှာသလားကွဲ့”

“ကျွန်တော်ပြောတာ ဆုံးအောင်နားထောင်ပါဦး ဦးရဲ့၊ ဦး ဒုက္ခရှာတယ်ဆိုတာက ဦးက ဒီသားအကြောင်းကြားရင် စိတ်ဆိုးတယ်”

“ဆိုးသလေ ဒါဘာဖြစ်သလဲ၊ မင့်သားက မင်းကိုဒီလိုလုပ်ရင် မင်းကော စိတ်မဆိုးဘူးလားကွဲ့”

“နေပါဦး ဦးရယ်၊ ကျွန်တော် စကားဆုံးအောင်ပြောပါရစေဦး၊ ဦးက တကယ်လို့လာသည့်တိုင်အောင် ကိုယ့်သားကိုယ်ဖမ်းပို့မယ်ဆိုလို့ တော်နိုင်မလား ဦးရယ်၊ ဦးကို လူတိုင်းကကဲ့ရဲ့ကြမှာပေါ့၊ ဟုတ်တယ် ဦးရဲ့၊ သူများက ဖွင့်မပြောကြရင်၊ ကျွန်တော်က ဖွင့်ပြောရမှာပဲ၊ ဦး ကလည်း မောင်ဘချိုကို ဖမ်းလို့မရော အိမ်ကဒေါ်ဒေါ်လည်းသေရော၊ မယုံဘူးလား ကျွန်တော်ပြောတာ၊ အခုတောင် ဒေါ်ဒေါ်က သားအတွက် ခဏခဏနေမကောင်းဖြစ်နေရတဲ့အထဲ ဒီလိုများ ဦးကကိုယ့်သားကိုယ် ဖမ်းပို့တယ်ဆိုမှဖြင့် ဒေါ်ဒေါ်တော့ တစ်ခါတည်းသေမှာပဲ၊ ဒီစာရတဲ့ အကြောင်း ဒေါ်ဒေါ်သိသွားသလား”

“မသိသေးဘူး၊ ငါက မပြောခဲ့ဘူး”

“အဲ... မပြောတာဘဲ ကောင်းတယ်၊ ဒီအကြောင်း ဒေါ်ဒေါ် သိသွားရင် မမာပြန်ပြီသာမှတ်တော့”

မောင်ဘချို အခန်းသို့ပြန်လာရာ “ကျွန်တော်ဖြင့် ကြောက်လွန်းအားကြီးလို့သေများ သေရလိမ့်မယ်မှတ်တယ်ဗျာ၊ သွားပြီလား ဖေဖေအခု၊ ကောင်းပါလေဗျာ၊ ကျွန်တော်ဖြင့် မျက်လုံးကိုပြူးနေတာပဲ”

“မင်းမပြောနဲ့ ငါတို့တောင် ကြောက်လိုက်တာကွယ်၊ မဟုတ်ဘူးလားအစ်မကြီး”

“မပြောပါနဲ့တော့ကွယ်၊ ငါဖြင့် မွေးကတည်းက ဒီလောက်များ တစ်ခါမှမကြောက်ဖူးပါဘူး...”

“အလကားပါကွယ်”

“အလကားမဟုတ်ဘူး ဦးရဲ့၊ ကျွန်တော်ပြောတာ ဦးမယုံရင် ဦးမှားမှာပေါ့” ဟုပြောလျှင် ဝန်ထောက်မင်းမှာ တခြားသူ၏စကားကို အယုံအကြည်မရှိသော်လည်း တူမောင်ထွန်းမြတ်ပြောသည့်စကားကို ကား နားထောင်လေ့ရှိသဖြင့် ဘာမျှမပြောဘဲ အိမ်ပေါ်မှဆင်းသွားလေ၏။

မောင်ထွန်းမြတ်လည်း ဝန်ထောက်ကြီးကို ခြံဝင်းအပြင်သို့ရောက်အောင် လိုက်ပို့ပြီးလျှင် မောင်ဘချိုအခန်းသို့ပြန်လာရာ “ကျွန်တော်ဖြင့် ကြောက်လွန်းအားကြီးလို့ သေများသေရလိမ့်မယ်မှတ်တယ်ဗျာ၊ သွားပြီလား ဖေဖေအခု၊ ကောင်းပါလေဗျာ၊ ကျွန်တော်ဖြင့် မျက်လုံးကိုပြူးနေတာပဲ”

“မင်းမပြောနဲ့ ငါတို့တောင် ကြောက်လိုက်တာကွယ်၊ မဟုတ်ဘူးလား အစ်မကြီး”

“မပြောပါနဲ့တော့ကွယ်၊ ငါဖြင့် မွေးကတည်းက ဒီလောက်များ တစ်ခါမှမကြောက်ဖူးပါဘူး”

“ဒါနဲ့ ကျွန်တော် မေမွေးကို ဒီကနေ့ညတွေ့ရပါဦးမလားဗျာ”

“မတော်ပေဘူးထင်တယ် မောင်ဘချို၊ နောက်များမှတွေ့ပေတော့”

“နို့... မိမိရိကော”

“မိမိရိတော့ ငါရုံးသွားရင် ဝင်ပြောလိုက်မယ်၊ သို့သော် မိုးတွေက လည်းရွာ...”

“အမယ် မိုးမကလို့ မိုးပုဆိန်ရွာဦးတော့ လာပါတယ်ဗျာ၊ ကျွန်တော့် နှမကျွန်တော်သိပါတယ်”

“ဒါဖြင့် ငါဝင်ပြောလိုက်မယ်၊ ဒေါ်ဒေါ် အစ်မကြီးနေမကောင်းလို့ မိမိရိတစ်ဆိတ်လောက်လာပါလို့ ပြောလိုက်မယ်နော် အစ်မကြီး”

“အေးပါကွယ်၊ ငါသေတယ်ပဲပြောချင်ပြော”

မောင်ထွန်းမြတ်လည်း မိုးရွာနေသည်ဖြစ်၍ မော်တော်ကားနှင့် မိမိရိအိမ်သို့သွားပြီးလျှင် ဝန်ထောက်ကတော်ကြီးမရှိခိုက်တွင် မိမိရိအား မောင်ဘချိုသည် အိမ်တွင်ရောက်နေကြောင်းကိုပြော၍ ဝန်ထောက်ကတော်ကြီးကို “ဒေါ်ဒေါ် ဒီကနေ့ဖြင့် အစ်မကြီးနေမကောင်းလို့ မိမိရိခေါ်သွားရလိမ့်မယ် ဒေါ်ဒေါ်ရေ့”

“မိုးတွေက ရွာသနဲ့၊ မလုပ်ပါနဲ့ တူကြီးရယ်”

“မိုးရွာပေမယ့် မိုးပေါက်တစ်ပေါက်မှ မစွတ်စေရပါဘူး ဒေါ်ဒေါ်ရဲ့၊ မော်တော်ကားနဲ့ပါ၊ သူ့လိုက်ပို့ပြီးမှ ကျွန်တော်ရုံးသွားပါ့မယ်” ဟုပြော၍ ဝန်ထောက်ကတော်လည်း အခွင့်ပြုရလေလျှင် မောင်ထွန်းမြတ်သည် မိမိရိကို အိမ်သို့ပို့ခဲ့ပြီးမှရုံးသို့သွားလေ၏။

ညနေရောက်၍ မောင်ထွန်းမြတ် ရုံးမှပြန်လာပြီးလျှင် မောင်ဘချိုအခန်းတွင်းသို့ဝင်သွားရာ မောင်ဘချိုမှာ သွားချိန်နီးပြီဖြစ်သောကြောင့် မျက်နှာမသာမယာနှင့် မိမိရိမှာဝိုလျက်နေသည်ကို တွေ့ရလေ၏။ မီးထွန်းချိန်ရောက်၍ မောင်ဘချိုအား ထမင်းကျွေး၊ လမ်းစရိတ်များလည်းပေးပြီးလျှင် မောင်ထွန်းမြတ်က မောင်ဘချိုအား မိမိနေထိုင်သည့်အရပ်ကို စာရေး၍ထည့်ရန် အထပ်ထပ်မှာကြား၍ မိမိလည်း စုံထောက်တစ်ယောက်အား ဤအမှုကိုလွှဲအပ်မည့်အကြောင်းကိုပြောဆိုပြီးနောက် အစ်မကြီးအား အစေခံတို့ကို အိမ်နောက်သို့ခေါ်၍ စကားပြောဆိုနေစေပြီးလျှင် မောင်ဘချို၊ မောင်ထွန်းမြတ်နှင့် မိမိရိတို့သည် အိမ်ပေါ်မှဆင်းသွားကြလေ၏။ အိမ်ရှေ့သို့ရောက်လျှင် မိမိရိလည်း မျက်ရည်စက်လက်နှင့်မောင်ဖြစ်သူအား နှုတ်ဆက်ပြီးနောက် မိုးလည်းရွာနေသည်ဖြစ်၍ မောင်ဘချိုသည် အစ်မကြီးပေးလိုက်သော ထီးကြီးကို ဆောင်းလျက်ထွက်သွားရာလေ၏။ မောင်ထွန်းမြတ်လည်း ဝင်းပေါက်သို့ရောက်အောင်လိုက်ပို့ပြီးမှ မိမိရိထံပြန်လာ၍ “ကဲ.. မိမိရိ ပြန်မယ် မဟုတ်လား”

“ပြန်မှပေါ့ရှင်၊ ဖေဖေကဖြင့် ကြိမ်းများနေဦးမလားမသိဘူး”

“ကိစ္စမရှိပါဘူး၊ ကျုပ်ပြောပါ့မယ်” “ရှင် လိုက်ဦးမလို့လား”

“မလိုက် ဘယ့်နယ်လုပ်ရမတုံး၊ ကဲ...လာ အစ်မကြီးတော့ အစေခံတွေနဲ့ စကားကောင်းနေသေးတယ်မှတ်တယ်”

မော်တော်ကားပေါ်သို့ရောက်လျှင် မိမိရိလည်း မောင်ဘချိုအတွက် စိတ်မချမ်းသာသဖြင့် ချောင်တွင်ကုပ်၍ ငိုလျက်နေလျှင် “မငိုပါနဲ့မိမိရိရယ်၊ တစ်နေ့တော့ စိတ်ချမ်းသာတာ တွေ့ရလိမ့်ဦးမယ်ပေါ့”

အိမ်သို့ရောက်လျှင် မောင်ထွန်းမြတ်သည် မောင်မျှားအား “မင်းပြန်နှင့်တော့ ငါခြေကျင်ပြန်တော့မယ်”ဟု ပြောလျှင် မိမိရိက “ကိုထွန်းမြတ် ကြာကြာနေဦးမယ်ပေါ့လေ၊ မေမေက ဘယ်လောက်ဝမ်းသာမယ်လို့” ဟုပြော၍ အိမ်ပေါ်သို့တက်လာကြလျှင် ဝန်ထောက်ကတော်ကြီးမှာ ဝန်ထောက်ကြီးလည်းမရှိ၊ သမီးလည်းပြန်မလာသေးသဖြင့် တစ်ယောက်တည်းပျင်းလှသည်နှင့် အိပ်ရာတွင် အိပ်ပျော်နေသည်ကို တွေ့ရလေ၏။

ဆက်လက်ဖော်ပြပါမည်။

သီတဂူစက္ခုဒါနဆေးရုံ(ရန်ကုန်)၌ မျက်စိဝေဒနာရှင်များအား ကုသပေး

ရန်ကုန် စက်တင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(မြောက်ပိုင်း) မြို့နယ်ရှိ သီတဂူစက္ခုဒါနဆေးရုံ၌ (၁၉)ကြိမ်မြောက် မျက်စိအလင်းအလှူတွင် ဇူလိုင်လ ၉ ရက်မှ စတင်၍ စာရင်းပေးသွင်းခဲ့သည့် ရပ်နီးရပ်ဝေးမှမျက်စိဝေဒနာရှင် ၁၃၀၀ ကျော်အား စမ်းသပ်စစ်ဆေးခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ(၁၉)ကြိမ်မြောက် မျက်စိအလင်းအလှူကုသမှုတွင် စာရင်းသွင်းအမှတ်စဉ်(၁)မှ (၆၀၀)အထိအား ယနေ့တွင်လည်းကောင်း၊ အမှတ်စဉ် (၆၀၁)မှ (၁၂၀၀)အထိအား စက်တင်ဘာလ ၂ ရက်တွင်လည်းကောင်း စမ်းသပ်စစ်ဆေးခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပြီး (၁၈)ကြိမ်မြောက်တွင် ကျန်ရှိသည့် မျက်စိဝေဒနာရှင် ၈၀ ဦးကိုလည်း ယနေ့နံနက်ပိုင်းတွင် ကုသပေးလျက်ရှိသည်။

သီတဂူစက္ခုဒါနဆေးရုံ (ရန်ကုန်)၏ (၁၈)ကြိမ်မြောက် မျက်စိအလင်းအလှူကို ဇွန်လ ၉ ရက်မှ ၁၄ ရက်အထိ စမ်းသပ်စစ်ဆေးခြင်း၊ ခွဲစိတ်ကုသပေးခြင်းများ ပြုလုပ်ပေးရာ စမ်းသပ်စစ်ဆေးလူနာ ၁၂၅၇ ဦး၊ ခွဲစိတ်ကုသလူနာ ၄၇၆ ဦးနှင့် လေဆာပစ်ကုသလူနာ ၄၅ ဦးတို့ကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ **ဝန်းရံခ**

ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

ကန့်ဘလူ စက်တင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့်နံရံကပ်စာစောင်၊ စာအုပ်စာစောင်များပြသခြင်းကို ဩဂုတ်လ ၃၁ ရက်က ဆောင်ရွက်သည်။

အသိပညာပေးဟောပြောပွဲတွင် ကန့်ဘလူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ဇင်က ကလေးအလုပ်သမားဆိုင်ရာ အချက်အလက်များ၊ ကလေးအလုပ်သမားဖြစ်ရခြင်းအကြောင်းရင်းများ၊ ဥပဒေပါ ကလေးအလုပ်သမားဆိုင်ရာ အသက်ကန့်သတ်ချက်များ၊ အပြည်ပြည်ဆိုင်ရာ



ပြဋ္ဌာန်းချက်များ၊ ပြစ်မှုပြစ်ဒဏ်များနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ရန်ကင်း

မပေါ့ဆသင့်သည့် အဆုတ်ရောင်ရောဂါ

ဒေါက်တာ အောင်ညွှန့်ပိုင်

လူအများစုသည် ရာသီဥတုအကူးအပြောင်းတွင် ဖျားနာ၊ ချောင်းဆိုးခြင်း မကြာခဏဖြစ်ပွားသော်လည်း သာမန်ရောဂါဟုသာ ပေါ့ပေါ့ဆဆတွေးတတ်ကြသည်။ အသက်အရွယ်ကြီးရင့်သူများတွင် အသက်ရှူလမ်းကြောင်းပိုးဝင်ရာမှ တစ်ဆင့် အသက်အန္တရာယ်ရှိသော အဆုတ်ရောင်ရောဂါ (Pneumonia) အထိ ပြင်းထန်သွားနိုင်သည်။

အဆုတ်ရောင်ရောဂါ

အဆုတ်ရောင်ရောဂါသည် ဗိုင်းရပ်စ်သို့မဟုတ် ဗက်တီးရီးယားပိုးမွှားများကြောင့် အဆုတ်အတွင်းရှိ လေအိတ်ငယ်လေးများတွင် ပိုးဝင်ကာ ပြည်နှင့် အရည်များပြည့်လာပြီး ရောင်ရမ်းလာခြင်းဖြစ်သည်။ ရောဂါပိုးဝင်ရောက်လာသည့်အခါ ယေဘုယျအားဖြင့် အောက်ပါလက္ခဏာများ ပြသတတ်သည်။

ကိုယ်အပူချိန်တက်ပြီး ဖျားခြင်း သို့မဟုတ် ချမ်းတုန်ခြင်း၊ အသက်ရှူမဝခြင်း၊ မောပန်းခြင်းနှင့် အသက်ရှူနှုန်းမြန်လာခြင်း၊ ရင်ဘတ်အောင့်ခြင်း (အထူးသဖြင့် ချောင်းဆိုးသည့်အခါ သို့မဟုတ် အသက်ပြင်းပြင်းရှူသည့်အခါ)၊ တစ်ကိုယ်လုံးအားနည်းခြင်းနှင့် နုံးခွေနေခြင်းတို့ဖြစ်တတ်သည်။ သတိပြုရန်မှာ အသက် ၆၅ နှစ်ကျော် အဘိုးအဘွားများတွင် အထက်ပါအတိုင်း ပြင်းပြင်းထန်ထန်ဖျားခြင်း၊ ချောင်းဆိုးခြင်းမျိုး သိသာထင်ရှားစွာ မပြတတ်ပေ။ ထို့ကြောင့် ပိုမိုပေါ့ဆမိတတ်ကြသည်။ သာမန်ဖျားခြင်းထက် ခန္ဓာကိုယ် အဆမတန်အားနည်းခြင်း၊ အိပ်ရာထဲမှ မထနိုင်ခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ သတိမေ့တတ်ခြင်းနှင့် အစားအသောက်လုံးဝပျက်သွားခြင်း စသည့် လက္ခဏာများဖြင့် စတင်တတ်သဖြင့် မိသားစုဝင်များ အနေဖြင့် အထူးသတိပြုစောင့်ကြည့်ရန် လိုအပ်သည်။

အဆုတ်ရောင်ရောဂါ ကူးစက်ခံရပါက တခြားသူများထက် ရောဂါပြင်းထန်နိုင်ပြီး အသက်အန္တရာယ်စိုးရိမ်ရသည်အထိ အခြေအနေဆိုးရွားသွားနိုင်သော အန္တရာယ်ရှိအုပ်စုများ (High-risk groups) ရှိသည်။ ယင်းတို့မှာ အသက် ၆၅ နှစ်နှင့်အထက် လူကြီးများသည် အသက်အရွယ်ကြောင့် ခန္ဓာကိုယ်၏သဘာဝခုခံအားစနစ် တဖြည်းဖြည်းကျဆင်းလာသဖြင့် ရောဂါပိုးကို ကောင်းကောင်းမတွန်းလှန်နိုင်တော့ခြင်းကြောင့်ဖြစ်သည်။

အဆုတ်ရောင်ရောဂါသည် သာမန်အအေးမိနာစေးခြင်း မဟုတ်ဘဲ အချိန်မီမကုသပါက ရုတ်ပိုင်းအတွင်း အသက်ဆုံးရှုံးနိုင်သည်အထိ အန္တရာယ်ကြီးမားသည်။ အဓိကအားဖြင့် အောက်ပါပြင်းထန်သော နောက်ဆက်တွဲဆိုးကျိုးများကြောင့်ဖြစ်သည်။

သွေးထဲပိုးဝင်ပြီးသွေးဆိပ်တက်ခြင်း

အဆုတ်ထဲရှိ ရောဂါပိုးမွှားများသည် သွေးကြောထဲသို့ ပျံ့နှံ့ဝင်ရောက်သွားတတ်သည်။ ထိုအခါ ခန္ဓာကိုယ်တစ်ခုလုံးတွင် ပြင်းထန်စွာရောင်ရမ်းမှုများဖြစ်ပေါ်ပြီး သွေးဖိအား အဆမတန်ကျဆင်းကာ အသက်အန္တရာယ်ကို ထိခိုက်စေနိုင်သည်။

အသက်ရှူလမ်းကြောင်းပျက်စီးခြင်း

အဆုတ်လေအိတ်များထဲတွင် ပြည်နှင့်အရည်များ ပြည့်လာသည့်အတွက် အောက်ဆီဂျင်ကို သွေးထဲသို့ လုံလုံလောက်လောက် မပို့ဆောင်ပေးနိုင်တော့ပေ။ ထိုအခါသွေးတွင်းအောက်ဆီဂျင်ရုတ်တရက်ထိုးကျသွားပြီး အသက်ရှူမရတော့ဘဲ အောက်ဆီဂျင်အရေးပေါ်ပေးရသည့်အဆင့်သို့ ရောက်ရှိသွားသည်။

အဆုတ်အတွင်း ပြည်တည်ခြင်း

အဆုတ်၏ အစိတ်အပိုင်းတချို့တွင် ရောဂါပိုးများကြောင့် ပြည်ခဲများ၊ ပြည်အိတ်များဖြစ်ပေါ်လာတတ်ပြီး ကုသရပိုမိုခက်ခဲသွားသည်။

တခြားအင်္ဂါအစိတ်အပိုင်းများ ပျက်စီးခြင်း

သွေးဆိပ်တက်ခြင်းနှင့် အောက်ဆီဂျင်ပြတ်လပ်ခြင်းတို့ကြောင့် ခန္ဓာကိုယ်၏ အရေးကြီးအင်္ဂါများဖြစ်သော ကျောက်ကပ်၊ နှလုံးနှင့် ဦးနှောက်တို့၏လုပ်ငန်းဆောင်တာများ ရုတ်တရက် ရပ်ဆိုင်းသွားတတ်သည်။

အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးထိုးထားပါက အဆုတ်ရောင်ရောဂါ အားလုံးကို မဖြစ်အောင် ကာကွယ်ပေးနိုင်သည်ဟု ထင်မှတ်မှားတတ်ကြသည်။

စင်စစ်အားဖြင့် အဆုတ်ရောင်ရောဂါကိုဖြစ်စေနိုင်သော အကြောင်းရင်းများမှာ (၃ပမာ – ဗိုင်းရပ်စ်၊ ဗက်တီးရီးယား၊ မှိုပိုး စသည်ဖြင့်) မြောက်မြားစွာရှိသည်။ အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးဆိုသည်မှာ အဆိုပါအကြောင်းရင်းများထဲမှ လူကြီးများနှင့် ရောဂါအခံရှိသူများတွင် အသက်အန္တရာယ်အရှိဆုံး ဖြစ်စေတတ်သည့် Pneumococcus ဗက်တီးရီးယားကြောင့် ဖြစ်ပွားနိုင်သောရောဂါများကိုသာ အဓိက ကာကွယ်နိုင်ရန်ရည်ရွယ်ခြင်းဖြစ်သည်။

သို့သော် ဤဆေးကို မဖြစ်မနေထိုးသင့်သည့်အကြောင်းရင်းမှာ ကာကွယ်ဆေးထိုးထားခြင်းဖြင့် အဆုတ်ရောင်ပိုးကြောင့် ဆေးရုံတက်ရလောက်အောင် ပြင်းထန်ခြင်းကို ကာကွယ်ပေးနိုင်ခြင်း၊ အသက်ရှူလမ်းကြောင်း ပျက်စီးပြီး အောက်ဆီဂျင်ပေးရမည့် အဆင့်သို့ မရောက်အောင် တားဆီးပေးနိုင်ခြင်း၊ သွေးထဲပိုးဝင်ပြီး သွေးဆိပ်တက်ခြင်းနှင့် ကျောက်ကပ်၊ နှလုံး စသည့် အင်္ဂါများ ပျက်စီးခြင်းကဲ့သို့သော အသက်အန္တရာယ်ရှိသည့် နောက်ဆက်တွဲပြင်းထန်ဆိုးကျိုးများဖြစ်ပွားနိုင်ခြေကို ရာနှုန်းပြည့်နီးပါး လျော့ချပေးနိုင်ခြင်း စသည်တို့ကြောင့် ဖြစ်သည်။

အသက်ကြီးလာသည့်အခါ ခန္ဓာကိုယ်၏ ခုခံအားစနစ်သည် ငယ်ရွယ်စဉ်ကလောက် ရောဂါပိုးမွှားများကို လျင်မြန်စွာ တိုက်ထုတ်နိုင်စွမ်းမရှိတော့ဘဲ တဖြည်းဖြည်းလျော့နည်းလာတတ်သည်။ ထို့ပြင် အဆုတ်၏ကြွက်သားများနှင့် လေပြွန်များကလည်း ရောဂါပိုးမွှားများကို ချောင်းဆိုးပြီး သလိပ်အဖြစ် အပြင်သို့ မောင်းထုတ်နိုင်စွမ်း (ခန္ဓာကိုယ်၏သဘာဝကာကွယ်ရေးစနစ်) လျော့ကျသွားသည်။ ထို့ကြောင့် အသက် ၆၅ နှစ်ကျော်လာလျှင် အဆုတ်ရောင်ပိုးဝင်ရောက်လာပါက ခန္ဓာကိုယ်၏ခံနိုင်ရည်မှာ အလွန်နည်းပါးသွားပြီး ရုတ်ပိုင်းအတွင်း အခြေအနေဆိုးရွားသွားနိုင်သည်။

အသက် ၆၅ နှစ်ပြည့်သည်နှင့် လူတိုင်းကာကွယ်ဆေးထိုးရမည့် အကြိမ်ရေနှင့် ကာကွယ်ဆေးတစ်မျိုးတည်းကိုသာ ထိုးရမည်ဟု ပုံသေသတ်မှတ်၍မရပါ။ လက်ရှိဆေးပညာဆိုင်ရာ လမ်းညွှန်ချက်များအရ မိမိထိုးမည့်ကာကွယ်ဆေးအမျိုးအစားနှင့် မိမိ၏ ယခင်ကာကွယ်ဆေးထိုးဖူးသည့် ရာဇဝင်ပေါ်မူတည်ပြီး ထိုးရမည့် အချိန်ဇယားကွာခြားနိုင်သည်။ ထို့ကြောင့် မိမိနှင့်ကိုက်ညီမည့်အစီအစဉ်ကို ဆရာဝန်နှင့် သေချာတိုင်ပင်ရမည်ဖြစ်သည်။

အသက် ၆၅ နှစ်နှင့်အထက်ရှိသူများ၊ နာတာရှည်ရောဂါအခံရှိသူများ (၃ပမာ– ဆီးချို၊ နှလုံး၊ သွေးတိုး၊ နာတာရှည်အဆုတ်နှင့် ကျောက်ကပ်ရောဂါရှိသူများ)၊ ကိုယ်ခံအားနည်းသူများ (၃ပမာ – ကင်ဆာဆေးသွင်းနေရသူများ၊ စတီးရွိုက်ဆေးရေရှည်သောက်နေရသူများ)၊ ဆေးလိပ်သို့မဟုတ် အယ်လ်ကိုဟော ရေရှည်သောက်သုံးသူများ၊ ယခင်က အဆုတ်ရောင်ရောဂါ သို့မဟုတ် အဆုတ်ရောင်ရောဂါဖြစ်ဖူးသည့် ရာဇဝင်ရှိသူများ၊ အထက်ပါအုပ်စုဝင်များ ဖြစ်သော်လည်း တစ်ဦးချင်းစီ၏ အသက်အရွယ်၊ လက်ရှိခံစားနေရသော ရောဂါအခြေအနေနှင့် ယခင်က ကာကွယ်ဆေးထိုးဖူးခြင်း ရှိ/မရှိ အပေါ်မူတည်၍ မည်သည့်ဆေးအမျိုးအစားကို အကြိမ်ရေမည်မျှနှင့် မည်ကဲ့သို့ ခွဲပြီးထိုးရမည်ဟူသော သတ်မှတ်ချက်ကွာခြားနိုင်သဖြင့် နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း သို့မဟုတ် မိသားစုဆရာဝန်နှင့် ပြသတိုင်ပင်ပြီးမှသာ ထိုးနှံရမည်ဖြစ်သည်။

သာမန်အဖျား၊ အအေးမိခြင်းမှသည် အသက်အန္တရာယ်ရှိသော နောက်ဆက်တွဲဆိုးကျိုးများမဖြစ်လာစေရန် ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးနှင့် အသက်သာဆုံးနည်းလမ်းဖြစ်သည်။ ထို့ကြောင့် နီးစပ်ရာဆေးခန်း သို့မဟုတ် မိသားစုဆရာဝန်နှင့်တိုင်ပင်ပြီး မိမိနှင့် မိသားစုဝင်များအတွက် အဆုတ်ရောင်ရောဂါကာကွယ်ဆေးကို စောစီးစွာ ထိုးနှံထားကြရန် တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပါသည်။

“အဆုတ်ရောင်ရောဂါကူးစက်ခံရပါက တခြားသူများထက် ရောဂါပြင်းထန်နိုင်ပြီး အသက်အန္တရာယ်စိုးရိမ်ရသည်အထိ အခြေအနေဆိုးရွားသွားနိုင်သော အန္တရာယ်ရှိအုပ်စုများ (High-risk groups)ရှိသည်။ ယင်းတို့မှာ အသက် ၆၅ နှစ်နှင့်အထက် လူကြီးများသည် အသက်အရွယ်ကြောင့် ခန္ဓာကိုယ်၏သဘာဝခုခံအားစနစ် တဖြည်းဖြည်းကျဆင်းလာသဖြင့် ရောဂါပိုးကို ကောင်းကောင်းမတွန်းလှန်နိုင်တော့ခြင်းကြောင့်ဖြစ်သည်. . .”

ချမ်းမြသာစည်မြို့နယ်၌ ကျန်းမာရေး အသိပညာမြှင့်တင်ခြင်း ဟောပြောပွဲကျင်းပ

မန္တလေး စက်တင်ဘာ ၁

ကျောင်းအခြေပြုကျန်းမာရေး အသိပညာများတိုးပွားစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေးအသိပညာမြှင့်တင်ခြင်း ဟောပြောပွဲကို ဩဂုတ်လ ၃၁ ရက်က ချမ်းမြသာစည်မြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန နားမကြားသော ကလေးများကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ဇာနည်ထွန်းက မသန့်ရှင်းသောရေနှင့်အစားအစာများကြောင့် ရောဂါဖြစ်ပေါ်လာနိုင်ခြင်းအကြောင်း၊ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့်ပက်သက်၍ ကြိုတင်ကာကွယ်ရေးနည်းလမ်းများအကြောင်း၊ သန့်လေးသန့်နှင့် ရောဂါဖြစ်ပွားပါက အနီးစပ်ဆုံး ဆေးရုံ၊ ဆေးခန်းသို့သွားရောက်ကုသရန် အသိပညာပေးဟောပြောခြင်းကို နားမကြားသောကလေးများကျောင်းမှ ဆရာမဒေါ်စုမွန်အောင်က လက်သင်္ကေတပြဘာသာစကားဖြင့် ပြန်လည်ရှင်းလင်းဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ကျန်းမာရေးအကြောင်းသိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဟောပြောဆွေးနွေးသည်။ ဆက်လက်၍ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါမဖြစ်ပွားစေရေးအတွက် ကျောင်းရှိ သောက်သုံးရေကန်များကို ကလိုရင်းဆေးခတ်၍ ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ နားမကြားသောကလေးများကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်မြတ်စိုးနှင့် ဆရာ၊ ဆရာမများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ဇာနည်ထွန်း၊ သားဖွားဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **အလင်းသစ်(ပြန်/ဆက်)**



MYAWADY IN ENGLISH DAILY EDITION

Vice President U Nyo Saw holds separate meetings with Russian Deputy Prime Minister, Presidential Adviser, Forum Executive Secretary and Roscongress Foundation Director

VLADIVOSTOK September 1

Vice President U Nyo Saw, who is in Vladivostok, Russian Federation, to attend the 11th Eastern Economic Forum to be held in the city, met with Russian Deputy Prime Minister Yury Petrovich Trutnev at 3:30 pm local time on September 1 in Vladivostok and they held cordial and frank discussions on Myanmar-Russia bilateral relations, cooperation in education, development of the Dawei deep-sea port and Special Economic Zone, and the promotion and implementation of cooperation in energy, the economy, trade and tourism, and the establishment of a Consulate-General of Myanmar in Vladivostok, Russian Federation.

In the afternoon, Vice President U Nyo Saw separately met with Russian Presidential Adviser and Executive Secretary of the Forum Organizing Committee Anton Kobyakov and Roscongress Foundation Director Alexander Shatirov in Vladivostok.

The meetings were attended by Union Minister for Electricity and Energy U Ko Ko Lwin, Deputy Minister for Foreign Affairs U Ko Ko Kyaw, Deputy Minister for Digital Development and Communications U Min Zeyar Hlaing, Myanmar Ambassador U Myo Moe Aung and officials.



Myawady

Vice President U Nyo Saw receives Russian Deputy Prime Minister Yury Petrovich Trutnev in Vladivostok.

Prize-presentation ceremony of the 19th Intra-Military Performing Arts, Anyeint, Drama and Magic Show Competitions, held, graced by Commander-in-Chief of Defence Services General Ye Win Oo





Commander-in-Chief of Defence Services General Ye Win Oo and attendees enjoy the performance of a prize-winning team.

NAY PYI TAW September 1

The prize-presentation ceremony of the 19th Intra-Military Performing Arts, Anyeint, Drama and Magic Show Competitions, held with the aim of preserving and protecting the Myanmar traditional cultural performing arts, vitalizing patriotism, nationalistic fervour and national pride, of the Directorate of Public Relations and Psychological Warfare of the Office of the Commander-in-Chief (Army) took place at Hsinphyushin Hall, Transit Centre, Nay Pyi Taw this morning. Commander-in-Chief of Defence Services General Ye Win Oo attended the ceremony and presented the championship trophy.

Also present at the ceremony were Daw Nilar, wife of the Commander-in-Chief of Defence Services, Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin and wife Daw Nan Kuu Ku, the Chief of General Staff (Army, Navy and Air) and wife, the Commander-in-Chief (Navy) and wife, the Commander-in-Chief (Air) and wife, senior military officers from the Office of the Commander-in-Chief and wives, the Nay Pyi Taw Command commander, judges, who were veteran and seasoned artists and senior technicians, invited guests and soldier contestants.

According to the agenda, the first part of the prize-presentation ceremony was held. Chairman of the Morale and Public Relations Committee Adjutant-General Lt-Gen Zaw Hein presented prizes to Stg Zaw Min Tun and his team of No 3 mobile public relations company, who won first place in the magic contest, WOII Aung Zaw and team of No 4 mobile public relations company, who won first place in modern music (team-wise) contest, WOI Tint Hsan and team of No 1 Tatmadaw TV broadcasting unit, who won first place in Myanmar orchestra (team-wise) contest.

Chief of General Staff (Army, Navy and Air) General Ko Ko Oo presented prizes to Tayzagon team led by WOII (Substitute) Daw Thanda Lin of No 2 Tatmadaw TV broadcasting unit, who won first place in Myanmar traditional cultural (Court) synchronized dance, Farm Girls team led by

SEE PAGE - 22

FROM PAGE - 21

WOII (Substitute) Daw Thanda Lin of No 2 Tatmadaw TV broadcasting unit, who won first place in Myanmar traditional cultural (Choice) synchronized dance, Nyinyasay ethnic synchronized dance team led by Seageant Clark Kyawt Yamin of No 2 Tatmadaw TV broadcasting unit, who won first place in Myanmar traditional cultural (Ethnic traditional)) synchronized dance.

Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin presented prizes to Shwepyitan Anyeint Troupe of the Myanmar orchestra (troupe) contest played the "Aung Par Say" welcoming tune; first-prize winner Seageant Aye Min Tun from No. 1 mobile public relations company in the old song (men's) singing contest presented the song titled "Lu-chun-lu-kaung'; Seageant (Substitute) Daw Kyi Sin Thant from No 1 Tatmadaw TV boradcasting unit who won the first prize in the modern song (women's) singing contest sang the song "Taung-tan-pyar-ne-kyaw-poe-eik"; Captain Daw May Eaindray Thant from No 2 Tatmadaw TV broadcasting unit who won the first prize in the sterio



General Ye Win Oo presents certificate of honour to officials of a prize-winning team.



General Ye Win Oo cordially converses with judges.

No 4 mobile public relations company, which won first place in Anyeint contest and Mitenaungta stage drama troupe of No 1 mobile public relations company, which won first place in drama contest.

Commander-in-Chief of Defence Services General Ye Win Oo presented the championship trophy of the 19th Intra-Military Performing Arts, Anyeint, Drama and Magic Show Competitions of the Directorate of Public Relations and Psychological Warfare of the Office of the Commander-in-Chief (Army) to No 2 mobile public relations company.

The troupe representing the No 1 Tatmadaw TV broadcasting unit which won the first prize in song (women's) singing contest presented a song "Yue-yue-maik-maik-Achit"; the troupe of the No 2 Tatmadaw TV broadcasting unit which won the first prize in the traditional Myanmar cultural (royal choral dance) contest performed Tayzagon royal choral dances; the troupe from the No 1 mobile public relations company which secured the second prize in the traditional Myanmar cultural (open choral dance) presented rural farmer's choral dances; rhe troupe from the No 2 mobile public relations company which bagged the third prize in the magic (troupe) contest showed their best skills in magics; the troupe of the No 4 mobile public relations company which held up the first prize in the modern band contest played the music; the troupe of the No 2 Tatmadaw TV broadcasting unit which clinched the second prize in the Anyeint (Troupe) contest presented some plots of Anyeint performances; and servicemen and servicewomen from the No 2 Tatmadaw TV broadcasting unit performed the songs and dances under the song "Seelon-chitkyi-Pyansonkyamyi".

The Commander-in-Chief of Defence Services and his wife, the Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) and his wife, senior military officers from the Office of the Commander-in-Chief presented cash awards to the regiments and units which participated in the competition. The Commander-in-Chief of Defence Services and party cordially greeted the maestros who were members of the panel of judges and contestant Tatmadaw members.

In the afternoon, the second session of the awarding ceremony followed, attended by the Director of the Public Relations and Psychological Warfare under the Ofice of the Commander-in-Chief (Army), senior military officers, members of the panel of judge maestros, guests and Tatmadaw member contestants.

Officials from the Directorate of the Public Relations and Psychological Warfare presented awards to the first, second and third prize winning Tatmadaw member contestants in relevant contests.

On behalf of the members of the panel of judge maestros, U Thet Swe presented reviews and assessments over the competition. The Director discussed his remarks over holding the competition and presented gifts to the maestros.

The Directorate of Public Relations and Psychological Warfare under the Office of the Commander-in-Chief (Army) held the Performing Arts, Anyeint, Drama and Magic Competition with the objectives of preserving and safeguarding Myanmar's traditional cultural and performing arts so that they would not decline or disappear; fostering and nurturing patriotism rooted in national spirit and pride in the hearts of all citizens through the arts; and enabling the artistic standards of the respective units to develop and improve systematically by allowing a new generation of artists and performers to inherit and preserve the genuine artistic heritage passed down by veteran and maestros artistes and experts. The competitions were organized with the participation of servicemen and servicewomen from the Myawady-based artistic troupes and mobile public relations companies under the command of the Directorate of Public Relations and Psychological Warfare of the Office of the Commander-in-Chief (Army). A total of 21 competition categories were contested this year, including oldies, modern songs, sterio songs, Anyeint performances, dance, traditional Myanmar cultural open choral dance, duet dance, drama, Myanmar traditional orchestra, modern band, magic, and song composing contests.

100

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Kyaukmyaung Sub-Township sees completion of growing vegetables this year

KYAUKMYAUNG September 1

Local farmers planted 2,897 acres of vegetables as monsoon crops in Kyaukmyaung Sub-Township in Sagaing Region this year, according to the Sub-Township Agriculture Department.

So far, local farmers have planted 2,897 acres of vegetables since May this year against the target of 4,903 acres of crops earmarked by local authorities in the 2026-27 monsoon cultivation season in the Sub-Township.

"As of today, 2,897 acres have already been planted. Efforts are underway to ensure that the targeted acreage is achieved. The vegetables being cultivated include mustard, chilli, culinary herbs, potatoes, cabbage, eggplant, and cauliflower," said Daw Po, Head of the Kyaukmyaung Sub-Township Department of Agriculture.

This year, the Kyaukmyaung Sub-Township Department of Agriculture has been providing vegetable growers with technical training on GAP cultivation methods, offering guidance to ensure that vegetables produced from their farms are safe and healthy for consumption, and encouraging farmers to expand vegetable cultivation.

A wide variety of seasonal vegetables is cultivated annually in Kyaukmyaung Sub-Township, where vegetable farming has been successful and has contributed to increasing household incomes. The Department of Agriculture has also been educating vegetable growers on proper cultivation practices, effective pest management, and the preparation and use of organic fertilizers, biopesticides, and botanical pest-control solutions.

SK

Arrangements made to grow more than 1,000 acres of maize and sweet corns



KAWLIN September 1

According to the data from Kawlin District Department of Agriculture, local authorities earmarked cultivation of more than 1,000 acres of maize and sweet corns as monsoon crops in Kawlin District of Sagaing Region in coming monsoon.

In 2026-2027 monsoon cultivation season, they adopted a plan to grow 46 acres of maize and 1,817 acres of sweet corns, totalling 1,863. Local farmers will start cultivation of crops in June this year.

During the upcoming monsoon cropping season this year, over 1,000 acres of maize—including maize and sweet corn—are planned to be cultivated in Kawlin District. Efforts will be made to achieve the targeted acreage. In order to ensure successful maize production, awareness activities will be carried out, including training on crop management and guidance to prevent pest and disease infestations, said Head of the Agriculture Department in Kawlin District Daw Mar Cho.

For the 2026-2027 monsoon cropping season, the total maize cultivation target in Kawlin District has been set by township as follows: 1,135 acres of sweet corn in Kawlin Township, 682 acres of sweet corn in Wuntho Township, and 46 acres of maize in Pinlebu Township, totaling 1,863 acres.

This year, the township agriculture departments will provide training to farmers growing grain maize and sweet corn in Kawlin District, conduct field demonstrations, and promote agricultural awareness, including the prevention of fall armyworm, integrated pest management practices such as the use of neem-based pesticides, and the safe use of ginger and chilli-based pest control methods.

In Kawlin District, maize yields over 50 baskets per acre, with a cultivation cost of about Ks-500,000 per acre. Sweet corn yields about 15,000 ears per acre, with a cultivation cost also exceeding Ks-500,000 per acre.

SMK

Pwintbyu Township sees 100 percent cultivation of Ghost trees this year

PWINTBYU September 1

Local farmers planted Ghost trees on all sown acreage in Pwintbyu Township this year, accordingto the Township Agriculture Department.

Local authorities earmarked cultivation of 257 acres of Ghost trees as monsoon crops in the township this year. Local farmers started cultivation of trees in May this year and so far, they have planted the trees on all sown acreage.

"This year's monsoon cropping season in Pwintbyu Township, more than 200 acres of ghost trees have been targeted for cultivation. At present, 100 percent of the targeted acreage has already been planted. Ghost tree cultivation can be carried out on various types of soil and is drought tolerant, making it convenient for farmers. Regarding ghost tree cultivation, we are providing farmers with knowledge and awareness on GAP-based cultivation methods and crop management techniques to ensure the production of high-quality, chemical-free ghost trees," said Daw Moe Moe Wai, Head of the Pwintbyu Township Department of Agriculture.

In Pwintbyu Township, farmers have been cultivating ghost trees, a perennial crop, on a small-scale basis every year during the monsoon cropping season as the cultivation requires relatively low investment costs. It is reported that the Department of Agriculture is supervising and cooperating with major traders to help improve ghost tree yields and facilitate market access for farmers.

If ghost trees are cultivated with improved quality and higher yields, they can meet local demand and generate income through the sale of surplus production, contributing to the socio-economic development of local communities. Therefore, efforts should be made to expand ghost tree cultivation, said Daw Moe Moe Wai.

SK

Salingyi Township grows more than 10,000 acres of green gram this year



SALINGYI September 1

Statistics of Salingyi Township stated that local farmers planted 10,850 acres of green gram as monsoon crops in Salingyi Township of Sagaing Region this year.


Local authorities set a plan to grow 17,043 acres of green gram in the township in 2026-2027 monsoon cultivation season but local farmers cultivated 10,850 acres of crops against the target cultivation.

"This year's monsoon cropping season targeted the cultivation of more than 17,000 acres of green gram in Salingyi Township. We are also conducting extension activities to encourage the expansion of green gram cultivation and educating farmers on the use of quality certified seeds to improve yields," said U Wai Lin Tun, Head of the Salingyi Township Department of Agriculture.

This year, the Salingyi Township Department of Agriculture has been providing extension services to green gram growers by promoting the use of high-quality certified seed varieties suitable for local conditions, proper cultivation practices, effective pest management, the systematic application of fertilizers, and measures to improve crop yields.

It is also reported that, during this year's monsoon cropping season, the department has been working closely with farmers cultivating pulses by providing quality certified seeds, agricultural inputs, and post-harvest technology to improve the yield and quality of pulse crops. **SMK**

SCO must become driver of universal prosperity on eurasian continent - China's Xi



BISHKEK September 1

The Shanghai Cooperation Organization's (SCO) forces must become a driver of universal prosperity on the Eurasian continent, Chinese President Xi Jinping said on Tuesday.

"Let the SCO forces be a driver of universal prosperity on the Eurasian continent, fostering fruitful cooperation in the fields of politics, security, economy, trade, and cultural and humanitarian ties," Xi said during a meeting in the SCO+ format at the the SCO summit.

Xi also advocated for the SCO to become one of the key platforms for joint development and addressing the challenges that the countries of Eurasia are facing.

The SCO summit is taking place in Bishkek from August 31 to September 1. Representatives from 17 countries and 6 international organizations will attend the SCO events.

Sputnik

Nepal deaths cross 1,000 as rescuers continue search for hundreds trapped in tunnels

KATHMANDU September 1

Rescue teams in Nepal continue to search water-logged hydropower tunnels in the country's north, where hundreds of workers remain unaccounted for seven days after a flash flood devastated areas near the border with China.

The death toll has risen to 1,003, Nepal's National Disaster Risk Reduction and Management Authority (NDRRMA) said on Tuesday afternoon.

Nearly 4,000 people remain unaccounted for, the country's Foreign Ministry said, adding about 590 foreign nationals from 39 countries are among them. Some 11,800 have been rescued.

As the authorities try to bring relief and supplies to survivors, rescue teams are racing to locate the hundreds believed trapped in the 12-13 tunnels of the many hydroelectric projects dotting the Trishuli river corridor.

The NDRRMA has listed 639 people associated with the hydropower projects as missing. But the authorities have not been able to establish how many of those could be inside the tunnels or may have been swept away.

At the Upper Trishuli-3A Hydropower Project, where rescue teams had located and drilled into the tunnel's head on Monday, they were still pumping in air and draining water to enable entry. Excavators and rock breakers are clearing access routes to the 4 km-long tunnel, where between 30 and 40 people are believed to be in the underground powerhouse, the Kathmandu Post reported.

Since Monday, Nepali Army teams working with specialists from other countries have advanced further into several tunnels. The Foreign Ministry said 24 Indian and nine Chinese tunnel-rescue specialists are deployed at the affected sites, while a South Korean team has also arrived in Nepal.

A joint team reached 200 meters into the 9.5 km-long Upper Trishuli-1 tunnel. Rescuers also reached about 50 meters into the Chilime tunnel, and around 150 meters into Langtang – both about 3 km in length.

The Nepalese Army said 279 people had been rescued alive from hydropower projects immediately after the floods, including 221 from Upper Trishuli-3A and 33 from Upper Trishuli-1. More than 21,000 Nepalese security personnel are involved in the search, evacuation, and relief work. The NDRRMA said 37 trucks and 37 utility vehicles carrying food and relief materials had been dispatched to affected areas, with supplies also delivered on nine helicopter flights.

Nepal has requested equipment including LiDAR, temporary bridge units, freezers, DNA testing kits, and high-capacity drones to support rescue and relief operations.

RT

Lukashenko calls on SCO to expand contacts with other international organizations

MINSK September 1

Belarusian President Alexander Lukashenko on Tuesday called on the Shanghai Cooperation Organisation (SCO) to expand contacts with other international organizations, including the EAEU, CIS, CSTO, ASEAN, the African Union and BRICS.

"The partner status enshrined in the SCO Charter shows that we are not supporters of closed alliances and are ready to interact with all in the 'Shanghai spirit.' We need to expand SCO contacts with other associations such as the EAEU, CIS, CSTO, ASEAN, the African Union and, of course, BRICS," Lukashenko was quoted by the BelTA news agency as saying at the SCO Heads of State Council meeting.

The president added that progress in the SCO's key areas - security, economy and humanitarian affairs - would help strengthen the unity and cohesion of the organization's members and enhance its authority and collective voice on the international stage.

Sputnik

China sends new relief supplies, DNA experts to Nepal after deadly mudslide



KATHMANDU September 1

Another batch of Chinese relief supplies and experts arrived in Kathmandu, Nepal, by air on Tuesday, as part of Chinese aid efforts following the deadly mudslide on Wednesday.

Tailored to Nepal's on-the-ground needs, the aid package includes urgently required items such as drones, DNA testing devices and reagents, water-purification equipment, and lighting gear.

The aid came after China sent its first batch of relief supplies to Nepal on Sunday.

Five DNA identification specialists, forming the third team of Chinese aid experts for Nepal, were on the same flight. Upon their arrival, the Chinese DNA identification experts headed straight to the disaster-hit areas to assist Nepalese authorities with relief operations.

Nepalese authorities said Tuesday that the death toll from the massive mudslide had risen to 1,068, with 4,606 people still missing.

Xinhua

8,800-year-old mining workshop uncovered in SE Türkiye

ANKARA September 1

A mining workshop dating back about 8,800 to 8,900 years has been unearthed in southeastern Türkiye, Turkish Minister of Culture and Tourism Mehmet Nuri Ersoy said on Tuesday.

In a post on social media platform X, Ersoy said the workshop, covering around 5 square meters and dated to 6900-6800 BC, was found at Cayonu Mound in the Ergani district of Diyarbakir Province.

Excavations uncovered raw and semi-processed malachite, processed malachite samples, copper beads, copper objects, and a stone-paved work area within the workshop.

Cayonu Mound is a 12,000-year-old Neolithic site that witnessed the transition from a hunter-gatherer lifestyle to settled life, agriculture, and animal husbandry.

Xinhua

ရေဘေးသင့်ပြည်သူများ စိုက်ပျိုးသီးနှံများအချိန်မီ ပြန်လည်ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် စက်ယန္တရားများအသင့်စုဖွဲ့ထားရှိ



ပုသိမ် စက်တင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေပြန်လည်ကျဆင်းပါက ရေဘေးသင့်ပြည်သူများ စိုက်ပျိုးသီးနှံများ အချိန်မီ ပြန်လည်ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် စက်ယန္တရားများ အသင့်စုဖွဲ့ထားရှိပြီး လိုအပ်သည့်မျိုးစေ့၊ သွင်းအားစုများကိုလည်း အသင့်စုဆောင်းထားရှိကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအေးကျော်က ယနေ့မွန်းလွဲပိုင်းတွင် လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံစဉ်ပြောကြားသည်။

ထို့ပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရေကျဆင်းပါက ပျက်စီးမှုများကို အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး၊ ပြည်သူများ၏ နေထိုင်စားသောက်ရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပုံမှန်ပြန်လည်လည်ပတ်နိုင်ရေးတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းပြောကြားပြီး ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် အိုင်သပြုကျေးရွာအခြေခံပညာအထက်တန်းကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာနှင့်ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

အလားတူ အိုင်သပြုတိုက်နယ် ဆေးရုံပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ အမှတ်(၃)ရပ်ကွက် ရေဘေးသင့်ပြည်သူများကို ဆန်ရိက္ခာနှင့်ထောက်ပံ့ပစ္စည်းများ သွားရောက်ပေးအပ်သည်။

ယနေ့နံနက်ပိုင်းတွင်လည်း ဟင်္သာတမြို့ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရိပ်သာတွင် ဘိုကလေးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် စေတနာရှင် မြို့သူမြို့သားများ၏ အလှူငွေကျပ်သိန်း ၁၅၀ ကိုလည်းကောင်း၊ Horizon Telecom International ၏ အလှူငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

အားကောင်းသောလေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် စက်တင်ဘာ ၁

ယနေ့ ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိသပြည်နယ်မြောက်ပိုင်း-ဂျက်ခမ်းပြည်နယ်တို့တွင်ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။

အဆိုပါအားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း အနောက်-အနောက် မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဩရိသပြည်နယ်မြောက်ပိုင်းနှင့် ဂျက်ခမ်းပြည်နယ်ကုန်းတွင်းပိုင်းဒေသများကို ဖြတ်ကျော်နိုင်သည်ဟုခန့်မှန်းရသည်။ (မိုး/၈လ)



မန္တလေးတိုင်းဒေသကြီးအတွင်း ရေဘေးသင့် ပြည်သူများအတွက် အလှူငွေများလှူဒါန်း

မန္တလေး စက်တင်ဘာ ၁

မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း မြစ်ရေ၊ ဆည်ရေမြင့်တက်မှုများ ဖြစ်ပေါ်ခဲ့ရာ ရေများဝင်ရောက်ခဲ့သည့်နေရာဒေသများမှ ရေဘေးသင့်ပြည်သူများအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က အခြေခံစားသောက်ကုန်များ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိပြီး စေတနာရှင်အလှူရှင်များကလည်း အလှူငွေများလှူဒါန်းလျက်ရှိသည်။

ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ စေတနာရှင် အလှူရှင်များက အလှူငွေများကိုလှူဒါန်းရာ အလှူရှင်များဖြစ်သည့် မန္တလေးတိုင်းဒေသကြီး စီးပွါးမန့် ချုံချွင့်ကုန်သည်ကြီးများ အသင်းမှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက အလှူငွေကျပ်သိန်း ၅၀၀ ကို လာရောက်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးတို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်၍ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ မြဝတီ

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန်ညှိနှိုင်းဆွေးနွေး

ကလေး စက်တင်ဘာ ၁

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန် ယမန်နေ့ မွန်းလွဲပိုင်းက ကလေးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံညှိနှိုင်းဆွေးနွေးကြသည်။



အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာသန့်ဇော်လွင်က ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနအချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်လိုကြောင်း၊ အစည်းအဝေး တက်ရောက်လာကြသည့် ဌာနဆိုင်ရာများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးရန် လိုအပ်သည့်အချက်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ပို့ဆောင်ရေးကဏ္ဍာဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ညနေပိုင်းတွင်ကလေးမြို့ရှိလူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနများမှအရာထမ်း၊ အမှုထမ်းများနှင့် သွားရောက်တွေ့ဆုံဆွေးနွေးသည်။

ချင်းပြည်နယ်အတွင်း ဖလမ်း၊ တီးတိန်၊ တွန်းဇံမြို့တို့ရှိ Mobile ဆက်သွယ်ရေးစခန်းသုံးခုအတွက် Mobile ဆက်သွယ်ရေးသုံးပစ္စည်းများကို တပ်မတော်လေယာဉ်ဖြင့်ပို့ဆောင်ခဲ့ရာ ယမန်နေ့က ကလေးမြို့သို့ရောက်ရှိခဲ့ပြီး သက်ဆိုင်ရာမြို့နယ်များကို ဆက်လက်ပို့ဆောင်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဟားခါးခရိုင်(ပြန်/ဆက်)

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄.c	/	၃၁.c
ရန်ကုန်	၂၃.c	/	၃၀.c
မန္တလေး	၂၇.c	/	၃၂.c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ | အဖိုးတန်ရေချိုကိုချွေတာကြပါစို့

သံလွင်မြစ်ရေ၊ စစ်တောင်းမြစ်ရေ၊ ရွှေကျင်မြစ်ရေနှင့်ဘီးလင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၁


ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၃ ပေ ၇ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၆ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရစစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၃ ပေ ၇ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၆ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁ ပေ ၉ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၃ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၆ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ ရွှေကျင်မြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/၈လ)



သတင်း မှတ်စု

ရှေ့လျှောက် ရေခဲတောင်ပြိုကျမှုအန္တရာယ်များနဲ့ ရင်ဆိုင်ရမယ့် ဟိမဝန္တာဒေသ

ဟိမဝန္တာဒေသဆိုတာက အာရှတိုက်အတွက်တော့ ပင်မရေချိုအရင်းအမြစ်ကြီးတစ်ခုဖြစ်ပါတယ်။ ဟိမဝန္တာတောင်တန်းများပေါ်မှမြစ်ဖျားခံလာတဲ့ မြစ်ရေများကို မှီတည်အသက်ရှင်နေရသူအရေအတွက်ဟာ သန်းထောင်ပေါင်းများစွာရှိပါတယ်။ တစ်နည်းပြောရရင် အဲဒီဒေသဆိုတာ လူဦးရေသန်းပေါင်းများစွာကို အသက်ရှင်သန်စေတဲ့ဒေသလို့ပင် ဆိုနိုင်ပါတယ်။ ဒါပေမဲ့ ပညာရှင်တွေရဲ့ လေ့လာတွေ့ရှိချက်တွေကို အခြေခံပြီးပြောရမယ်ဆိုရင်ဖြင့် အဲဒီဒေသကြီးဟာ တစ်ချိန်မှာ လူ့အသက်ပေါင်းများစွာကိုနုတ်ယူသွားနိုင်တဲ့နေရာလည်းဖြစ်လာနေပါတယ်။

မကြာသေးခင်ကပဲ ဟိမဝန္တာဒေသမှာ ရေခဲတောင်ပြိုကျတဲ့အတွက် နီပေါနိုင်ငံနဲ့ တိဗက်ဒေသနယ်စပ်မှာ အလွန်ပြင်းထန်လှတဲ့ ရေကြီးမှုတစ်ခုဖြစ်ပွားခဲ့တာတွေ့ရပါတယ်။ အဲဒီရေကြီးမှုကြောင့်ပဲ လူပေါင်း ၁၀၀၀ ကျော်ဟာ အသက်စွန့်သွားခဲ့ရပါပြီ။ ဒုံအပြင် ရွှံ့ညွန်တွေအောက်မှာပျောက်ဆုံးနေသူ ထောင်ပေါင်းများစွာလည်း ကျန်ရှိနေပါသေးတယ်။ အဲဒီဖြစ်စဉ်ကြီးဖြစ်ပွားပြီးနောက် ဟိမဝန္တာဒေသဟာ လာမယ့်အနာဂတ်မှာလည်း ပြင်းထန်ဆိုးရွားလှတဲ့ ရေခဲတောင်ပြိုကျမှုနဲ့ ရေကြီးမှုတွေကို ဆက်လက်ရင်ဆိုင်ရဖွယ်ရှိနေတယ်လို့ ကုလသမဂ္ဂထိပ်တန်းတာဝန်ရှိသူတစ်ဦးက သတိပေးလိုက်ပါတယ်။

၂၀၂၀ ပြည့်နှစ်တုန်းက လုပ်ဆောင်တဲ့ တိုင်းတာမှုများအရ နီပေါနိုင်ငံ၊ အိန္ဒိယနိုင်ငံနဲ့ တရုတ်နိုင်ငံတို့မှာ အန္တရာယ်ဖြစ်ပေါ်နိုင်ခြေရှိတဲ့ ရေခဲပြင်ရေကန်ကြီးတွေ ၄၇ ခုရှိတယ်လို့ သုတေသီများက တွေ့ရှိထားပါတယ်။ လက်ရှိအချိန်မှာတော့ အဲဒီအရေအတွက်ဟာ ပိုမိုများပြားလာနေပါပြီ။ ရေခဲပြင်ရေကန်ကြီးတွေဆိုတာကို မြင်အောင်ပြောရရင် ရေခဲတောင်တွေက အရည်ပျော်တဲ့အခါ သဘာဝအတားအဆီးများက ပျော်ကျလာတဲ့အရည်များကို ဟန့်တားပြီး ရေကန်ကြီးအဖြစ်ပြောင်းလဲလာတာဖြစ်ပါတယ်။

အဲဒီရေကန်ကြီးတွေပေါ်ကို ပြင်းထန်လှတဲ့ဖိအား သက်ရောက်လာမယ်ဆိုရင် ရေကန်ပေါက်သွားတာမျိုး၊ ရေကန်ထဲက ရေတွေလျှံကျတာမျိုး ဖြစ်လာပါတယ်။ အဲဒီအခါ ကန်ကြီးထဲမှာရှိတဲ့ရေတွေက အောက်ပိုင်းကိုအရှိန်အဟုန်နဲ့ဆက်လက်စီးဆင်းလာတာပါ။ ဒီလိုနည်းနဲ့ တောင်ကျရေကြောင့် ရုတ်တရက်ရေကြီးမှုကိုဖြစ်စေတာဖြစ်ပါတယ်။ ဒီနေရာမှာ ပြင်းထန်လှတဲ့ဖိအားဆိုတာကြီးမားတဲ့ရေခဲတောင်တစ်ခုပြိုကျပြီး အဲဒီကန်ထဲကျသွားတာမျိုးကို ဆိုလိုတာပါ။ အခုနီပေါဖြစ်စဉ်မှာလည်း အလားတူအခြေအနေမျိုးဖြစ်ပွားခဲ့တာဖြစ်ပါတယ်။

ရေခဲတောင်တွေအရည်ပျော်ကျလာရခြင်းရဲ့ အဓိကတရားခံက ရာသီဥတုပူနွေးလာမှုကြောင့်ဖြစ်ပါတယ်။ ရာသီဥတုပူလာတဲ့အခါ ရေခဲတောင်တွေအရည်ပျော်လာပါတယ်။ ဒါကြောင့် လက်ရှိဖြစ်ပေါ်နေတဲ့အပူချိန်အရဆိုရင် ရေခဲတောင်တွေအရည်ပျော်မှုနှုန်းဟာ ပိုမိုမြင့်မားလာပါတယ်။ အန္တရာယ်အများဆုံး ရေခဲပြင်ရေကန်ကြီးတွေက ဟင်ဒူကု(ရှ်)ဒေသမှာရှိတာပါ။ ဒါပေမဲ့ ရှေ့ကပြောခဲ့တဲ့သုံးနိုင်ငံထဲမှာမှ နီပေါနိုင်ငံက ရေအရင်းအမြစ်အရသော်လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းအရသော်လည်းကောင်း နှိုင်းယှဉ်မယ်ဆိုရင် အိန္ဒိယနဲ့တရုတ်နိုင်ငံတို့ထက် ပိုပြီး ရေခဲတောင်တွေအပေါ် မှီခိုနေရတာဖြစ်ပါတယ်။

အခုတော့ နီပေါနိုင်ငံဟာ အလွန်ပြင်းထန်တဲ့ အခြေအနေနဲ့ရင်ဆိုင်နေရပါပြီ။ ခက်ခဲလှတဲ့ရွေးချယ်မှုကိုလည်း လုပ်နေရပါပြီ။ တောင်ကျမြစ်ကြောင်းများတစ်လျှောက်နေထိုင်နေကြတဲ့ပြည်သူတွေကို ကုန်းမြင့်ဒေသတွေဆီ ရွှေ့ပြောင်းခိုင်းဖို့ဆိုတာကလည်း လွယ်လင့်တကူမဖြစ်နိုင်ပါဘူး။ လက်ရှိမှာကိုပဲ ဖြစ်ပွားခဲ့တဲ့ရေကြီးမှုကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအမြောက်အမြား လည်ပတ်မှုရပ်ဆိုင်းသွားပါပြီ။ ဒီလိုရပ်ဆိုင်းတဲ့အတွက် လျှပ်စစ်မီးမရတော့တာကြောင့် ကြီးမားလှတဲ့ဆုံးရှုံးမှုကိုဖြစ်ပေါ်စေပါတယ်။ ဖြစ်နိုင်မယ်ဆိုရင် အခြေခံအဆောက်အဦတွေကို နည်းပညာတွေအဆင့်မြှင့်တင်ပြီး ဆောက်လုပ်သင့်ပါတယ်။ ဒါပေမဲ့လည်း ဒီလိုရေကြီးမှုကိုတားဆီးပေးနိုင်လောက်တဲ့အဆောက်အအုံဆိုတာတော့ မရှိသေးပါဘူး။

Ref: ST

ကိုထက်

အမေရိကန်ရဲ့ဒုံးကျည်စနစ်အသုံးပြုတဲ့ ဂျပန်ကို ရုရှားက တုံ့ပြန်မယ်လို့သတိပေး

မော်စကို၊ စစ်ရေး

ဂျပန်နိုင်ငံက အမေရိကန်နိုင်ငံထုတ် ဒုံးကျည်စနစ်ဖြစ်တဲ့ Typhoon ဒုံးကျည်စနစ်အသုံးပြုလာမှုအပေါ် တုံ့ပြန်မှုများ လုပ်ဆောင်သွားမယ်လို့ ရုရှားအစိုးရက သတိပေးလိုက်ပါတယ်။ ဂျပန်နိုင်ငံအနေနဲ့ အမေရိကန်နဲ့ ပူးတွဲစစ်ရေးလေ့ကျင့်ခန်းလုပ်မယ်ဆိုတဲ့အကြောင်းပြချက်နဲ့ အဲဒီဒုံးကျည်စနစ်ကိုဖြန့်ကြက်လာတာပါ။ ဒါနဲ့ပတ်သက်ပြီး ဂျပန်နိုင်ငံရဲ့လုပ်ဆောင်ချက်ဟာ ရုရှားနိုင်ငံရဲ့လုံခြုံရေးကို ခြိမ်းခြောက်မှုဖြစ်စေတဲ့အတွက် လုံးဝလက်မခံနိုင်ဘူးလို့ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာက စက်တင်ဘာလ ၁ ရက်မှာပြောပါတယ်။

Valiant-Shield အမည်ရှိ စစ်ရေးလေ့ကျင့်ခန်းလုပ်ဖို့အတွက် ဂျပန်နိုင်ငံက ကာဂိုရှီးမားစီရင်စုရှိ ကာနိယာလေတပ်စခန်းမှာ Typhoon ဒုံးကျည်စနစ်တွေကို ဖြန့်ကြက်ထားတာပါ။ အဲဒီဒုံးကျည်စနစ်က Tomahawk အမျိုးအစား ဒုံးကျည်ကို သုံးပြီး ကီလိုမီတာ ၁၆၀၀ အကွာအဝေးမှာ ရှိတဲ့ပစ်မှတ်ကို ထိမှန်အောင်ပစ်ခတ်နိုင်စွမ်းရှိပါတယ်။ ဒီဒုံးကျည်စနစ်ဟာ ဂျပန်မြေပေါ်မှာဖြန့်ကြက်ဖူးတဲ့ အဝေးဆုံးရောက်ရှိသော မြေပြင်အခြေစိုက်လက်နက်စနစ်ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ နိုင်ငံခြားရေးဝန်ကြီးဌာနက ဂျပန်နိုင်ငံကို သံတမန်ရေးအရ ကန့်ကွက်ထားတယ်လို့သိရပါတယ်။

Ref: Xinhua



အီရန်က အမေရိကန်နဲ့ငြိမ်းချမ်းရေးအတွက် စကားလမ်းကြောင်းပေး

ဘစ်ရှကာ၊ နိုင်ငံရေး

အီရန်နိုင်ငံက အမေရိကန်နိုင်ငံနဲ့ငြိမ်းချမ်းရေးရဖို့အတွက် စကားလမ်းကြောင်းပေးလာပါတယ်။ အီရန်စစ်ပွဲအဆုံးသတ်ရေးဆိုတဲ့ရည်ရွယ်ချက်နဲ့ ရရှိခဲ့တဲ့ ဇွန်လ သဘောတူညီချက်ပါအချက်တွေကို ပြန်လည်လိုက်နာနိုင်ဖို့အတွက် အမေရိကန်ဘက်က လုပ်ဆောင်သမျှနည်းလမ်းများအတိုင်း ထပ်တူလုပ်ဆောင်မယ်လို့ အီရန်သမ္မတ မာဆွတ်ပီဇက်ရှ်ကီယန်က စက်တင်ဘာလ ၁ ရက်မှာ ကတိပြုလိုက်ပါတယ်။ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးတက်ဖို့ ကာဂျစ္စတန်နိုင်ငံကိုရောက်ရှိနေတဲ့ အီရန်သမ္မတက ရုရှားသမ္မတ ဗလာဒီမာပူတင်နဲ့ မတွေ့ဆုံမီ အခုလိုမျိုး ကတိပြုပြောလာတာပါ။

အမေရိကန်နဲ့ အီရန်တို့က ဇွန်လမှာ နှစ်နိုင်ငံကြား နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ထိုးခဲ့တာဖြစ်ပါတယ်။ အဲဒီစာချွန်လွှာရဲ့ နောက်ဆုံးရည်မှန်းချက်က နှစ်နိုင်ငံကြားငြိမ်းချမ်းရေးရရှိနိုင်ရေးအတွက် ဆွေးနွေးပွဲတွေလုပ်ဆောင်သွားဖို့အထိဖြစ်ပါတယ်။ ဒါပေမဲ့လည်း တစ်ဦးနဲ့တစ်ဦး သဘောတူညီချက်ကိုချိုးဖောက်တယ်ဆိုတဲ့ စွပ်စွဲချက်များနဲ့အတူ အဲဒီစာချွန်လွှာပါသဘောတူညီချက်များကလည်း ပျက်ပြယ်သွားရပါတယ်။ အခုတော့အမေရိကန်ဘက်က သဘောတူညီချက်များကို လိုက်နာရင် အီရန်ကလည်း လိုက်နာမယ်လို့ ဆိုလာတာဖြစ်ပါတယ်။

Ref: ST



ဂျာမနီမှာ ဓာတ်အားခွဲရုံတစ်ခု ဖောက်ခွဲတိုက်ခိုက်ခံရ

ဘာလင်၊ တိုက်ခိုက်မှု

ဂျာမနီနိုင်ငံအရှေ့ပိုင်းရှိ ဘရန်ဒန်ဘာ့ပြည်နယ်မှာ စက်တင်ဘာလ ၁ ရက်နံနက်ပိုင်းက ဓာတ်အားခွဲရုံတစ်ခုဖောက်ခွဲတိုက်ခိုက်ခံလိုက်ရပါတယ်။ အဲဒီလိုတိုက်ခိုက်ခံရမှုကြောင့် ဓာတ်အားလိုင်းများစွာပျက်စီးသွားရပါတယ်။ ဒါနဲ့ပတ်သက်လို့ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုတွေလုပ်နေတယ်လို့ သိရပါတယ်။ အခင်းဖြစ်ပွားရာနေရာမှာလည်း မပေါက်ကွဲသေးတဲ့ မီးလောင်ဗုံးလို မျိုးအရာဝတ္ထုကိုတွေ့ရှိထားတယ်လို့သိရပါတယ်။

အခုဖောက်ခွဲတိုက်ခိုက်ခံရတဲ့ နေရာက ပြည်နယ်အတွင်းရှိအရေးကြီးတဲ့ဓာတ်အားခွဲရုံတစ်ခုဖြစ်တဲ့အပြင် ဘရန်ဒန်ဘာ့ပြည်နယ်ရဲ့အကြီးဆုံးသော ဓာတ်အားပေးစက်ရုံနဲ့ချိတ်ဆက်ထားတာပါ။ ဖောက်ခွဲတိုက်ခိုက်ခံရမှုက နံနက် ၈ နာရီဝန်းကျင်မှာဖြစ်ပွားတာဖြစ်ပြီး လက်ရှိအခြေအနေမှာတော့ ပြည်သူကိုအန္တရာယ်ဖြစ်စေခြင်း မရှိဘူးလို့ ရဲတပ်ဖွဲ့ကပြောပါတယ်။

လက်ရှိအချိန်အထိတော့ တိုက်ခိုက်မှုလုပ်တဲ့သူတွေကို မဖော်ထုတ်နိုင်သေးပါဘူး။ တိုက်ခိုက်ခံထားရတဲ့အတွက် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်ခဲ့ပေမယ့် လည်း အခုတော့ လျှပ်စစ်မီးပြန်ပေးနိုင်ပါပြီလို့ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းဖြစ်တဲ့ 50Hertz မှပြောရေးဆိုခွင့်ရှိသူကဆိုပါတယ်။

Ref: ST



နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။

အရည်အသွေးမြင့်မား တာယာ မှာ

TRISTAR

TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။



ကားတာယာ



ဆိုင်ကယ်တာယာ

သုံးဘီးတာယာ

THE BEST QUALITY TYRE

ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၂၅၄၂၇၄၄၃၊ ၀၉ ၄၅၃၃၂၅၅၅၅၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာသန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"

NAY PYI TAW





နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဇွန်ရိုးမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆

STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

Myanmar

ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်

မြန်မာ

AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020

OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-၈၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la











Phone,09 798157939(Office),09 773646431(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar

ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ် ၂၀၀၆ ခုနှစ်နောက်ပိုင်း ဂရင်းစလင်းအဆင့်ပြိုင်ပွဲတွင် ပထမအဆင့်မှပင် ထွက်ခွာခဲ့ရ

ဝါရှင်တန် စက်တင်ဘာ ၁

တင်းနစ်ကမ္ဘာ့အဆင့်(၁) ကစားသမားဟောင်းတစ်ဦးဖြစ်သည့် ဆားဘီးယား ထိပ်တန်းတင်းနစ်ကစားသမားတစ်ဦးဖြစ်သည့် ဂျိုကိုဗစ်သည် ၂၀၀၆ ခုနှစ်နောက်ပိုင်း ဂရင်းစလင်းအဆင့် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ်အဖြစ် ပထမအဆင့်မှပင် ထွက်ခွာခဲ့ရသည်။

ဂျိုကိုဗစ်သည် ၂၀၀၆ ခုနှစ်က ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ကျင်းပသည့် ဂရင်းစလင်းအဆင့်ပြိုင်ပွဲဖြစ်သည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲမှထွက်ခွာခဲ့ရပြီးနောက်ပိုင်း ဂရင်းစလင်းအဆင့်ပြိုင်ပွဲများတွင် ပထမအဆင့်မှ ထွက်ခွာခဲ့ရခြင်းမရှိဘဲ ယခုနှစ် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှသာ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

ဂျိုကိုဗစ်သည် လက်ရှိအမေရိကန်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲအဖြစ် အာဂျင်တီးနားတင်းနစ်ကစားသမား နာဗိုနီနှင့် ကစားရာတွင် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။



ဂျိုကိုဗစ်နှင့် နာဗိုနီတို့အနေဖြင့် ပထမအဆင့်ပွဲစဉ်တွင် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲကစားချိန် ၄ နာရီနှင့် ၃၆ မိနစ်ကျော်ကြာမြင့်ခဲ့ကာ ပွဲငယ်ငါးပွဲဆက်တိုက်ကစားခဲ့ရသည်။

ဂျိုကိုဗစ်အနေဖြင့် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲမစတင်မီက ကမ္ဘာ့အဆင့်သတ်မှတ်ချက်အဆင့်(၅)နေရာ၌ ရပ်တည်နေသော်လည်း ပြိုင်ပွဲတွင် ပထမအဆင့်မှပင် ထွက်ခွာခဲ့ရပြီးနောက် ပြိုင်ပွဲအပြီးတွင် ကမ္ဘာ့အဆင့်(၁၁)နေရာသို့ကျဆင်းမည်ဖြစ်သည့်အတွက် ၂၀၁၈ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့အဆင့်သတ်မှတ်ချက်အဆင့်(၁၀)နေရာအောက်သို့ ကျရောက်မည်ဖြစ်သည်။

ထို့ပြင် ဂျိုကိုဗစ်သည် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲမတိုင်မီက ဂရင်းစလင်းအဆင့်ရှိ ပြိုင်ပွဲများ၌ ပထမအဆင့်ပွဲစဉ်များတွင် ၇၈ ပွဲဆက်နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ရှုံးနိမ့်ပြီးနောက် ၇၈ ပွဲဆက်အနိုင်ရရှိခဲ့သည့် မှတ်တမ်းကောင်းတစ်ခုလည်း ရပ်တန့်ခဲ့ရကြောင်း သိရသည်။

Ref:Sportskeeda Tennis

2026 KPMG Women's Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကာဆန်ဒရာ ချန်ပီယံဆုဖလားဆွတ်ခူး

ဒဗ္ဗလင် စက်တင်ဘာ ၁

အိုင်ယာလန်နိုင်ငံ၌ ဩဂုတ်လ ၂၇ ရက်မှ ၃၁ ရက်အထိ ကျင်းပခဲ့သည့် 2026 KPMG Women's Irish Open အမျိုးသမီးဂေါက်သီးရိုက်ပြိုင်ပွဲတွင် တောင်အာဖရိက ဂေါက်ရိုက်မယ် ကာဆန်ဒရာက ချန်ပီယံဆုဖလားကိုဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ကာဆန်ဒရာအနေဖြင့် ပြိုင်ပွဲစတင်သည့်ရက်ကတည်းက ထိပ်ဆုံးမှ စတင်ဦးဆောင်နိုင်ခဲ့ပြီး ပြိုင်ပွဲနောက်ဆုံးရက်တွင်လည်း ရလဒ်ကောင်းများထပ်မံရယူနိုင်ခဲ့ပြီးနောက် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ကာဆန်ဒရာသည် ပြိုင်ပွဲနောက်ဆုံးရက်အပြီးတွင် စုစုပေါင်းရိုက်ချက် ၇၀ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၂၀ ချက်ထိလျှော့ရိုက်နိုင်ခဲ့ပြီး အဆင့်(၂)နေရာမှ ရုရှားဂေါက်ရိုက်မယ် ကူဆိုကိုဗာထက် သုံးချက်လျှော့ရိုက်ပြီး ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

2026 KPMG Women's Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးရက်အပြီးတွင် ကာဆန်ဒရာနောက်၌ ကူဆိုကိုဗာက သတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျှော့ဖြင့် အဆင့်(၂)၊ ဂရိဂေါက်ရိုက်မယ် ကိုမူလိုင်နန်က ၁၆ ချက်လျှော့ဖြင့် အဆင့်(၃)နေရာ၌ ရပ်တည်နိုင်ခဲ့ပြီး အိုင်ယာလန်ဂေါက်ရိုက်မယ် မက်ဂွိုင်ယားနှင့် ဆွီဒင်ဂေါက်ရိုက်မယ်ရိုင်ဒိုဗစ်ချ်တို့က ၁၅ ချက်လျှော့ဖြင့် အဆင့်(၄)နေရာ၌ အသီးသီးရပ်တည်နိုင်ခဲ့ကြသည်။

ကာဆန်ဒရာသည် လက်ရှိတွင် ဒုတိယမြောက် အဓိကဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref;European Tour

တိုက်စစ်ကစားသမားဘင်ဇီမာနှင့်အယ်ဟီလယ်အသင်းတို့ လက်ကျန်စာချုပ်ဖျက်သိမ်းကာလမ်းခွဲ



ရီယက် စက်တင်ဘာ ၁

ဆော်ဒီထိပ်တန်းကလပ်အသင်းတစ်သင်းဖြစ်သည့် အယ်ဟီလယ်အသင်းနှင့်ဝါရင့်တိုက်စစ်ကစားသမားဘင်ဇီမာတို့ အပြန်အလှန်သဘောတူညီမှုဖြင့် စာချုပ်ဖျက်သိမ်းပြီးနောက် ဘင်ဇီမာအနေဖြင့် ကလပ်အသင်းလက်မဲ့ကစားသမားဖြစ်လာခဲ့သည်။

အသက် ၃၈ နှစ်အရွယ် ဘင်ဇီမာသည် ရီးယဲလ်မက်ဒရစ်အသင်းတွင် ၂၀၀၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ကာလရှည်ကစားခဲ့ပြီး ဆုဖလားများစွာဆွတ်ခူးနိုင်ခဲ့ကာ ၂၀၂၂ ခုနှစ်က ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကိုပင် ဆွတ်ခူးနိုင်ခဲ့သည်။ ဘင်ဇီမာသည် ၂၀၂၃ ခုနှစ် ဇွန်လတွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့်လမ်းခွဲခဲ့ပြီး ဆော်ဒီထိပ်တန်းကလပ်အသင်းတစ်သင်းဖြစ်သည့် အယ်အီတီဟတ်အသင်းထံ ပြောင်းရွှေ့ခဲ့သည်။

ဘင်ဇီမာသည် အယ်အီတီဟတ်အသင်းတွင် ၂၀၂၃ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအထိ ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ သုံးရာသီအတွင်း ပြိုင်ပွဲစုံ ၈၇ ပွဲပါဝင်ကစားကာ ၅၇ ဂိုးသွင်းယူနိုင်ခဲ့သည်။

ထို့နောက် ဘင်ဇီမာသည်ပြီးခဲ့သည့် ဖေဖော်ဝါရီလက အယ်အီတီဟတ်အသင်းမှ အယ်ဟီလယ်အသင်းထံ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၆ ပွဲပါဝင်ကစားခဲ့ပြီး အသင်းနှင့် ယခုဘောလုံးရာသီအကုန်မှသာ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း အယ်ဟီလယ်အသင်းက မြင့်မားသည့်လုပ်ခလစာကြောင့် အသင်းတွင် ဆက်လက်ထားရှိလိုခြင်းမရှိသည့်အတွက် လက်ကျန်စာချုပ်ဖျက်သိမ်းရန် ကြိုးပမ်းရာမှ နှစ်ဖက်သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

ဘင်ဇီမာသည် အယ်ဟီလယ်အသင်းနှင့်လမ်းခွဲခဲ့ကာ ကလပ်အသင်းလက်မဲ့ကစားသမားဖြစ်နေသော်လည်း ကစားသမားဘဝမှအနားယူရန် ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ *Ref: Topskillsports UK*

ကိုဒီဂတ်ပိုအားခေါ်ယူရန် မန်စီးတီးအသင်း၏ ကမ်းလှမ်းမှုကို လီဗာပူးအသင်းကပယ်ချပြီး အသင်း၌ ဆက်လက်ထိန်းထားရန်ဆုံးဖြတ်

လန်ဒန် စက်တင်ဘာ ၁

ကစားသမားအပြောင်းအရွှေ့ကာလနောက်ဆုံးရက်တွင် တိုက်စစ်ကစားသမား ကိုဒီဂတ်ပိုအားခေါ်ယူရန် မန်စီးတီးအသင်း၏တရားဝင်ကမ်းလှမ်းမှုကို လီဗာပူးအသင်းကပယ်ချခဲ့ပြီး အသင်းတွင် ဆက်လက်ထိန်းထားရန် ဆုံးဖြတ်ခဲ့သည်။

မန်စီးတီးအသင်းက အပြောင်းအရွှေ့ကာလ ပိတ်သိမ်းခါနီးအချိန်တွင် ကိုဒီဂတ်ပိုအားခေါ်ယူရန် မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် ယူရို ၈၅ သန်းဖြင့် တရားဝင်ကမ်းလှမ်းမှုတစ်ရပ် လုပ်ဆောင်ခဲ့ခြင်းဖြစ်သော်လည်း လီဗာပူးအသင်းက မန်စီးတီးအသင်း၏ ကမ်းလှမ်းမှုကို ပယ်ချခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ကိုဒီဂတ်ပိုကိုယ်တိုင်ကလည်း လက်ရှိအပြောင်းအရွှေ့ကာလမပြီးဆုံးမီ မန်စီးတီးအသင်းထံ ပြောင်းရွှေ့လိုနေပြီး မန်စီးတီးအသင်းကလည်း အသင်းမှတိုက်စစ်ကစားသမားများဖြစ်သည့် ဆာဗီယို၊ အိုမာမာမွတ်စသည့် တိုက်စစ်ကစားသမားများကို စပါးအသင်းထံ ရောင်းချပြီးနောက် အပြောင်းအရွှေ့ကာလမပြီးဆုံးမီ အသင်းတိုက်စစ်ပိုင်းကို အင်အားဖြည့်တင်းလိုနေသည့်အတွက် ကိုဒီဂတ်ပိုအားခေါ်ယူရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းကလည်း အစောပိုင်းက ကိုဒီဂတ်ပိုအား လက်ရှိအပြောင်းအရွှေ့ကာလတွင် သင့်တော်သည့်ပြောင်းရွှေ့ကြေးရရှိမည်ဆိုပါက ရောင်းချရန်ပြင်ဆင်ထားသော်လည်း အပြောင်းအရွှေ့ကာလမပိတ်သိမ်းမီ ၎င်း၏နေရာ၌အစားထိုးရန် ကစားသမားသစ်ခေါ်ယူရန် လုံလောက်သည့်အချိန်မရရှိတော့သည့်အတွက် မန်စီးတီးအသင်း၏ မြင့်မားသည့်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန်ကမ်းလှမ်းမှုကို ပယ်ချခဲ့ပြီး ကိုဒီဂတ်ပိုအား အသင်း၌ဆက်လက်ထိန်းထားရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ *Ref;Fabrizio Romano*

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော တက္ကသိုလ်ပေါင်းစုံ (အမျိုးသား) ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

စစ်တွေ စက်တင်ဘာ ၁

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် တက္ကသိုလ်ပေါင်းစုံ (အမျိုးသား) ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေတက္ကသိုလ် အားကစားခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး စစ်တွေတက္ကသိုလ်(A) အသင်းနှင့် ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)(B)အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ပေါင်းစုံ (အမျိုးသား) ဘော်လီဘောပြိုင်ပွဲကို ပြိုင်ပွဲဝင်အားကစားအသင်း ခြောက်သင်းက စက်တင်ဘာလ ၁ ရက်မှ ၇ ရက်အထိ စစ်တွေတက္ကသိုလ် အားကစားခန်းမ၌ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

▲ ကျော်ဖုံးမှအဆက်

အဆိုပါပြိုင်ပွဲသို့ နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ရေကူးကလပ် ၇၃ ခု၊ ရေကူးအားကစားသမား ၈၀၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး AQUA KING Myanmar Swimming Club မှ ရေကူးမောင်မယ် ၂၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာရေကူးမောင်မယ်များသည် ပြိုင်ပွဲနှစ်ရက်တာအတွင်း အကောင်းဆုံးလက်စွမ်းပြသနိုင်ခဲ့သဖြင့် ရွှေတံဆိပ် ၁၃ ခု၊ ငွေတံဆိပ် ၂၆ ခုနှင့် ကြေးတံဆိပ် ၁၉ ခု စုစုပေါင်းဆုတံဆိပ် ၅၈ ခုအပြင် အသင်းလိုက် အဆင့်(၅) ဆုဖလားကြီးကို ဆွတ်ခူးရရှိခဲ့သည်။

တစ်ဦးချင်း စွမ်းရည်ပြိုင်ပွဲများတွင် အမျိုးသား အသက် ၉ နှစ်တန်း၌ မောင်ဆက်အောင်ဟိန်းက အကောင်းဆုံးရေကူးသမား တတိယဆုကိုလည်းကောင်း၊ အမျိုးသမီး အသက် ၁၆ နှစ်တန်း၌ မဖြိုးသက်သခင်အောင်က အကောင်းဆုံးရေကူးသမား ဒုတိယဆုကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။

ထို့ပြင် AQUA KING Myanmar Swimming Club အနေဖြင့် စုစုပေါင်းရမှတ် ၁၆၂၈ မှတ်ရရှိခဲ့သောကြောင့် ပြိုင်ပွဲဝင် ကလပ်အသင်း ၇၃ သင်းအနက် နိုင်ငံတကာအသင်းလိုက် အဆင့် (၅) ဆုဖလားကြီးကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

နေမျိုး

ဓာတ်ပုံ-AKST

➢ ဖမ်းဆီးရမိမှ

(တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၇၂ ဘီလီယံ) ဖမ်းဆီးရမိသဖြင့် ဇော်ဇော်အောင်နှင့် ပိုင်သူကျော်(ခ)ပိုင်သူတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့ပြင်ဩဂုတ်လ ၂၉ ရက်ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကမာရွတ် မြို့နယ်၊ (၅)ရပ်ကွက်၊ စံပါယ်မာဃလမ်း အတိုင်း လမ်းလျှောက်လာသူ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၁၅၅)ရပ်ကွက်နေ အောင်မျိုးမင်း (ခ)ကိုမျိုး(၃၈)နှစ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွဆေးပြား ၅၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၀၀၀) ဖမ်းဆီးရမိသဖြင့် အောင်မျိုးမင်း (ခ) ကိုမျိုးအား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **မြဝတီ**



တရားခံ ဇော်ဇော်အောင်နှင့် ပိုင်သူကျော်(ခ)ပိုင်သူတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်တက်ဂိတ်ဘောအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၁

ဂျပန်နိုင်ငံ Aichi-Nagoya ၌ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁၉ ရက်မှ အောက်တိုဘာလ ၄ ရက်အထိ ကျင်းပမည့် အကြိမ်(၂၀)မြောက်အာရှအားကစားပြိုင်ပွဲ(20th Asian Games)တွင် မြန်မာ့လက်ရွေးစင် တက်ဂိတ်ဘောအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အိမ်ရှင်ဂျပန်၊ ထိုင်း၊ တရုတ်၊ မြန်မာ၊ မြောက်ကိုရီးယား၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ လာအို၊ အီရတ်၊ လက်ဘနွန်နှင့် ကူဝိတ်နိုင်ငံတို့ပါဝင်မည်ဖြစ်ကြောင်းသိရပြီး မြန်မာ့တက်ဂိတ်ဘောလက်ရွေးစင်အသင်းသည် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ (Men's Singles)၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ (Women's Singles)နှင့် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ(Women's Doubles) တို့တွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ တက်ဂိတ်ဘောအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်တက်ဂိတ်ဘောကစားသမားများ၏ ကြိုတင်ပြင်ဆင်လေ့ကျင့်မှုများကို အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ယခုပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲအမျိုးအစားများအလိုက် နည်းဗျူဟာပိုင်း၊ ခြေစွမ်းပိုင်း၊ နည်းစနစ်ပိုင်းနှင့် ကြံ့ခိုင်မှုပိုင်းဆိုင်ရာများကို သီးသန့် အဓိကထား မြှင့်တင်ပေးလျက်ရှိသည်။ ပြိုင်ပွဲတွင်အကောင်းဆုံးယှဉ်ပြိုင်နိုင်ရန် ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်း၌ ထိုင်းလူမျိုးနည်းစနစ်ဒါရိုက်တာနှင့် အနီးကပ်ကြီးကြပ်အထူးလေ့ကျင့်လျက်ရှိသည်။

မြန်မာတက်ဂိတ်ဘောအားကစားအဖွဲ့သည် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်နှစ်ခုတို့ကိုရယူပေးခဲ့ကာ ဒုတိယမြောက် နိုင်ငံတကာပြိုင်ပွဲဖြစ်သော (၆)ကြိမ်မြောက် အာရှသဲသောင်ပြင်ပြိုင်ပွဲတွင်လည်း ကြေးတံဆိပ်သုံးခုဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ဝန်းရံခ

အက်စတွန်ဗီလာအသင်း အိမ်ကွင်းဗီလာပတ်၌ ဘူကာယိုဆာကာ၏ဂိုးဖြင့် အနိုင်ယူခဲ့သည့်အာဆင်နယ်

ဘာမင်ဂမ် စက်တင်ဘာ ၁

ပရီးမီးယားလိဂ်ပွဲစဉ်(၂) နောက်ဆုံးပွဲစဉ်အဖြစ် အက်စတွန်ဗီလာအသင်းနှင့် အာဆင်နယ်အသင်းတို့ စက်တင်ဘာလ ၁ ရက် နံနက်အစောပိုင်းတွင် ယှဉ်ပြိုင်ကစားကြသည်။ အဆိုပါပွဲစဉ်တွင် ပွဲသည်အာဆင်နယ်အသင်းက အိမ်ရှင်အက်စတွန်ဗီလာအသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် အာဆင်နယ်အသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားခဲ့ရသော်လည်း အက်စတွန်ဗီလာအသင်း၏ကျစ်လျစ်ခိုင်မာသည့်နောက်တန်းကို အလွယ်တကူထိုးဖောက်၍မရခဲ့ပေ။ ထို့ကြောင့် ပထမပိုင်းပွဲကစားချိန်ပြီးသည့်အချိန်အထိ ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းပွဲချိန် ၅၉ မိနစ်တွင် အက်ဇီး အကွက်မြင်မြင်ထိုးပေးသောဘောလုံးကို ကာလာဖီအိုရီကပြေးထွက်ပြီး ဖြတ်တင်ပေးရာ ဘူကာယိုဆာကာက အနီးကပ်ပိတ်သွင်းယူခဲ့သဖြင့် အာဆင်နယ်အသင်း ဦးဆောင်ဂိုးရရှိသွားသည်။ ဦးဆောင်ဂိုးပေးလိုက်ရပြီးနောက် အက်စတွန်ဗီလာအသင်း တိုက်စစ်မြှင့်ကစားခဲ့သော်လည်း အာဆင်နယ်အသင်းခံစစ်ကို ကျော်လွှားနိုင်ခြင်းမရှိသောကြောင့် ပွဲပြီးဆုံးချိန်တွင် အက်စတွန်ဗီလာအသင်းကို အာဆင်နယ်အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါနိုင်ပွဲကြောင့် အာဆင်နယ်အသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်(၂)အပြီး ရဂိုး ၄ ဂိုး၊ ပေးဂိုးမရှိဖြင့် အဆင့်(၂)နေရာတွင်ရပ်တည်လျက်ရှိသည်။

အာဆင်နယ်အသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်(၃) တွင် ရမှတ် ၆ မှတ်အပြည့် ရယူထားသည့်ချဲလ်ဆီးအသင်းကို စက်တင်ဘာလ ၆ ရက်တွင် အိမ်ကွင်းအမ်းမရိတ်၌ ဧည့်ခံကစားရမည်ဖြစ်ကြောင်း သိရသည်။

ဇင်မင်းဦး

(၁-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၃ ~ ၃၆၆၉	၅၅၇ ~ ၅၅၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၀,၁၈၄,၆၇၈.၁၈	၅,၂၁၆,၁၉၂.၀၀	၃၁,၃၂၄,၀၈၄.၃၃	-

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၁-၉-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆ . ၃၂၉၃၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀) ကျပ်**ဖြစ်သည်။ **ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ရန်ကုန်အထိုင်လက်ကားမြေဩရည်ညွှန်းဈေးနှုန်းများ သိရှိနိုင်ပါရန်ကြေညာခြင်း

၁။ ယူရီးယားမြေဩဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံမြေဩ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း(MFSPEA)အနေဖြင့် တောင်သူများ အဓိကသုံးစွဲလျက်ရှိသော အောက်ပါမြေဩများကို ဖော်ပြပါဈေးနှုန်းအတိုင်း ရန်ကုန်အထိုင်လက်ကားဈေးနှုန်းအဖြစ် ၁-၉-၂၀၂၆ ရက်နေ့မှ ၃၀-၉-၂၀၂၆ ရက်နေ့အထိ ရောင်းချရန် အသင်းဝင်ကုမ္ပဏီများသို့ ညွှန်ကြားထားရှိပါသည်-

(က) ယူရီးယားမြေဩ(အလုံးကြီး)၅၀ ကီလိုတစ်အိတ် ၁၂၀,၀၀၀ ကျပ်

(ခ) DI Ammonium Phosphate ၁၃၈,၀၀၀ ကျပ်

အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ်

၂။ Complex ၁၅ ပတ်လည်မြေဩကို ရည်ညွှန်းဈေးနှုန်းသတ်မှတ်ခြင်းမရှိပါ။ အထက်ပါဈေးနှုန်းများသည် ရန်ကုန်အထိုင်လက်ကားဈေးနှုန်း လက်ငင်းငွေချေစနစ်ဈေးများဖြစ်ပါသည်။ အဆိုပါဈေးနှုန်းများသည် ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်များအပေါ်တွင်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။ ရည်ညွှန်းဈေးနှုန်းများနှင့်အညီ ရောင်းချခြင်းမရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အသိပေးနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

(က) ဦးဆောင်ကော်မတီ ၀၆၇-၄၁၀၀၃၅

(ခ) MFSPEA အသင်း ၀၉-၉၈၈၅၃၉၃၆၀

မြန်မာနိုင်ငံ မြေဩ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း

အမည်မှန်
ဘားအံမြို့နယ်၊ အထက(သံလှယ်) Grade-9 မှ အဘ မောင်လင့်၏သမီးအမည်မှန်မှာ မိစန္ဒာယဉ်ဖြစ်ပါကြောင်း။
မိစန္ဒာယဉ်

အမည်မှန်
ဘားအံမြို့နယ်၊ အထက(သံလှယ်) Grade-9 မှ အဘ မင်းဝိုးဝင်း၏သမီး အမည်မှန်မှာ မိအေးမြတ်မွန် ကျောင်းဝင်အမှတ်(၀၅၉၇)ဖြစ်ပါကြောင်း။
မိအေးမြတ်မွန်

မိခင်အမည်မှန်
ဘားအံမြို့နယ်၊ အထက(သံလှယ်) Grade-9 မှ မိစန္ဒသယဉ်၏ မိခင်အမည်မှန်မှာ မိကျင်ခိုင် ၃/ဘအန(နိုင်)၂၀၅၉၃၃ ဖြစ်ပါကြောင်း။
မိကျင်ခိုင်

မိဘအမည်မှန်
ဘားအံမြို့နယ်၊ အထက(သံလှယ်) Grade-9 မှ မိသက်ထားမိုးပွင့်၏ မိဘအမည်မှန်မှာ မောင်မိုးခိုင် ၁၀/မဒန(နိုင်)၁၆၁၅၄၄နှင့် မိဆန်းဌေးဝင်း ၃/ဘအန(နိုင်)၃၈၈၇၇၄ ဖြစ်ပါကြောင်း။
မောင်မိုးခိုင်-မိဆန်းဌေးဝင်း

ပျောက်ဆုံးကြောင်း
မွန်မွန်ဦး(ဘ)ဦးတင်ဦး ၁၂/အစန(နိုင်)၁၇၅၆၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၀၁၃၆၂၃၇

ဖခင်အမည်မှန်
ဘားအံမြို့နယ်၊ အထက(သံလှယ်)မှ ဒေါ်မိခင်ညိုသန်း ၃/ဘအန(နိုင်)၂၃၉၅၉၂ ၏ဖခင်အမည်မှန်မှာ ဦးဘလွန်း ၃/ဘအန(နိုင်)၀၄၄၂၅၃ ဖြစ်ပါကြောင်း။
ဦးဘလွန်း

မိဘအမည်မှန်
ဘားအံမြို့နယ်၊ အထက(သံလှယ်) Grade-9 မှ မိကေခိုင်စိုး၏ မိဘအမည်မှန်မှာ မင်းစိုးသိန်း ၃/ဘအန(နိုင်)၀၃၂၃၃၄နှင့် မသီတာ ၃/ဘအန(နိုင်)၂၀၆၀၄၃ ဖြစ်ပါကြောင်း။
မင်းစိုးသိန်း-မသီတာ

မိခင်အမည်မှန်
ဘားအံမြို့နယ်၊ အထက(သံလှယ်) Grade-9 မှ မိဖူးဖူး၏ မိခင်အမည်မှန်မှာ မာမာချို ၃/ဘအန(နိုင်)၁၈၀၄၉၀ ဖြစ်ပါကြောင်း။
မာမာချို

မိဘအမည်မှန်
ဘားအံမြို့နယ်၊ အထက(သံလှယ်) Grade-9 မှ မင်းဝေပြည့်မောင်၏ မိဘအမည်မှန်မှာ မင်းရွှေခိုင် ၃/ဘအန(နိုင်)၂၂၈၇၅၄ နှင့် မိတင်ဝင်း ၃/ဘအန(နိုင်)၀၀၄၉၂၁ ဖြစ်ပါကြောင်း။
မင်းရွှေခိုင်-မိတင်ဝင်း

ပျောက်ဆုံးကြောင်း
နော်ရတနာထွေး(ဘ)ဦးမောင်ပျား ၇/ညလပ(နိုင်)၂၄၄၆၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၅

ပျောက်ဆုံးကြောင်း
ထက်ထက်ဝင်း(ဘ)ဦးဝင်းသန်း ၇/ဖမန(နိုင်)၂၆၇၁၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၅

ပျောက်ဆုံးကြောင်း
စုမြတ်သူ(ဘ)ဦးနေလင်း ၁၂/ဒလန(နိုင်)၀၈၅၁၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၅

ပျောက်ဆုံးကြောင်း
ဇင်မျိုးဦး(ဘ)ဦးနု ၅/ခဥန(နိုင်)၁၅၅၆၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၅

ပျောက်ဆုံးကြောင်း
ခိုင်မာဆွေ(ဘ)ဦးချစ်ဆွေ ၁၂/ဗဟန(နိုင်)၀၀၈၁၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၆၆၃၅၆၈၄

ပျောက်ဆုံးကြောင်း
ဖြူဖြူအေး(ဘ)ဦးမိုဟာမက်ရှာမင်း ၁၃/လရန(နိုင်)၁၆၄၇၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-စ၈၃၂၀၈၆၄၄

မိခင်အမည်မှန်
သဝဏ်မြို့နယ်၊ အ.ထ.က သိမ်ဆိပ် Grade-10 မှ မချစ်သဲဦး၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်ဦး ၁၀/သထန(နိုင်)၁၀၉၂၅၁ ဖြစ်ပါကြောင်း။
ဦးသန်းဇော်ဦး

ဖခင်အမည်မှန်
လယ်ဝေးမြို့နယ်၊ ရွာသစ်ကျေးရွာ၊ မူလတန်းလွန်ကျောင်း Grade-5 မှ မယွန်းဝတီထွန်း၏ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းစိုး ၉/လဝန(နိုင်)၂၅၁၄၄ ဖြစ်ပါကြောင်း။
ဦးထွန်းထွန်းစိုး

ဖခင်အမည်မှန်
ပဲခူးမြို့၊ အ.ထ.က(၂)ကျောင်း၊ Grade-8 မှ မဆောင်းနွင်းအိမ်၏ ဖခင်အမည်မှန်မှာ ဦးဝင်းလွင် ၇/ပခန(နိုင်)၂၄၀၈၅၅ ဖြစ်ပါကြောင်း။
ဦးဝင်းလွင်

ပျောက်ဆုံးကြောင်း
ထက်ဦးခိုင်(ဘ)ဦးဇော်လတ် ၁၂/လသယ(နိုင်)၁၂၆၈၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၅၄၀၇၆၈၅

ပျောက်ဆုံးကြောင်း
သဲအိစံ(ဘ)ဦးစိန်အောင်မင်း ၁၀/မဒန(နိုင်)၂၆၂၇၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 948198)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၇၄၈၀၅၃၂၇

မိဘအမည်မှန်
ဘားအံမြို့နယ်၊ အထက(သံလှယ်) Grade-9 မှ မင်းထက်ဝေယံ၏ မိဘအမည်မှန်မှာ မင်းဇော်ဝမ်း ၃/ဘအန(နိုင်)၀၄၁၂၃၃ နှင့် မိပန်းနွယ် ၃/ဘအန(နိုင်)၁၈၀၀၇၁ ဖြစ်ပါကြောင်း။
မင်းဇော်ဝမ်း-မိပန်းနွယ်

ပျောက်ဆုံးကြောင်း
ဦးမိုးဝင်း(ဘ)ဦးတင်ထွန်း ၉/ကဆန(နိုင်)၁၆၆၉၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၄၅၈၃၉

ပျောက်ဆုံးကြောင်း
အောင်ဇင်မိုး(ဘ)ဦးစိုးဝင်း ၉/မကန(နိုင်)၁၃၅၆၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၁၃၃၃၀၈၈

ပျောက်ဆုံးကြောင်း
ကမ္ဘာနားကူမာ(ခ)အောင်ရဲလင်း(ဘ)ဆန်းရသီ ၇/ပမန(ပြု)၀၀၁၇၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၅

ပျောက်ဆုံးကြောင်း
ဘင်စင်(ဘ)ဦးစတန်လီဝန် ၁၂/ကတတ(နိုင်)၀၁၂၈၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၆၇၄၆၄

ပျောက်ဆုံးကြောင်း
ခွန်ဝေယံပိုင်(ဘ)ဦးအောင်မျိုးခိုင် ၃/ဘအန(နိုင်)၄၁၃၅၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 194813)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၁၁၁၇၇၇**

မိခင်အမည်မှန်
သဝဏ်မြို့နယ်၊ အ.ထ.က သိမ်ဆိပ် Grade-11 မှ မောင်အောင်မင်းခန့်၏မိခင်အမည်မှန်မှာ ဒေါ်စောမာလာဝင်း ၁၀/သထန(နိုင်)၂၆၄၃၆၇ ဖြစ်ပါကြောင်း။
ဒေါ်စောမာလာဝင်း

ပျောက်ဆုံးကြောင်း
သီဟမောင်မောင်(ဘ)ဦးဘဦး ၁၃/ညရန(နိုင်)၁၀၂၂၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၀၂၄၄၀၀၁

ပျောက်ဆုံးကြောင်း
ဟဲယာစနာ(ဘ)ဦးဟဲတား ၁၃/ကခန(နိုင်)၁၀၇၃၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၀၈၄၆၅၂၅

ပျောက်ဆုံးကြောင်း
လင်းလင်းနွယ်(ဘ)ဦးအောင်မိုး ၈/ခမန(နိုင်)၂၂၈၈၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၈၆၇၃၉၃၇

ဖခင်အမည်မှန်
ဘီးလင်းမြို့၊ အ.ထ.က(ကဆိုင်း)ကျောင်း၊ Grade-12 မှ နေ့ာအိအိဖြိုး၏ ဖခင်အမည်မှန်မှာ စောမိုးဝင်း ၁၀/ဘလန(နိုင်)၀၈၅၈၈၀၄ ဖြစ်ပါကြောင်း။
စောမိုးဝင်း

တစ်ဦးတည်းဖြစ်ပါကြောင်း
ဘားအံမြို့နယ်၊ အထက(သံလှယ်) Grade-9 မှ မင်းအောင်ကျော်သူ၏ဖခင် ခင်မောင်ထွန်း(ခ) ဦးမင်းခင်မောင်ထွန်း ၃/ဘအန(နိုင်)၁၄၈၀၇၁၁ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
ခင်မောင်ထွန်း(ခ)ဦးမင်းခင်မောင်ထွန်း

ပျောက်ဆုံးကြောင်း
ချစ်ဆန်းမောင်(ဘ)ဦးဝင်း ၉/ကဆန(နိုင်)၁၇၆၉၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၅၇၃၃၂၀

ပျောက်ဆုံးကြောင်း
နိုင်ဝင်း(ဘ)ဦးတင်အောင် ၇/ပမန(နိုင်)၂၄၁၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၅

ပျောက်ဆုံးကြောင်း
သိန်းထွန်းအောင်(ဘ)ဦးလှမြင့် ၁၂/မရက(နိုင်)၁၃၉၈၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၅

မွေးသက္ကရာဇ်အမှန်

ချမ်းမြသာစည်မြို့နယ်၊ ပညာဒီမာန်ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှ အဘ ဦးငယ်၏သမီးဖြစ်သူ မဖွန်မေဦး၌/ကလတ(နိုင်)၁၄၂၃၀ ၏ ကျောင်းမွေးသက္ကရာဇ်မှာ ၇-၆-၂၀၀၆ ဖြစ်နေပါသဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပါမွေးသက္ကရာဇ်အမှန်မှာ ၆-၆-၂၀၀၆ သာလျှင် အမှန်ဖြစ်ကြောင်း။ ၆-၆-၂၀၀၆

ဖခင်အမည်မှန်

နတ်မောက်မြို့၊ အ.ထ.က အောင်ဆန်း Grade-12 မှ မပန်းအိလွင်၏ ဖခင်အမည်မှန်မှာ ဦးကျော်လွင် ၈/နမန(နိုင်)၁၅၆၄၈ ဖြစ်ပါကြောင်း။
ဦးကျော်လွင်

ပျောက်ဆုံးကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ညောင်လူး အုပ်စု၊ ညောင်လူးကျေးရွာနေ ဦးတင်စိုးလွင် (ဘ)ဦးဖိုးလုံး ၉/တကန(နိုင်)၁၄၆၆၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 632265)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၂၃၄၂၈၁

တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံမြို့၊ ရတနာကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ အဘ ဦးရာဝင်းစိုး၏သမီး မသက်စုကျော် ၁၃/ကတန(နိုင်)၂၂၄၀၃၁ နှင့် မဆုလာဘ်ဝင့်ထည်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
မသက်စုကျော်(ခ)မဆုလာဘ်ဝင့်ထည်

ပျောက်ဆုံးကြောင်း
အောင်ဝင်းထက်(ဘ)ဦးစိုးဝင်း ၁၂/လကန(နိုင်)၂၂၈၆၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 066034)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

ဖခင်အမည်မှန်
ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အ.ထ.က(၆)၊ Grade-4(B) မှ မယွန်းဝတီထက်၏ဖခင် ဦးစန်းထိုက်၏အမည်မှန်မှာ ဦးစံထိုက် ၉/ကပတ(နိုင်)၁၆၁၄၁၅ ဖြစ်ပါကြောင်း။
ဦးစံထိုက်

ပျောက်ဆုံးကြောင်း
မိုင်ပန်းဖြူ(ဘ)ဦးမောင်ဆေ ၈/မတန(နိုင်)၀၆၇၅၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 988021)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၇၃၄၈၃၂၇

ပျောက်ဆုံးကြောင်း
အောင်ရဲကျော်(ဘ)ဦးမြင့်ဦး ၇/ပခန(နိုင်)၁၈၈၅၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၀၁၃၆၂၃၇

ပျောက်ဆုံးကြောင်း
ကေသွယ်ဦး(ဘ)ဦးမျိုး ၅/အရတ(နိုင်)၁၉၃၉၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 241438)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၆၃၂၂၅၁၁၆

မိဘအမည်မှန်
ဘားအံမြို့နယ်၊ အထက(သံလှယ်) Grade-9 မှ မိစစ်ပြည့်ကလျာလှိုင်၏ မိဘအမည်မှန်မှာ မင်းပြာဝိ ၃/ဘအန(နိုင်)၃၀၆၃၁၁ နှင့် မိသီတာဦး ၃/ဘအန(နိုင်)၃၀၆၃၁၂ ဖြစ်ပါကြောင်း။ **မင်းပြာဝိ-မိသီတာဦး**

ပျောက်ဆုံးကြောင်း
ချစ်ကိုကို(ဘ)ဦးတင်ထွန်း ၉/ကဆန(နိုင်)၁၈၉၉၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၉၆၅၁၀၈၈၂

ပျောက်ဆုံးကြောင်း
သန်းထိုက်(ဘ)ဦးခင်မောင်ဌေး ၇/ဖမန(နိုင်)၂၂၆၁၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၅

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ အ.ထ.က(လက်ပံကွင်း)၊ Grade-7 မှ မယွန်းဝတီလင်း၏ဖခင် ဦးတင်မျိုးအောင်၏ အမည်မှန်မှာ ဦးမျိုးအောင် ၁၄/မအန(နိုင်)၁၇၅၁၇၅ ဖြစ်ပါကြောင်း။ **ဦးမျိုးအောင်**

အမည်မှန်

နတ်မောက်မြို့၊ အ.လ.က တမာပင် Grade-5 မှ အဘ ဦးတင်ထွန်းလတ်၏သမီးအမည်မှန်မှာ မဖြူဖြူခိုင်ထွန်းဖြစ်ပါကြောင်း။
မဖြူဖြူခိုင်ထွန်း

ပျောက်ဆုံးကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ အမှတ်(၁၄/၉၄)နေ ပြည့်ခန့်ကျော်(ဘ)ဦးသန်းဇော် ၉/ပမန(နိုင်)၃၀၃၆၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၈၂၁၄၇၉၄၁

မြဝတီ နေ့စဉ် ဧရာဝင်စုံ သတင်းစာ

လူမှုရေး/စီးပွားရေးကြော်ငြာများ
(30 % Discount Off)

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လကိမ×၁ကော်လံ)(၆၀၀၀/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၃၀၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၇၅၅
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လွှိင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၄၄၄၄၃၈၆၉၁
- Online ဖြင့်လည်း E-mail: mwddailynewspapergroup@gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

KAN PWINT OO TRAVEL & TOURS COMPANY LIMITED

မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇ အရ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းကြောင်း ကြေညာခြင်း

၁။ "KAN PWINT OO TRAVEL & TOURS COMPANY LIMITED" အား အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် (၂၇-၈-၂၀၂၆)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်ခဲ့သော အစုရှယ်ယာရှင်များ၏ အထူးအထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ထိုအစည်းအဝေးမှပင် တိုက်အမှတ်(၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ[B.Com(AA), C.P.A (210)] လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(Liquidator)အဖြစ် ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံသို့ပေးရန်နှင့် ရရန်ရှိသည်များကို ဤကြေညာချက်ပါရှိသည့် နေ့မှစ၍(၁)လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဦးဇင်ဝေ[C.P.A(210)]ထံသို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

အောင်ဘာလေသိန်းဆုဌာနခွဲ

အကြိမ် (၉၀)မြောက် ကျပ်(၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၂၆ ခုနှစ် စက်တင်ဘာလ (၁) ရက်နေ့

အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

ထ - ၁၅၁၅၈၆

အထူးဆုကြီး ကျပ်သိန်း (၃၀၀၀) ဆုများ

ဋ - ၄၉၆၁၈၅ ထ - ၇၄၆၄၁၀

အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆုများ

ဋ - ၃၉၂၃၉၁ စ - ၉၀၁၅၁၁
ဆ - ၆၀၅၉၈၄

အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆုများ

ဂ - ၃၂၆၉၄၀ ဇ - ၆၁၂၀၀၉
က - ၄၁၉၂၃၉ ဇ - ၇၂၉၈၄၃

ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀၀) ဆုများ

ဆ - ၁၁၃၇၅၈ ငါ - ၄၂၆၀၆၂ ဟ - ၈၁၄၂၂၇
ဒ - ၂၂၅၆၉ ခ - ၄၃၀၈၄၃ ထ - ၈၄၃၈၁၅
ဒ - ၃၈၃၇၅၆ ဃ - ၄၃၀၇၂၂ တ - ၉၈၈၇၅၀
င - ၃၉၂၈၃၆ ထ - ၅၂၂၂၃၆
ဃ - ၄၀၅၂၆၅ ည - ၈၁၀၇၂၆

ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀) ဆုများ

ည - ၁၃၂၈၅၉ ဏ - ၂၇၇၉၆၈ ၈၂ - ၄၇၀၇၇၄
ဂ - ၁၄၆၅၂၆ ဟ - ၃၀၇၁၁၁ ဦ - ၆၀၂၆၃၇
ဋ - ၁၇၆၁၃၆ ည - ၃၂၀၈၀၅ ဏ - ၇၁၇၇၅၇
ဂ - ၁၈၄၃၄၉ င - ၃၇၆၅၁၁ ဟ - ၈၁၁၅၁၄
ထ - ၁၉၄၈၀၆ က - ၄၃၆၃၇၁ ထ - ၈၇၅၀၀၀

ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀) ဆုများ

ည - ၁၃၁၈၀၆ င - ၂၀၃၇၅၀ ဋ - ၆၃၆၀၉၅
ဆ - ၁၃၄၅၄၀ ၈၂ - ၃၇၆၀၂၇ ထ - ၆၆၆၆၂၀
ဒ - ၁၄၃၁၀၄ ဌ - ၄၅၅၉၄၄ ခ - ၇၆၄၈၈၃
ဃ - ၁၄၄၂၆၃ ဌ - ၄၅၈၉၅၁ တ - ၈၃၃၇၆၅
က - ၁၆၂၅၃၅ ဇ - ၄၆၀၇၉၃ ဂ - ၉၈၂၀၂၅

ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀) ဆုများ

စ - ၂၁၄၄၁၄ တ - ၃၈၈၂၆၄ ဌ - ၅၂၃၁၅၄ က - ၇၈၀၄၄၈
က - ၂၄၆၁၆၀ ဃ - ၄၃၀၉၀၉ ဒ - ၆၄၇၂၅၅ စ - ၇၈၈၃၂၀
ဏ - ၂၆၀၂၁၂ ခ - ၄၄၆၀၆၂ ဃ - ၆၇၀၆၅၂ ဆ - ၇၉၈၁၈၅
ဃ - ၂၆၆၆၇၅ စ - ၄၄၆၂၃၁ ငါ - ၆၇၆၆၃၁ ခ - ၈၀၈၂၉၆
ငါ - ၂၉၃၅၉၇ ဃ - ၄၆၉၇၂၄ ဌ - ၇၁၀၃၀ ဌ - ၈၁၀၂၂၂
တ - ၃၅၉၂၂၆ ထ - ၅၁၂၀၈၅ တ - ၇၂၆၂၁၅ ဃ - ၈၆၀၈၆၉
က - ၃၈၉၉၆၃ ၈၂ - ၅၂၀၆၂၅ ဃ - ၇၆၁၆၅၅

ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀) သိန်းဆုများ

ဏ - ၁၄၇၄၄၄ ထ - ၃၄၅၀၉၈ ဒ - ၄၄၆၉၂၆ ဏ - ၆၇၃၅၅၆ ခ - ၈၅၂၅၆
၈၂ - ၁၉၃၇၅၅ ၈၂ - ၃၆၉၂၅၅ တ - ၄၅၀၃၂၉ ည - ၆၈၈၀၄၄ ဦ - ၈၅၈၅၃
ဏ - ၂၀၈၆၁၆ ဒ - ၃၄၉၂၁၅ စ - ၄၆၃၀၄၆ ဌ - ၇၁၀၆၆၆ ဆ - ၈၆၆၆၃
ဆ - ၂၃၈၅၂၂ ဆ - ၃၇၆၅၄၁ ခ - ၄၉၂၄၄၆ ဏ - ၇၇၉၆၁၃ ထ - ၉၂၂၂၂
ဋ - ၂၄၁၀၃၉ ဇ - ၄၁၅၉၆၅ ဃ - ၅၁၂၁၁၂ ဋ - ၇၈၃၀၅၉ ဇ - ၉၆၃၀၉
ဇ - ၃၃၀၆၉၇ ခ - ၄၄၄၀၀၉ ဃ - ၆၃၈၄၅၇ ထ - ၈၁၅၇၆၄ ၈၂ - ၉၉၃၃၃

ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၅) ယူနစ်

က - ၁၂၁၄၄ ဆ - ၄၄၂၈၅
၈၂ - ၁၂၈၄၅ ဂ - ၈၆၉၆၆
ခ - ၂၇၄၉၇

အကွက်ရာနှင့် ရှေ့ဂဏန်း (၅) လုံး
အစဉ်လိုက်တူ - ကျပ်(၃)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၁၀) ယူနစ်

င - ၁၀၁၈ ဒု - ၆၈၁၀
ဒ - ၂၉၃၆ ဋ - ၆၈၆၁
၈၂ - ၃၈၅၃ ဏ - ၇၂၅၄
က - ၆၀၄၂ ဒ - ၉၄၇၂
ဒ - ၆၇၄၁ ဒ - ၉၇၀၉

အကွက်ရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၁၂) ယူနစ်

ဇ - ၁၇၇ ဂ - ၅၄၅ ဋ - ၇၀၆
ဇ - ၂၀၉ ဏ - ၅၇၈ ဋ - ၇၁၇
ဏ - ၄၆၁ ဏ - ၆၉၃ ဋ - ၇၇၈
ဋ - ၄၈၈ က - ၆၉၅ ဂ - ၈၂၆

အကွက်ရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ (၉) ယူနစ်

ဃ - ၁၀ က - ၃၀ တ - ၆၅ ထ - ၇၆
ဒု - ၂၃ ဒု - ၄၈ ဏ - ၇၃ ငါ - ၈၁
ခ - ၉၀

အကွက်ရာနှင့် ရှေ့ဂဏန်း (၂) လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု (၁) ယူနစ်

၈၂ - ၄

အကွက်ရာနှင့် ရှေ့ဂဏန်း (၁) လုံး
အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ဘဏ္ဍာသိမ်းရငွေမှ ပြန်လည်ချီးမြှင့်သောဆုမဲများ

ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

ဏ - ၁၀၅၆၄၃ ငါ - ၉၄၄၇၆၆
ဒု - ၈၃၈၇၉ ဂ - ၉၄၆၆၅၂

ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၂) ယူနစ်

ဃ - ၃၀၃၃၄ ၈၂ - ၆၁၁၆

အကွက်ရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၂) ယူနစ်

က - ၁၆၂၀
ခ - ၃၂၉၉

အကွက်ရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၂) ယူနစ်

တ - ၂၄၂
စ - ၈၆၃

အကွက်ရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

၁။ ၂၀၂၆ ခုနှစ် စက်တင်ဘာလ (၁) ရက်နေ့တွင်ကျင်းပသည့် အကြိမ်(၉၀) မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ (၂၀၃၄၀၆) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်းကံထူးရှင် (၂၀၃၄၀၆) ဦးဖြစ်ပါသည်။

၂။ မရောင်းရထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး(ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုးဖွင့်လှစ်ပေးခဲ့ပါသည်။

၃။ ၂၀၂၆ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့တွင်ဖွင့်လှစ်မည့် (၉၁) ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့်အကွက်ရာများမှာ (က) အကွက်ရာမှ (န) အကွက်ရာထိ အကွက်ရာ (၂၀) လုံးဖြစ်ပါသည်။

၄။ အကြိမ်(၉၀)မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဆုမဲများအနက် ကျပ် (၁၀) သိန်းနှင့်အထက်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၂-၉-၂၀၂၆) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၁၁-၉-၂၀၂၆) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ။ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ။ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

အောင်ဘာလေသိန်းဆုထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

မြဝတီ

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

(၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပပြုလုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်ချီးမြှင့်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲတွင် အကောင်းဆုံးတံခွန်စိုက်ဒိုင်းဆုရရှိသည့် အမှတ်(၂)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲအား တံခွန်စိုက်ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် စက်တင်ဘာ ၁

မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ မတိမ်ကော၊ မပျောက်စေရန်နှင့် မျိုးချစ်စိတ်၊ ဇာတိသွေး၊ ဇာတိမာန်များ ရှင်သန်ထက်မြက်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ စစ်ကြောရေးနှင့်တည်ခိုရေးစခန်းရှိဆင်ဖြူရှင်ခန်းမ၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်၍ အကောင်းဆုံးတံခွန်စိုက်ဆုအားပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ★

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၁

အားကစားရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာလ၂ ရက် မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပပုံများကို ယင်းနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁နာရီ ၄၅ မိနစ် အချိန်မှစတင်၍ MRTV HD Channel၊ MRTV Sports Channelနှင့် MRTV Entertainment Channelတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည် ဖြစ်သည်။ **မြဝတီ**

ဆောင်းပါး

ဖြူစင်သောနှလုံးလှပိုင်ရှင်များ၏ အပြုံးများနှင့်အတူ . . . စာ - ၁၅ သို့

ရှေ့လျှောက် ရေခဲတောင်ပြိုကျမှုအန္တရာယ်များနဲ့ ရင်ဆိုင်ရမယ့် ဟိမဝန္တာဒေသ နိုင်ငံတကာသတင်း စာ - ၂၆ သို့

2027 AFC U 20 Asian Cup အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(K)ခြေစစ်ပွဲစဉ် MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၁

2027 AFC U 20 Asian Cup အမျိုးသားဘောလုံးပြိုင်ပွဲ၊ ခြေစစ်ပွဲစဉ်များ၏ အုပ်စု(K)ပွဲစဉ်များအား ဩဂုတ်လ ၃၁ ရက်မှ စက်တင်ဘာလ ၆ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိပြီး ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ စက်တင်ဘာလ ၃ ရက် ညနေ ၄ နာရီတွင် မြန်မာအမျိုးသားအသင်းနှင့်ဘရူနိုင်းအမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားကြပုံများကို ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှ စတင်ပြီး MRTV HD Channel MRTV Sports Channel နှင့် MRTV Entertainmate Channel တို့မှ တိုက်ရိုက် (Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။ **မြဝတီ**

AOSI SC BANGKOK 2026 ရေကူးပြိုင်ပွဲ၌ မြန်မာ AQUA KING ရေကူးအသင်း ရွှေတံဆိပ်ဆုအပါအဝင် ဆုတံဆိပ် ၅၈ ခုဆွတ်ခူး

ရန်ကုန် စက်တင်ဘာ ၁

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Assumption Aquatic Center ၌ ဩဂုတ်လ ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သည့် Asian Open Schools Invitational Swimming Championships (AOSI SC BANGKOK 2026) ရေကူးပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ AQUA KING Myanmar Swimming Club က ရွှေတံဆိပ် ၁၃ ခု၊ ငွေတံဆိပ် ၂၆ ခုနှင့် ကြေးတံဆိပ် ၁၉ ခု စုစုပေါင်း ဆုတံဆိပ် ၅၈ ခု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၂၉ ကော်လံ ၁ ▲



တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲများဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက်၉ နာရီမှ စတင်၍ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပသည်။



စာမျက်နှာ ၁၁ ကော်လံ ၅ ●

ပင်လောင်းမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၇၂ ဘီလီယံတန်ဖိုးနှင့် ကမာရွတ်မြို့နယ်တွင် ငွေကျပ်သိန်း ၁၀၀၀ တန်ဖိုးရှိစိတ်ကြွဆေးပြားများဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁

ပင်လောင်းမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၇၂ ဘီလီယံတန်ဖိုးနှင့် ကမာရွတ်မြို့နယ်တွင် ငွေကျပ်သိန်း ၁၀၀၀ တန်ဖိုးရှိစိတ်ကြွဆေးပြားများဖမ်းဆီးရမိပြီးဖမ်းဆီးရမိတရားခံများအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်းမြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ်လ ၂၄ရက်နံနက်၁၁ နာရီခွဲတွင်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ပင်လောင်းမြို့နယ်၊လိန်းလီရွာအနီးတွင် ပုသိမ်ကြီးမြို့နယ် ကျောက်မီးရွာနေ ဇော်ဇော်အောင်(၅၅)နှစ် မောင်းနှင်ပြီး မဟာအောင်မြေမြို့နယ်ဇော်မင်းရပ်ကွက်နေ ပိုင်သူကျော်(ခ)ပိုင်သူ(၃၁)နှစ် လိုက်ပါလာသော NISSAN DUMP အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွဆေးပြား ၃၄ ဒသမ ၄ သိန်း

စာမျက်နှာ ၂၉ ကော်လံ ၁ ➢